# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ် (၀၆၉)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်ဇေယျနှင့် ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးတင့်တို့ သြဝါဒလမ်းညွှန်မှုခံယူစဉ်။

သတင်းစဉ်

# ပြင်သစ်နိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးများအဖြစ်တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ သြဝါဒလမ်းညွှန်မှုခံယူ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးကျော်ဇေယျနှင့် ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးမျိုးတင့်တို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သမ္မတရုံးခန်း၌ လာရောက်တွေ့ဆုံပြီး နိုင်ငံတော်သမ္မတ၏ သြဝါဒနှင့် လမ်းညွှန်မှုခံယူခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ တိုကျိုမြို့တွင် ကျင်းပမည့် Universal Health Coverage (UHC) Forum 2017 သို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် မကြာမီကာလအတွင်း ဂျပန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

**သတင်းစဉ်**

**တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ**


ဆောင်းပါး၊ စာ ➤ ၆


# ဂျပန်နိုင်ငံက လှူဒါန်းသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးခေါင်းလောင်းပုံစံငယ် တစ်လုံးကို ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းလှူဒါန်းသည့် အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ဂျပန်နိုင်ငံ Trust Fund for Restoration and Maintenance of the Peace Bell က လှူဒါန်းသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးခေါင်းလောင်း ပုံစံငယ်တစ်လုံးကို ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းလှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်းသည် ဂျပန်နိုင်ငံသား Chiyoji Nakagawa က ငြိမ်းချမ်းရေးကို အမြဲအမှတ်ရနေစေရန် နိုင်ငံပေါင်း ၆၀ ကျော်မှ ဒင်္ဂါးများ၊ ကြေးတံဆိပ်များ၊ သတ္တုများကို စုဆောင်း၍ ငြိမ်းချမ်းရေးခေါင်းလောင်း စတင်သွန်းလုပ်ခဲ့ပြီး အဆိုပါခေါင်းလောင်းတွင် တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲပါစေဟူသော ခန်းဂျီးစာလုံးရှစ်လုံးကို ရေးထိုးထားကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျေးဇူးတင်စကားပြန်လည် ပြောကြား၍ ငြိမ်းချမ်းရေးခေါင်းလောင်းကို လွှဲပြောင်းလက်ခံရယူပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်သူ့လွှတ်တော်ရုံးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံက လှူဒါန်းသည့် ငြိမ်းချမ်းရေးခေါင်းလောင်းကို လွှဲပြောင်းလက်ခံရယူစဉ်။

သတင်းစဉ်




KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

# အပြု-အဖျက်သဘောထားတို့၏ ဦးတည်ချက်လားရာ

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေး၊ ဥပဒေနှင့် လုံခြုံရေးဆိုင်ရာဝန်ကြီး ဝီရန်တိုက အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းထားကြောင်း သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံ အစိုးရက နိုင်ငံတော်အစိုးရထံ ဤသို့သော ပူးပေါင်းဆောင်ရွက်ရေး ကမ်းလှမ်းချက်ပြုလုပ်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးမူဝါဒနှင့် လက်တွေ့ဆောင်ရွက်ချက်တို့ကို အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် အင်ဒိုနီးရှားနိုင်ငံ အစိုးရ၏ ဤကမ်းလှမ်းချက်သည် ဒေသအတွင်းသို့ ရောက်ရှိလာနိုင်သည့် အကြမ်းဖက်ဝါဒအန္တရာယ်ကို တပ်လှန့်နှိုးဆော်လိုက်ခြင်း ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေး၊ ဥပဒေနှင့် လုံခြုံရေးဆိုင်ရာဝန်ကြီး ဝီရန်တိုက အစွန်းရောက် အကြမ်းဖက်ဝါဒ၏ အန္တရာယ်သည် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ အပါအဝင် ကမ္ဘာ့နေရာအနှံ့ ရှိနေသည်ဟု ထုတ်ပြန်ခြင်းက ဤအချက်ကို အလေးအနက်ပြုနေပါသည်။

အကြမ်းဖက်သမားတို့၏ တိုက်ခိုက်လာနိုင်ခြေကို စူးစမ်းဖော်ထုတ်၍ ကြိုတင်ကာကွယ်ထားရန် အရေးကြီးသည်ဟူသော မစ္စတာ ဝီရန်တို၏ ပြောကြားချက်သည် မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အရေးကို သီးခြား ရည်ညွှန်းပြောဆိုခြင်းမဟုတ်သော်လည်း ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီအပါအဝင် ကမ္ဘာ့နိုင်ငံ အတော်များများက မေ့လျော့ထားသောအချက်တစ်ရပ်ကို မီးမောင်းထိုး ပြသလိုက်ခြင်းဖြစ်သည်ဟု ယူဆပါသည်။ **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့သည် လေထဲအငွေ့ပျံ ပျောက်ဆုံးသွားခြင်းမဟုတ်၍ နေရပ်စွန့်ခွာသွားသော ဘင်္ဂါလီတို့ကို ပြန်လည်စိစစ်လက်ခံခြင်းနှင့် ၎င်းတို့ အနက်မှ ဥပဒေနှင့် ညီညွတ်သူတို့ကို နိုင်ငံသားအခွင့်အရေးပေးအပ်ခြင်း လုပ်ငန်းစဉ်တို့၌ တစ်နည်းတစ်ဖုံ အန္တရာယ်ပြုနိုင်သည်မှာ အထင်အရှား ဖြစ်ပါသည်။ သို့သော် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အပေါ်ပြစ်တင်သည့် ဆုံးဖြတ်ချက် ချမှတ်ရာ၌ ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီက **ARSA** အစွန်းရောက်အကြမ်းဖက်သမားတို့၏ အန္တရာယ်ကို ထည့်သွင်း ရည်ညွှန်းရန် ပျက်ကွက်ခဲ့ခြင်းသည် အမုန်းတရား၏ စေ့ဆော်မှုကို လိုလိုလားလားထွေးပွေ့၍ အဂတိတရားလိုက်စားခဲ့ခြင်းသာ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို ကိုင်စွဲထားသော မူဝါဒသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အပါအဝင် ကမ္ဘာ့နိုင်ငံတို့က အတုယူလေ့လာသင့်သော မူဝါဒ ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတ ဂျိုကိုဝီဒိုဒိုက ရခိုင်ပြည်နယ်အရေး၏ ရှုပ်ထွေးမှုကို အသိအမှတ်ပြု နားလည်သည်နှင့်အတူ တစ်ပြိုင်တည်းမှာပင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို အလေးထားလျက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရန် ကတိပြုထားပါသည်။ နိုင်ငံတစ်နိုင်ငံချင်းစီလိုက် သီးခြားတည်ရှိသော ရှုပ်ထွေးမှုတို့ကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်းအပါအဝင် အဆိုပါနိုင်ငံ၏ အချုပ်အခြာအာဏာကို အလေးမထားခြင်းတို့ကို ပြုမူပါက ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီအပါအဝင် ထိုသို့ပြုမူသော ပုဂ္ဂိုလ်၊ နိုင်ငံ၊ အဖွဲ့အစည်းတို့သည် သက်ဆိုင်ရာ နိုင်ငံအပေါ် ဩဇာအာဏာပေး ဝင်ရောက်စွက်ဖက်ခြင်းသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် အချုပ်အခြာအာဏာကို ထိပါးဖောက်ဖျက်ခြင်းသာ ဖြစ်ပါသည်။ အပြုသဘောထားတို့က ပြဿနာ၏ အဖြေကို မီးမောင်းထိုး တင်ပြနိုင်သကဲ့သို့ အဖျက်သဘောထားသည် ပျက်စီးရာပျက်စီးကြောင်းသို့ တွန်းပို့တတ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၈-၁၂-၂၀၁၇ (သောကြာနေ့)

နံနက်ပိုင်း

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | **Breakfast News** |
| ၈း၃၅ | - | **မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ပေါ်ပေါက်လာပုံ** |
| ၈း၄၀ | - | **13th ASEM Foreign Ministers' Meeting** |
| ၁၀း၃၀ | - | **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့လုပ်ဆောင်ချက်များ (၈)** |
| ၁၁း၂၀ | - | **မျှော်လင့်ခြင်းနေ့သစ်များ** |
| ၁၁း၄၀ | - | **ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ကလေးများအားလုံးထိုးနှံပေး** |
| ၁၃း၀၀ | - | ဆေးရောင်စုံရုပ်ရှင် **သူတို့ခေတ်နှင့်သူတို့အရွယ်** (ဇာတ်သိမ်း) |

ညပိုင်း

| | | |
|---|---|---|
| ၁၆း၄၅ | - | **World Of Innovations** |
| ၁၇း၂၀ | - | **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့လုပ်ဆောင်ချက်များ (၉)** |
| ၁၉း၅၅ | - | YBS ဇာတ်လမ်း **"လူ"** မြင့်မြတ် (ဒါရိုက်တာ - ခတ်ပုံ ဉာဏ) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |

# ပရင့်မီဒီယာကို ထဲထဲဝင်ဝင်အသုံးပြုလာမှု ရရှိနိုင်စေရန် ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ နိုဗိုတယ် ဟိုတယ်၌ ဒီဇင်ဘာ ၇ ရက်က Myan-mar Print Media Advertising Opportunities amid Challenges ခေါင်းစဉ်ဖြင့် Print Media ကို ထဲထဲဝင်ဝင်အသုံးပြုလာမှုနှင့် အခက်အခဲများမှသည် အခွင့်အလမ်းများ ရရှိနိုင်စေရန် ဝိုင်းဝန်းဆွေးနွေးသည့် အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

"မီဒီယာလောကထဲမှာရှိတဲ့သူတွေရဲ့အမြင်နဲ့ Advisor အနေနဲ့ရှိနေသူတွေရဲ့ အမြင်တွေကို ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ထားတာလည်းရှိပါတယ်၊ အခက်အခဲတွေကြားထဲက အခွင့်အလမ်းတွေရှာနိုင်တဲ့ ပါတနာတွေဖြစ်အောင် ကြိုးစားကြည့်ရအောင်ဆိုပြီး ဒါကိုစီစဉ်တာပါ၊ ပရင့်မီဒီယာရဲ့ဈေးကွက်ဟာ များစွာပြောင်းလဲလာတဲ့အတွက် သူ့အခက်အခဲကိုယ်စီရှိလာကြတယ်၊ ကွန်ဆူးမားတွေရဲ့ အမြင်တွေလည်း ပြောင်းလဲလာတာကြောင့် အသေးစိတ်လေ့လာလို့ရအောင်နဲ့ အမြင်တွေဖလှယ်လို့ရအောင် အခုလိုပွဲကို ပေါင်းပြီးဆောင်ရွက်တာပါ" ဟု မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်ငြိမ်းက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ၂၀၁၇ ခုနှစ်၌ TVကြည့်ရှုသူ ၆၄ ရာခိုင်နှုန်း၊ Video/VC D/DVD ကြည့်ရှုသူ ၅၀ ရာခိုင်နှုန်း၊ Radio နားထောင်သူ ၃၄ ရာခိုင်နှုန်း၊ Internet ကြည့်ရှုသူ ၃၁ ရာခိုင်နှုန်း၊ သတင်းစာဖတ်သူ ၁၆ ရာခိုင်နှုန်း၊ ဂျာနယ်ဖတ်သူ ၁၈ ရာခိုင်နှုန်း၊ မဂ္ဂဇင်းဖတ်သူ လေးရာခိုင်နှုန်းနှင့် ရုပ်ရှင်ကြည့်ရှုသူ နှစ်ရာခိုင်နှုန်းရှိကြောင်း Associate Director, Media Operations ဖြစ်သူ Daw Sabei Aung က စစ်တမ်းကောက်ယူထားမှုကို ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မြန်မာပြည်တွင် သတင်းစာဖတ်ရှုရာ၌ ကြေးမုံသတင်းစာဖတ်ရှုမှု ၄၂ ရာခိုင်နှုန်းနှင့် မြန်မာ့အလင်း သတင်းစာဖတ်ရှုမှု ၃၈ ရာခိုင်နှုန်းဖြင့် အများဆုံးဖတ်ရှုကြပြီး ကျန်သောသတင်းစာ၊ ဂျာနယ်ဖတ်ရှုမှုကိုလည်း တင်ပြသွားသည်။ ထိုဆွေးနွေးပွဲသို့ မီဒီယာများ တက်ရောက်ကြပြီး Nielsen MMRD Print Media မှ စီစဉ်ဆောင်ရွက်ကာ တက်ရောက်လာကြသော မီဒီယာတို့ကလည်း အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

၁၆၄

# ကုသိုလ်ဖြစ် ကျောက်ကပ်သန့်စင်ဆေးစက်များ စတင်အသုံးပြုကုသပေး

**မြင်းခြံ ဒီဇင်ဘာ ၇**



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်းရှိ ဆန္ဒတော်ပြည့်အာယုပါလ ကျောက်ကပ်သန့်စင်ဆေးခန်းရှိ ကျောက်ကပ်သန့်စင်ဆေးစက်များ စတင်အသုံးပြု၍ ကျောက်ကပ်ဝေဒနာရှင်များအား ဒီဇင်ဘာ ၅ ရက်မှစတင်၍ ကုသပေးလျက်ရှိကြောင်း သိရသည်။

ဆန္ဒတော်ပြည့်အာယုပါလ ကျောက်ကပ်ဆေးခန်းကို ရွှေစင်တိပိဋက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာနှင့် မြင်းခြံမြို့မှ စေတနာရှင်များက လှူဒါန်းဆောက်လုပ်ခဲ့ပြီး ကျောက်ကပ်သန့်စင်စက်များကို Myanmar Kidney Foundation မှ စက်ခြောက်လုံးနှင့် အသုံးပြုသူများ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်စေရန်အတွက် သင်တန်းများပို့ချခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ကျောက်ကပ်ဆေးခန်းသို့ ပထမဆုံးနေ့တွင် လူနာငါးဦးကို လက်ခံ ကုသပေးခဲ့ပြီး ရက်သတ္တတစ်ပတ်လျှင် ခြောက်ရက်ဖွင့်ပြီး တနင်္ဂနွေတစ်ရက် သာပိတ်၍ပိတ်သည့်နေ့တွင် ကျောက်ကပ်သန့်စင်စက်များ ပြန်လည်စစ်ဆေးခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Myanmar Kidney Foundation မှ ဥက္ကဋ္ဌ ဒေါက်တာလှအောင် (ကျောက်ကပ်အထူးကုသမားတော်ကြီး)ကလည်း မိမိတို့အဖွဲ့သည် စင်ကာပူ၊ ဘရူနိုင်းနိုင်ငံများမှ ကျွမ်းကျင်ဆရာဝန်၊ သူနာပြုများဖြင့် ဖွဲ့စည်းထားပြီး ယခုလို ကုသိုလ်ဖြစ်ဆေးခန်းများအတွက် စက်များလှူဒါန်းပေးခြင်း၊ သင်တန်းများ ပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြင်းခြံမြို့တွင် ယခုဖွင့်လှစ်သည့်ဆန္ဒတော်ပြည့်အာယုပါလ ဆေးခန်းအပါအဝင် ငါးခုမြောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် ( မြင်းခြံ)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်

**စလင်း ဒီဇင်ဘာ ၇** - မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၄ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအပတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲကို ပြုလုပ်ခဲ့သည်။ ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကံဦးက နိုင်ငံတော်က မီးသတ်ဌာနကို ခေတ်မီအောင် ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ မီးသတ်ဦးစီးမှူး ဦးဌေးမော်က အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ရခြင်း၏ရည်ရွယ်ချက်များကိုပြောကြားပြီး သင်တန်းကာလမှ ရက်သတ္တလေးပတ်ဖြစ်ကာ ရပ်ကွက်အသီးသီးမှ အရန်မီးသတ်သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၇ -၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ ・ ၂ |
| ထိုင်း | တစ်ဘတ် | ၄၁ ・ ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ・ ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ ・ ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူနေသည့် စစ်သည်တစ်ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံအားပေးစဉ်။ သတင်းစဉ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံတွင် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တွေ့ဆုံအားပေး

**နေပြည်တော် ဒီဇင်ဘာ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရှေ့တန်းစစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ တစ်ဦးချင်း ထိခိုက်ဒဏ်ရာရရှိခဲ့မှု၊ ဆေးဝါးကုသမှုနှင့် ကျန်းမာရေး တိုးတက်မှုအခြေအနေကို မေးမြန်း၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၂/ ၂၀၁၇
၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ဌေးမြင့်အေး ကို မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင် ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ မူဝါဒရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာ-ထိုင်း နှစ်နိုင်ငံ မြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေး တာချီလိတ်၌ ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၇**

(၉၁)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မြို့နယ်အဆင့် နယ်ခြားကော်မတီ (တာချီလိတ်-မယ်ဆိုင်) ပုံမှန်အစည်းအဝေးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဇန်းမွန်အာခါဟိုတယ်၌ ယနေ့ နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီဥက္ကဋ္ဌများက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ မြို့နယ်အဆင့်နယ်ခြားကော်မတီဝင်များက နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်ရေး၊ လုံခြုံရေး၊ ရာဇဝတ်မှုကင်းရှင်းရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ အကျိုးစီးပွားနှင့် နယ်စပ်ဒေသတွင် နေထိုင်ကြသည့် ပြည်သူများ၏ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး၊ အများပြည်သူဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ အကြမ်းဖက်မှုနှင့် လက်နက်မှောင်ခို၊ ပြည်ပလုပ်သားရေးရာ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆွေးနွေးခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**



ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့် ဦးဆောင်ပြီး ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ချစ်ကိုကို၊ စခန်းမှူး ဒုရဲမှူး အောင်ဝင်းစိန်တို့ ပူးပေါင်းအဖွဲ့ ဒီဇင်ဘာ ၃ ရက်က ဘီးလင်းမြို့ ရွှေလှေကျေးရွာအထကကျောင်း၌ မူခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် သွားရောက်ပြသခဲ့ပြီး ကျေးရွာနေပြည်သူများအား မှုခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။ မြို့နယ် (ပြန်/ဆက်)

# အမေရိကန်-အာဆီယံ ကုန်သည်များအသင်းမှ လာရောက်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

အမေရိကန်အစိုးရနှင့် ငွေရေး ကြေးရေး အဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးလာစေရန် အကူအညီပေးနိုင်ရေး ကိစ္စရပ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အမေရိကန်-အာဆီယံ ကုန်သည်များအသင်းမှ Mr. Alexander C. Feldman ၊ President & CEO ဦးဆောင်သည့် အဖွဲ့သည် ယနေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အမေရိကန်နှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေး ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သတင်းအချက်အလက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ်များနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးကိစ္စရပ်များ၊ အာမခံလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ပနိုင်ငံများသို့ ငွေပေးချေမှုကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၌ အီလက်ထရွန်နစ်ငွေကြေးနှင့် ငွေပေးချေမှုစနစ် တိုးတက်လာရေး ကိစ္စရပ်များ၊ မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍတွင် ခေတ်ပေါ်ငွေကြေးဆိုင်ရာ အဆင့်မြင့်နည်းပညာ (Fin Tech) အသုံးပြုနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍနှင့် အရင်းအနှီးဈေးကွက်တို့၌ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်မှုအခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သည်၊ စက်မှု အသင်းချုပ်နှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

ကုန်သည်၊ စက်မှုအသင်းချုပ် ဦးဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဝင် အမေရိကန်လုပ်ငန်းရှင်များ ယမန်နေ့ ညနေပိုင်းက ကုန်သည်၊ စက်မှု အသင်းချုပ်၌ တွေ့ဆုံသည်။




တွေ့ဆုံရာတွင် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အမေရိကန်လုပ်ငန်းကုမ္ပဏီများ ပါဝင်ကူညီနိုင်ရေးကို အဓိကထား ဆွေးနွေးကြသည်။

အမေရိကန်ကုမ္ပဏီများ ဖြစ်ကြသော Ford, Microsoft, Coca Cola, Visa, Master Card, Abbot, General Electrics, General Motors အပါအဝင် လုပ်ငန်းကုမ္ပဏီပေါင်း ၁၄ ခုမှ တာဝန်ရှိသူများက မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတွင် ၎င်းတို့ ကူညီထောက်ပံ့နိုင်မည့် နည်းလမ်းများနှင့် လက်ရှိ ဆောင်ရွက်နေသည့် လူမှုအထောက်အကူပြုလုပ်ငန်းများ၊ နှစ်ဖက်စီးပွားရေး ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် နှစ်ဖက်လုပ်ငန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများအား ပူးပေါင်းဖြေရှင်းနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုနှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၄၃ လက်မဖြစ်သည်။ **မိုး/ဇလ**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို သိပ္ပံပွဲခင်း ၂၀၁၇ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို သိပ္ပံပွဲခင်း ၂၀၁၇ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ RC ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း ၂၀၁၇ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ **(ယာပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ်သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် University College နှင့် Judson College တို့ဖြင့် စတင်ဖြစ်တည်လာခဲ့ကြောင်း၊ ယခုဆိုလျှင် ၉၇ နှစ်တိုင် ပြည့်မြောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၁၀၀ ပြည့်မည် ဖြစ်ကြောင်း။

**အမွေအနှစ်များ ဆက်လက်ထိန်းသိမ်း**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် လုံးဝမူတည်နေသည့် အပြင် ပညာရေးသည် နိုင်ငံနှင့် လူမျိုး၏ အခြေခံအုတ်မြစ်အဖြစ် ယုံကြည်ခံယူသည့်အတွက် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များအား အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် လေ့ကျင့်မွေးထုတ်ပေးနေသည့် သမိုင်းအစဉ်အလာကြီးမားသည့် ရန်ကုန်တက္ကသိုလ်ကြီးကို ဂုဏ်ဆောင်တက္ကသိုလ် (Flagship University)နှင့် နိုင်ငံတကာ အသိအမှတ်ပြုတက္ကသိုလ် (Internationally Recognized University) တစ်ခုအဖြစ် ရပ်တည်နိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်(ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်း၍ ပညာရပ် ဝန်းကျင်ကောင်းများ ပြည့်စုံကောင်းမွန်ရေး၊ ပညာရည်မြင့်မားရေး၊ ရန်ကုန်တက္ကသိုလ်၏ အစဉ်အလာ အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းပြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ရေရှည်တည်မြဲဖွံ့ဖြိုးစေရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်အဖြစ် ရန်ကုန်တက္ကသိုလ်အနေဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အသိပညာပေးသည့် သိပ္ပံပွဲခင်း ၂၀၁၇ ကို စတုတ္ထအကြိမ် ကျင်းပနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ယခုကျင်းပသည့် သိပ္ပံပြပွဲသည် နိုင်ငံတော်၏ ပညာရည်တိုးတက်ရေး ဆောင်ရွက်မှု လုပ်ငန်းစဉ်ကြီးကို အခန်းကဏ္ဍတစ်ရပ်အဖြစ် အထောက်အပံ့ ပေးနိုင်မည်ဖြစ်သည့်အတွက် ကျေနပ်မိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို နိုင်ငံတကာက အသိအမှတ်ပြုသည် အထိ တိုးတက်မြင့်မားလာစေရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သိပ္ပံပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

**သုံးရက်ကြာ ကျင်းပမည်**

သိပ္ပံပွဲခင်းတွင် ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဌာနအသီးသီးမှ သုတေသနပြခန်းများ၊ ဒဂုံတက္ကသိုလ်၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုဦးစီးဌာန အပါအဝင် နည်းပညာကုမ္ပဏီများမှ သုတေသန စက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပြသသော ပြခန်းများ စုစုပေါင်းပြခန်း ၄၈ ခန်းနှင့် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ၏ Science Project ၃၇ ခန်းကိုလည်း ပါဝင်ပြသထားပြီး ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ နံနက် ၉ နာရီတွင် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် ဒုတိယသံအမတ်ကြီးနှင့် ကုမ္ပဏီများဖြစ်သည့် Abbott၊ AIG၊ Baker Mckemzie၊ Chevron၊ Coca Cola၊ ExxonMobil၊ Ford၊ GE၊ GM၊ Jhpiego၊ Kimberly-Clark၊ Master Card၊ Microsoft၊ Tun Group Asia၊ Visa တို့မှ ကိုယ်စားလှယ်များအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စွမ်းအင်၊ ပို့ဆောင်ရေး၊ နည်းပညာအခြေခံ အဆောက်အအုံဆိုင်ရာ ကဏ္ဍများတွင် အမေရိကန်ကုမ္ပဏီများမှ ပါဝင်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး၊ မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

(၆)ကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ၏ အဓိက Theme မှာ "Myanmar's Media Development : Strategies & way forward "ဟူ၍ ဖြစ်သည်။

**အမှာစကားပြောကြား**

အဆိုပါ ညီလာခံတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ယူနက်စကိုမှ Head of Office Ms. Min Jeong Kim၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောနှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ တွဲဖက်ပါမောက္ခတို့က အမှာစကားများ ပြောကြားကြသည်။

**ပါဝင်ဆွေးနွေး**

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မီဒီယာဆိုင်ရာဗဟုဝါဒ(Pluralism)နှင့် ရေရှည်တည်တံ့ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် MJA နာယက ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး တနင်္သာရီဂျာနယ်နှင့် Dawei Watch တည်ထောင်သူ ဒေါ်အေးအေးဇင်၊ The Voice အယ်ဒီတာချုပ် ဦးကျော်မင်းဆွေ၊ Myanmar Internews မှ Country Director မိုက်ကယ်ပန်တို့က ပါဝင်ဆွေးနွေးကြသည်။

ကျင့်ဝတ်စောင့်ထိန်းလိုက်နာပြီး ပရော်ဖက်ရှင်နယ်ပီသမှုကို ထိန်းသိမ်းခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် MJI Training Director ဦးစိန်ဝင်းက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး မြစ်မခမီဒီယာ စီအီးအို မေသကြိန်ဟိန်၊ မော်ကွန်းမဂ္ဂဇင်းအယ်ဒီတာချုပ် ဦးဇေယျာလှိုင်၊Indonesia Press Council မှ Mr.Bangbang Harymurti တို့က ပါဝင်ဆွေးနွေးကြသည်။

သတင်းအချက်အလက်ရရှိရေးနှင့် သတင်းအချက်အလက် ရောက်ရှိရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် Mizzima Media Group ဒါရိုက်တာ ဒေါ်သင်းသင်းအောင်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပြည်ကြီးခင် အမှုဆောင် ဒါရိုက်တာ ဒေါ်နွယ်ဇင်ဝင်း၊ ရောဝတီသတင်းထောက် LawiWeng နှင့် Centre for Law and Democracy အမှုဆောင်ဒါရိုက်တာ Toby Mendel တို့က ပါဝင်ဆွေးနွေးကြသည်။

သတင်းသမားများ ဘေးကင်းလုံခြုံရေးနှင့် ပြစ်ဒဏ်ကင်းလွတ်မှုရရှိရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဦးမြင့်ကျော်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး DVB TV News မှ Broadcast Journalist ဦးအောင်ကိုကို (ခ)ကိုအောင်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင် နှင့် IMS မှ Regional Advisor Asia Dr. Ranga Kalansooriya တို့က ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မီဒီယာနှင့် ဆက်နွှယ်သော ဥပဒေများ၊ ဒီဂျစ်တယ်ဆိုင်ရာ အခွင့်အရေးနှင့် အွန်လိုင်းဥပဒေရေးရာ အုပ်ချုပ်ရေးစနစ်ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် Democratic Voice of Burma မှ Bureau Chief မှ ဦးတိုးဇော်လတ်က ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး Freedom Expression Myanmar မှ ပရိုဂရမ် မန်နေဂျာ ဒေါ်ယဉ်ရတနာသိန်း၊ MLN အတွင်းရေးမှူး ဦးသန်းဇော်အောင်နှင့် DWAkademie မှ ပရောဂျက်မန်နေဂျာ Thomas Baerthlein နှင့် Internews မှ မီဒီယာအကြံပေး ဦးမျိုးသာထက်တို့က ပါဝင်ဆွေးနွေးကြသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် တိုင်းရင်းသားမီဒီယာ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် Peace Commission မှ Facilitator ဦးကျော်လင်းဦးက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး မားနဂါးသတင်းဂျာနယ် အယ်ဒီတာချုပ် ဦးမိုင်းနိုင်နိုင်ဦး၊ ကရင်သတင်းဌာန အယ်ဒီတာချုပ် ဒေါ်နန်းဖော၀ေး၊ Root Investigate Agency တည်ထောင်သူ ကိုနေမင်းအောင်နှင့် သံလွင်တိုင်းမ်စ်မှ ဦးကိုကိုဇော်တို့က ပါဝင်ဆွေးနွေးကြသည်။

သတင်းအတုပြဿနာ၊ ဆိုရှယ်မီဒီယာနှင့် အချက်အလက်များ စစ်ဆေးခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး MIDO မှ အမှုဆောင်အရာရှိ ဒေါ်ထိုက်ထိုက်အောင်၊ ကမာရွတ်မီဒီယာ အယ်ဒီတာ ဦးဟန်သာငြိမ်းနှင့် Article 19 မှ Senior Legal Officer Pierre Francois နှင့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံရှိ စာနယ်ဇင်းကောင်စီ၏ အမှုဆောင်ဒါရိုက်တာ Ms.Ljiljana Zurovac တို့က ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ ခေါင်းစဉ်များဖြင့် ဆွေးနွေးမှုများအပြီးတွင် ညီလာခံသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ပြန်လည်ဆွေးနွေးကြသည်။

**ပူးပေါင်းကျင်းပ**

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ၂၀၁၂ ခုနှစ်မှ စတင်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကိုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များက ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။ ယခုနှစ် ဆဋ္ဌမအကြိမ်မြောက်တွင် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး၊ မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ်များ ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၈ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

**သတင်းစဉ်**



# ဘိန်းအစားထိုး ကော်ဖီစိုက်တောင်သူများနှင့် ပြင်သစ်နိုင်ငံမှ Malongo ကော်ဖီ ကုမ္ပဏီတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၇

**ဘိန်းအစားထိုး ကော်ဖီစိုက်တောင်သူများနှင့် ပြင်သစ်နိုင်ငံမှ Malongo ကော်ဖီကုမ္ပဏီတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီ တွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။**

အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ UNODC မှ ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအရာရှိများ၊ ဘိန်းအစားထိုး Green Gold ကော်ဖီစိုက်တောင်သူများ၊ သမဝါယမအသင်းနှင့် ပြင်သစ်နိုင်ငံမှ Malongo ကော်ဖီကုမ္ပဏီတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ယနေ့ ကမ္ဘာတွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ သုံးစွဲမှုစသည့် စိန်ခေါ်မှုများသည် အချိန်တိုင်းတွင် ပြောင်းလဲဖြစ်ပေါ်နေလျက် ရှိကြောင်း၊ စိန်ခေါ်မှုများကို ထိရောက်မှန်ကန်စွာ ရေရှည်ဖြေရှင်းနိုင်ရန် တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ တုံ့ပြန်ရမည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားသည် ချမှတ်ခဲ့သည့် မူးယစ်ဆေးဝါးမူဝါဒ၏ အဓိကရည်မှန်းချက်တစ်ခုဖြစ်သည့် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေးမူဝါဒကို ဖော်ဆောင်ရေးတွင် ကောင်းမွန်သည့် ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ ကော်ဖီစိုက်ပျိုးရေး ဆက်လက်အောင်မြင်ဖြစ်ထွန်းလာပါက တောင်သူများအတွက် အကျိုးစီးပွားတိုးတက်ကောင်းမွန်စေမည့် ဘိန်းအစားထိုး လူမှုဘဝမြှင့်တင်ရေး နည်းလမ်းကောင်းတစ်ခု ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း။

ဘိန်းစိုက်ပျိုးမှုကို မှီခိုခြင်းမရှိစေခြင်းဖြင့် ဘိန်းစိုက်တောင်သူများသည် ဘိန်း၊ ဘိန်းဖြူ စသည့်ပြဿနာများကို ၎င်းတို့လူ့အဖွဲ့အစည်းအတွင်း လျှော့ချလာနိုင်မည်ဖြစ်သကဲ့သို့ ဘိန်းစိုက်ပျိုးမှုကြောင့် ဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အစားထိုးဖွံ့ဖြိုးရေးအစီအစဉ်များသည် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများရုံမျှမက ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးကိုပါ အကျိုးကျေးဇူး ရရှိစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ရေ့ဆက်အတူတကွ လုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် ယခုကဲ့သို့သော အရေးကြီးသည့် လုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UNODC အရှေ့တောင်အာရှ ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် Mr. Jeremy Douglas၊ ပြင်သစ်နိုင်ငံ Malongo ကော်ဖီ ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Jean-Pierre Blanc နှင့် Green Gold ကော်ဖီစိုက်တောင်သူ သမဝါယမအသင်းဥက္ကဋ္ဌ ဦးလှစိုးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် UNODC အရှေ့တောင်အာရှပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် Mr. Jeremy Douglas တို့ရှေ့မှောက်၌ Green Gold ကော်ဖီစိုက်တောင်သူ သမဝါယမအသင်းနှင့် Malongo ကော်ဖီကုမ္ပဏီတို့အကြား သဘောတူစာချုပ်ကို Malongo ကော်ဖီကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Green Gold ကော်ဖီစိုက်တောင်သူ သမဝါယမအသင်းဥက္ကဋ္ဌ တို့က လက်မှတ်ရေးထိုးကြပြီး(**အပေါ်ပုံ**) အပြန်အလှန် လဲလှယ်ကြသည်။

**သတင်းစဉ်**




# မဟာမဲခေါင်ဒေသတွင်း မိတ်ဖက်နိုင်ငံများ၏ ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းဝေးရေးဆိုင်ရာ ကြေညာစာတမ်းအတွက် အဆင့်မြင့် အရာရှိကြီးများ စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၇**

မဟာမဲခေါင်ဒေသတွင်း မိတ်ဖက်နိုင်ငံများ၏ ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းဝေးရေးဆိုင်ရာ ကြေညာစာတမ်းအတွက် ပြင်ဆင်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပမည့် ဒေသတွင်း အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော Call for Action for Malaria Elimination in GMS အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။ အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ (**ယာပုံ**)




မဟာမဲခေါင်ဒေသတွင်း ၂၀၁၅-၂၀၃၀ တွင် ငှက်ဖျားရောဂါကင်းဝေးရေးအတွက် အတူလက်တွဲ၍ လုပ်ကိုင်ကြရေး အခွင့်အရေး ရရှိရန်နှင့် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများသည် ငှက်ဖျားရောဂါ နှိမ်နင်းရေးတွင် အောင်မြင်မှု အထိုက်အလျောက် ရရှိပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ငှက်ဖျားရောဂါဖြစ်ပွားမှုကို ၇၇ ရာခိုင်နှုန်းနှင့် သေဆုံးမှုကို ၉၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း ငှက်ဖျားဆေးယဉ်ပါးမှုကို ထိန်းချုပ်ရန် လိုအပ်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ ကင်းဝေးပပျောက်ရေးအတွက် ငှက်ဖျားရောဂါကုသရာတွင် ငှက်ဖျားဆေးပေါင်း (ACT) ကို အသုံးပြုနေပါကြောင်း။

အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများတွင် ငှက်ဖျားရောဂါ ကင်းဝေးမှသာ မဟာမဲခေါင်ဒေသအတွင်း ငှက်ဖျားရောဂါကင်းဝေးရေး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံဖြတ်ကျော်ရွှေ့ပြောင်းလုပ်သားများကြောင့် ငှက်ဖျားရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် အခက်အခဲများရှိနေပါကြောင်း၊ သို့ဖြစ်ပါ၍ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများသည် ငှက်ဖျားရောဂါကင်းဝေးရေး ရည်မှန်းချက်ကို ပြည့်မီရန် အတူတကွ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် ဒေသတွင်း ဆေးယဉ်ပါးငှက်ဖျား ထိန်းချုပ်နိုင်ရေး၊ ဆေးယဉ်ပါးငှက်ဖျားကင်းဝေးရေး ဆောင်ရွက်နိုင်ရေး၊ မူဝါဒများချမှတ်နိုင်ရေးနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်လုပ်ကိုင်ရေးတို့ကို အဓိကထား ဆွေးနွေးကြကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကင်းဝေးရေး အသိအမှတ်ပြုလက်မှတ် ရရှိနိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုကိစ္စနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသတိုင်းရင်းသားလေ့လာရေးအဖွဲ့များ နေပြည်တော်အတွင်း ဆက်လက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်သို့ ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလူငယ်များသည် လေ့လာရေးအစီအစဉ် ဒုတိယနေ့အဖြစ် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ဗိမာန်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် တပ်မတော်စစ်သမိုင်း ပြတိုက်အတွင်းလေ့လာရာ တာဝန်ရှိသူများက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်သမိုင်းကို Video Projector ဖြင့် ပြသပေးခဲ့ပြီး ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော် စစ်ဆင်ရေးမှတ်တမ်းဓာတ်ပုံများ၊ ဗမာ့ကာကွယ်ရေးတပ်မတော်သုံး ပစ္စည်းများနှင့် လက်နက်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းများသို့ ကြည့်ရှုလေ့လာခဲ့ကာ(**အောက်ပုံ**) ညနေပိုင်းတွင် မဟာသကျရံသီဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။



တိုင်းရင်းသားလေ့လာရေးအဖွဲ့များသည် တတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)ရှိ သတင်းရိုက်ကူးခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းတင်ဆက်ခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်းနှင့် တိုင်းရင်းသားရုပ်သံလိုင်း (NRC) ထုတ်လွှင့်မှု၊ ရေဒီယိုထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များက ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ထို့အပြင် နယ်စပ်ဒေသ တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် နေ့လည်ပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာ ပြခန်းနှင့် ဆာဖာရီဥယျာဉ်များသို့ သွားရောက် လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ ၂၀၁၇ ခုနှစ် ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ သစ်တောသင်တန်းကျောင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ထူးချွန်ကြက်ခြေနီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွက် ရွေးချယ်ခံရသည့် ထူးချွန်ကြက်ခြေနီများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

● ***ကျောဖုံးမှ***

Thanh Nien သတင်းစာ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ဗီယက်နမ် ယူ-၂၁ အသင်း၊ ယူ-၁၉ အသင်း၊ မြန်မာ ယူ-၂၁ အသင်း၊ ထိုင်း ယူ-၂၁ အသင်းနှင့် ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဗီယက်နမ် ယူ-၁၉ အသင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ထိုင်း ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ဗီယက်နမ် ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ယိုကိုဟားမားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ

ဒေါက်တာ ခင်မောင်လွင်

ယနေ့ကမ္ဘာကြီးတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိရာ တွဲဖက်ဆက်စပ်လျက် ရေဖူလုံရေးနှင့် စွမ်းအင်ဖူလုံရေးတို့၏ အခန်းကဏ္ဍကိုအလေးထား စဉ်းစား ဆောင်ရွက်လာကြရပါသည်။ Food Security ခေါ် စားနပ် ရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်နေသည့် အဖွဲ့များ၊ ပညာရှင် များရှိသကဲ့သို့ Water Security ခေါ် ရေဖူလုံရေးအတွက် စဉ်းစားပေးရင်း ခေါင်းမီးတောက်နေရသည့် အခြေအနေတွင် ရှိပါသည်။ စားနပ်ရိက္ခာအတွက် ရေမပါလျှင်မပြီးသလို စွမ်းအင်ဖူလုံရေး(Energy Security) အတွက်လည်းရေသည် မရှိမဖြစ် ရေသာဖြစ်ပါသည်။ သို့ဖြစ်၍ ထိုသုံးခုသောဖူလုံမှု အတွက် Nexus ခေါ် ဆက်စပ်ပေးသောအလုပ်တွင် ရေသည် အဓိကကျ၍ နေပါသည်။

လူသားတို့၏သမိုင်းစဉ်တစ်လျှောက် ရေကိုအေးမြခြင်း၊ သန့်စင်ခြင်း၊ အသက်ဆက်ပေးနိုင်ခြင်းတို့ကြောင့် လိုလား တောင့်တကြသည့်အပြင် အလှူအတန်းရက်ရောသော မြန်မာနိုင်ငံတွင် ရေအလှူပေးခြင်းကို အိမ်တိုင်းရွာတိုင်း ရိုးရာအစဉ်အလာမပျက် ပြုလုပ်ခဲ့ကြသောသမိုင်းစဉ် ရှိပါသည်။ ရွာဦး ထိပ်ကရေချမ်းစင်၊ အိမ်ရှေ့ကရေချမ်းစင်များဖြင့် လှူဒါန်း ကြရုံမက ခရီးသွားများအတွက် ရေအိုးကလေးများ ရွက်ကာ လာရင်း "ရေကုသိုလ်"ဟူ၍ဆိုကာ ကုသိုလ်ရှာကြသူများစွာ ရှိခဲ့ကြပါသည်။

ထို့ကြောင့်လည်း ရေကိုလှူဒါန်းသူများ၊ နိုင်ငံသားတို့ အတွက် ရေကိုရှာဖွေပေးကြသော ရေသမားများက တခုတ် တရထားသောဆောင်ပုဒ်မှာ

"သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊
စင်ကြယ်သန့်ရှင်း၊ ကျော်သတင်း၊ ဆာခြင်းမရှိပါ၊
လျှင်မြန်ပေ့ါပါး၊ ခြွေရံများ၊ ဆယ်ပါးအကျိုးပါ" ဟူ၍ ဖြစ်ပါသည်။

ရေအကျိုး ဆယ်ပါး၊ ဆုမတောင်းဘဲနှင့် ပြည့်ပါသည် ဟူ၍လည်း ခိုင်မြဲစွာယုံကြည်ကြပါသည်။

ယခုလည်း ဆုမတောင်းဘဲနှင့် ပြည့်လာမည့် နိုင်ငံတကာ အခွင့်အရေးတစ်ခုသည် မြန်မာနိုင်ငံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိ၍ လာလေပြီ။ ထိုအခွင့်အရေးကား "တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ" ကြီးကို အိမ်ရှင်အဖြစ် ကျင်းပ နိုင်မည့် အခွင့်ထူးကြီးပင်။ လာမည့် ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်နေ့တို့တွင် ရန်ကုန်မြို့၌ "Asia- Pacific Water Summit" ခေါ် အာရှ-ပစိဖိတ် ရေညီလာခံကြီးကို ကျင်းပ တော့မည် ဖြစ်ပါသည်။ ဤညီလာခံမှာ သာမန်မျှမဟုတ်ဘဲ ထိပ်သီးညီလာခံ (Summit) ဖြစ်သဖြင့် နိုင်ငံခေါင်းဆောင် များစွာလာရောက်စုစည်းပြီး အများသဘောတူ "ရန်ကုန် ကြေညာချက်" (Yangon Declaration) တစ်ခုကို အတည် ပြု ကြေညာကြမည် ဖြစ်ပါသည်။

ထိုကြေညာချက်ကို သယ်ဆောင်၍ လာမည့် ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့ ကျင်းပ မည့် ဘရာဇီးနိုင်ငံတွင် အာရှ-ပစိဖိတ်ဒေသကြီးကိုကိုယ်စား ပြုသည့် ဆုံးဖြတ်ချက်အဖြစ် တင်သွင်းသွားကြမည်လည်း ဖြစ် ပါသည်။ ဤထိပ်သီးညီလာခံဖြစ်ပေါ်လာရေးအတွက် ၂၀၁၇ ခုနှစ်မတ်လ ၁၃ ရက်နေ့ကတည်းကစတင်၍ ညှိနှိုင်းဆောင်ရွက် ခဲ့ကြရသည်ဖြစ်ရာအချိန်ကိုးလအတွင်း အကြိမ်ကြိမ်ညှိနှိုင်း ပြီးစီစစ်ဆောင်ရွက်ရင်း ယနေ့အခြေအနေသို့ ရောက်လာခဲ့ပြီ ဖြစ်ပါသည်။



ဓာတ်ပုံ-မေမိုးသဲ

ယခုနှစ်မြန်မာနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ရေနေ့ အခမ်း အနားတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ (National Water Resources Committee) ဥက္ကဋ္ဌ ဖြစ်သူ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူတက်ရောက်အဖွင့် အမှာစကားပြောကြားပြီးနောက် ဂျပန်ပြည်မှ ရေဖိုရမ် (Japan Water Forum)၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Dr.Kotaro Takemura က ဂျပန်နှင့် မြန်မာတို့၏ တူညီ သော ရေအတွေ့အကြုံများအပေါ် အခြေခံရင်း မြန်မာနိုင်ငံတွင် တတိယအကြိမ်ရေညီလာခံတစ်ခုပြုလုပ်ရန် တိုက်တွန်းကူညီခဲ့ ပါသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှ ၁၂ ရက်အထိ ပြုလုပ် မည့် ထိပ်သီးညီလာခံသည် တတိယအကြိမ်ဖြစ်ပြီးအာရှနိုင်ငံ များနှင့် ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများအားလုံးကို ကိုယ်စား ပြုမည် ဖြစ်ပါသည်။

ဤဒေသကြီးအတွင်းရှိ နိုင်ငံခေါင်းဆောင်များ၏ ပထမအကြိမ် ထိပ်သီးညီလာခံကို ၂၀၀၇ ခုနှစ်တွင် ဂျပန်ပြည်၌ ကျင်းပခဲ့စဉ်က တက်ရောက်သူစုစုပေါင်း ၃၃၁ ဦးရှိခဲ့ပါသည်။ နိုင်ငံတော်အဆင့် ခေါင်းဆောင် ၁၀ ဦး၊ ဝန်ကြီး အဆင့် ၃၁ ဦးအပါအဝင် ရေပညာရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပါသည်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပြုလုပ် သော ဒုတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံတွင်မူ နိုင်ငံ တော်အဆင့်ခေါင်းဆောင် ၁၈ ဦး၊ ဝန်ကြီးအဆင့် ၁၆ ဦးအပါ အဝင် တက်ရောက်သူပေါင်း ၃၀၀ ကျော် ရှိခဲ့ပါသည်။ ယခု တတိယအကြိမ် ရေညီလာခံတွင်လည်း အကြမ်းအားဖြင့် နိုင်ငံခေါင်းဆောင်အဆင့်နှင့် ဝန်ကြီးအဆင့်များ တက်ရောက် ကြမည်ဟု ခန့်မှန်းထားပါသည်။ နိုင်ငံပေါင်း ၄၈ နိုင်ငံသို့ ဖိတ်ကြားစာများ ပေးပို့ထားပြီးဖြစ်ပါသည်။

လာမည့်ရေညီလာခံကြီးတွင် အဓိကထားဆွေးနွေးမည့် အကြောင်းအရာ (Theme) အဖြစ် "ရေရှည်တည်တံ့ခိုင်မြဲ သောဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့်ရေဖူလုံမှု" "Water Security for Sustainable Development" ကို ရွေးချယ်ထားပါသည်။ အာရှ-ပစိဖိတ်ဒေသကြီးအတွင်း ရေဖူလုံမှုအတွက် ဆောင်ရွက်ရင်း ဖွံ့ဖြိုးတိုးတက်မှုများအား လုံးတွင် ရေရှည်တည်တံ့ခိုင်မြဲအောင်ကြိုးစားရန်လုပ်ငန်း စဉ်များနှင့် တိကျသောလုပ်ငန်းများကို ချမှတ်ကျင့်သုံးရန် အတွက် အဖြေရှာခြင်း၊ နည်းသစ်များချမှတ်ဆောင်ရွက်ခြင်း ဖြင့် နိုင်ငံတကာနှင့် စပ်ဆိုင်နေသည့် ရေအရင်းအမြစ်များ ကို မိတ်ကောင်းဆွေကောင်းစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက် သွားရန် ဖြစ်ပါသည်။ သို့မှသာ "ဘက်စုံရေသယံဇာတ စီမံခန့်ခွဲ မှု" (Integrated Water Resources Management) ဗျူဟာကို အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်ကြရင်း ရေအခြေအပြု စီးပွားဖွံ့ဖြိုးမှု (Water-based Economy) များ အာရှနှင့် ပစိဖိတ်ဒေသအတွင်း တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာစေနိုင် မည်ဖြစ်ပါသည်။ ဤဒေသကြီးကား အလွန်ထူးခြားသော ဒေသကြီးဖြစ်ပါသည်။ ကမ္ဘာ့ထိပ်တန်းစီးပွားတိုးတက်သော နိုင်ငံကြီးများနှင့်အတူ ကမ္ဘာပေါ်တွင် ဆင်းရဲမွဲတေလှသော နိုင်ငံများလည်း ပါရှိနေပါ၏။ ထို့အပြင် လူဦးရေသန်းပေါင်း ထောင်ကျော်ရှိသော နိုင်ငံကြီးများမှသည် ပစိဖိတ်သမုဒ္ဒရာထဲမှ ကျွန်းနိုင်ငံလေးများအထိ ပါဝင်နေကြပါသည်။

သို့သော် ဆင်းရဲ ချမ်းသာမရွေး ရေနှင့် ပတ်သက်လာလျှင် ကောင်းသော အတွေ့အကြုံများ အောင်မြင်မှုများရှိသကဲ့သို့ ဘေးဒုက္ခအမျိုးမျိုးဆိုက်ရောက်ခဲ့သော သမိုင်းကြောင်းများ လည်းရှိခဲ့ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၀ က ဂျပန်နိုင်ငံနှင့် စင်ကာပူ နိုင်ငံတို့သည် ယနေ့မြန်မာနိုင်ငံနှင့် ထူးမခြားနားရှိခဲ့ပါသည်။ မြန်မာနိုင်ငံရန်ကုန်မြို့ကပို၍ သာလွန်ခေတ်မီ သောအဆင့် ရှိခဲ့သဖြင့် စင်ကာပူနိုင်ငံက အတုယူကာ ယနေ့ မြို့ပြနိုင်ငံကြီး အဖြစ် ထိပ်တန်းရောက်ရှိလာပြီလည်း ဖြစ်ပါသည်။

ထိုသို့သော ဖွံ့ဖြိုးတိုးတက်မှုများသည် ရေရှည်တည်တံ့ ခိုင်မြဲမှုရှိပါမည်လား။ လူသားတို့၏ ဉာဏ်အမြော်အမြင်ဖြင့် ဆောင်ရွက်စရာများ၊ ပြုပြင်စရာများ နိုင်ငံတိုင်းတွင် လိုအပ် လျက်ရှိနေပါသည်။ အထူးသဖြင့် ပြောင်းလဲနေသော ကမ္ဘာ့ရာသီဆိုးကြီးသည် နိုင်ငံမရွေး၊ နေရာမရွေးစိန်ခေါ်လာ ပြီဖြစ်၍ အနာဂတ်အတွက် စုပေါင်းရင်ဆိုင်နိုင်ရန် စီစဉ်ကြဖို့ အချိန်တန်ပေပြီ။

စုပေါင်းဆောင်ရွက်ရမည့်အစား ထိပ်တိုက်တွေ့နေမှုများ လည်း ရှိနေသဖြင့် အတူတကွ ရှောင်ရှားနိုင်ရန် နည်းလမ်းများ နှင့်အပြည်ပြည်ဆိုင်ရာဥပဒေများ၊ ကွန်ဗင်းရှင်း( Convention) များကို လေ့လာပူးပေါင်း အကောင်အထည်ဖော်ခြင်း၊ ဒေသတွင်းနိုင်ငံချင်းမိတ်ဆွေကောင်းစိတ်ဓာတ်ဖြင့် အခက်အခဲ များကို အပြန်အလှန်ကူညီဖြေရှင်းခြင်းပြုရန် လိုအပ်နေပြီ ဖြစ်ပါသည်။

ထိုသို့သော လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် နိုင်ရန် ကြုံဆဖို့အခွင့်အရေးသည် တတိယအကြိမ် အာရှ- ပစိဖိတ်ရေညီလာခံကြီးတွင် ရယူနိုင်ပြီဖြစ်ပါသည်။ ညီလာခံ တွင်"Yangon Declaration" ကို ဖော်ထုတ်ရန်သာမက ပညာရပ်ပိုင်းဆိုင်ရာဆွေးနွေးပွဲပေါင်း ၁၁ ခုကို တစ်ပြိုင်နက် ပြုလုပ်သွားကြမည်လည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိသည် မှာ သမိုင်းဝင်အခွင့်အရေးတစ်ရပ်လည်း ဖြစ်ပါသည်။ တက်ရောက်လာကြမည့် နိုင်ငံခေါင်းဆောင်များနှင့် စုပေါင်း ဆွေးနွေးရင်းဒေသကြီးအတွင်း ရေဖူလုံမှုကိုအခြေပြု၍ ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပံ့ပိုးဆောင်ရွက်ရင်းမြန်မာနိုင်ငံအတွက်လည်း"ကျွဲကူးရေပါ" ဆိုသလို အခွင့်အလမ်းများလည်း ရယူနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခြင်းမှာ အလွယ်တကူရရှိလာခဲ့သော အခွင့်အလမ်းမဟုတ်ပါ။ အဓိက ကျသောအချက်မှာ မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ ဖြစ်လာ သည့် အချက်ပင်။ တစ်ကမ္ဘာလုံးကလက်ခံသောစနစ်ဖြစ်ပြီး ပြည်သူလူထုက တင်မြှောက်သောအစိုးရ ဖြစ်နေသဖြင့်သာ ဤအခွင့်ထူးကို ရရှိခဲ့သည်ကို မမေ့အပ်ပေ။

မည်သို့ဆိုစေကာမူ ရေအခြေပြု စီးပွားဖွံ့ဖြိုးမှုဖြစ်အောင် လုပ်နိုင်စွမ်းသူများမှာ ကျွန်ုပ်တို့ နိုင်ငံသားများသာ ဖြစ်ပါသည်။ ရေထုကြီးကိုအကျိုးရှိရှိအသုံးချခြင်း၊ ရေနှင့်ပတ်ဝန်းကျင်ကို ပျက်စီးမသွားအောင်ထိန်းသိမ်းကာကွယ်ခြင်း၊ လာမည့်မျိုးဆက် ဆက်များအတွက် စိမ်းလန်းစိုပြည်သောနိုင်ငံ၊ နေပျော်သော နိုင်ငံ ဖြစ်လာရန်တာဝန်အသီးသီး ထမ်းဆောင်ကြရဦး မည် သာ ဖြစ်ပါတော့သည်။ ။

> " ဤညီလာခံမှာ သာမန်မျှမဟုတ်ဘဲ ထိပ်သီးညီလာခံ (Summit) ဖြစ်သဖြင့် နိုင်ငံခေါင်းဆောင်များစွာ လာရောက် စုစည်းပြီး အများသဘောတူ ရန်ကုန် ကြေညာချက် (Yangon Declaration) တစ်ခုကို အတည်ပြု ကြေညာကြမည် ဖြစ်"

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေး

**မကွေး ဒီဇင်ဘာ ၇**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်သော ဒေသန္တရစီမံကိန်း ရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အခွန်အကောက်ဆိုင်ရာကိစ္စ ရပ်များနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စား လှယ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနများနှင့် အထောက်အကူပြုကော်မတီဝင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသိပညာပေးဆွေးနွေးပွဲကို မကွေးမြို့တော် ခန်းမ၌ ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများ စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်၊တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ ထိရောက်စွာအသုံးပြုစေရန် ကြိုးကြပ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ၂၀၁၈-၂၀၁၉ မှစ၍ ဘဏ္ဍာရေးနှစ်ပြောင်းလဲ သတ်မှတ်ရာတွင် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေစာရင်း၌ ဌာနအဖွဲ့အစည်း ၂၄ ဖွဲ့ ပါဝင်ရေးဆွဲထားကြောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ပါဝင် သောဌာနအဖွဲ့အစည်းများအနေဖြင့် အခွန်အကောက်များနှင့် အခြားသာမန်ရငွေ များ အပြည့်အဝကောက်ခံရရှိစေရေး ဖိဖိစီးစီးဆောင်ရွက်ကြရန်နှင့် အသုံးစရိတ် များကို ကြပ်မတ်ကာ မလိုအပ်သော အသုံးစရိတ်များကိုစိစစ်၍ ရန်ပုံငွေကို စီမံ ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်းစသည်တို့ကို အမှာစကားပြောကြားသည်။

ထို့နောက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရီရီမြင့်က ဘတ်ဂျက်ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်က ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပတ်သက်သည့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းဒေသကြီးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်က စီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းထွေးက



အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား ခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား (၂၁)ကြိမ်မြောက် ရွှေစင်ရွှေသား လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

**ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင် ရွှေသား ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ရေးအတွက် (၂၁) ကြိမ်မြောက် ရွှေစင် ရွှေသား လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။**



ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တဇနိန္ဒကြီးမှူးသည့် ဆရာတော် သံဃာတော်များအား ဂေါပကအဖွဲ့နှင့် သာသနာ့ထွန်းကားပြန့်ပွားရေးအဖွဲ့တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် မိုးထိမိုးမိ ရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့က ရွှေစင် ၃၀ ကျပ်သား၊ ခိုင်ချယ်ရီဝင်းကုမ္ပဏီမိသားစုက ရွှေစင် ၆ ကျပ်သား ၁ ပဲနှင့် မြန်မာဟိန်းစည်သူကုမ္ပဏီမိသားစုက ရွှေစင် တစ်ကျပ်သား လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး အလှူရှင်များကို ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဇနိန္ဒက အနုမောဒနာ တရားဟောကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ယင်းနောက် ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဘုရားဖူးလာပြည်သူများအား စတုဒိသာ ထမင်းအာဟာရဒါန ကျွေးမွေးလှူဒါန်းကြသည်။

နေပြည်တော် မိုးထိမိုးမိ ရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့နှင့် မိတ်ဖက်ကုမ္ပဏီများအနေဖြင့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင် ရွှေသား ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ရေးအတွက် ရွှေစင်ရွှေသား လှူဒါန်းခြင်းမှာ (၂၁) ကြိမ်မြောက်ခဲ့ပြီဖြစ်ပြီး ယနေ့အချိန်အထိ ရွှေစင်ရွှေသား စုစုပေါင်း ၈ ပိဿာ ၇၈ ကျပ်သား ၄ ပဲ ၁ ရွေး လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၇

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**




# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Grand Final ပွဲစဉ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ Level - I ပွဲစဉ်များကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၁၁ မြို့၌ လည်းကောင်း၊ Level–II နှင့် Level– III ပွဲစဉ်များကို မန္တလေးမြို့ နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ လည်းကောင်းကျင်းပခဲ့ပြီး တိုက်ရိုက်(Live) ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Grand Final ပွဲစဉ်ကို ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး ဆန်ခါတင်အဆင့်ပြိုင်ပွဲဝင် ၁၁ ဦးနှင့်အတူ နိုင်ငံကျော်အဆိုတော်များ ပါဝင်သီဆိုမှုအား တိုက်ရိုက် ( Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ *ကျောဖုံးမှ***

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်၍ မိဘပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ဓာတ်အားခွဲရုံတည်ဆောက်မည့်မြေနေရာ ကွင်းဆင်းစစ်ဆေး

**နေပြည်တာ် ဒီဇင်ဘာ ၇**

နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်အုပ်စု သစ်ပုတ်ပင်ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် (၃၃/၁၁) ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော လျှပ်စစ်၊ စွမ်းအင်၊ စီမံ/ဘဏ္ဍာ၊ ဆောက်လုပ်ရေးနှင့် စက်မှုကဏ္ဍများ တာဝန်ခံ ဦးတင်ထွဋ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတာဝန်ခံ ဦးတင်ထွန်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍတာဝန်ခံနှင့် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးအေးမောင်စိန်တို့သည် ယနေ့တွင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြသည်။

အဆိုပါ တည်ဆောက်မည့် (၃၃/၁၁)ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ထိန်းချုပ်ရေးစခန်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ထိန်းချုပ်ရေးစခန်း (Control Building) တည်ဆောက်ခြင်း၊ မြေဖြည့် မြေညှိခြင်း၊ ဝန်းခြံခတ်ခြင်း၊ လမ်းခင်းခြင်း၊ ရေရရှိရေးဆောင်ရွက်ခြင်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုငွေကျပ်သန်း ၂၀၀ ကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ကျေးရွာ ၂၉ ရွာသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# လွိုင်ကော်မြို့၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးများ ကွင်းဆင်းဆောင်ရွက်

**လွိုင်ကော် ဒီဇင်ဘာ ၇**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဒီဇင်ဘာ ၆ ရက်တွင်မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မွန်နှင့်ဝန်ထမ်းများက လွိုင်ကော်မြို့နယ် ဒေါဥခူရပ်ကွက် အထက ၆ ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

**နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်**

ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မာတို့က ကျောင်းသားမိဘတို့အား စိစစ်ရေးကတ်ပြားလျှောက်ထားရာတွင် ရေးသွင်းရမည့်အချက်အလက်များ ကာယကံရှင်မှ ပေးရမည့် လိုအပ်သော အထောက်အထားများ ပူးတွဲပါရှိရေးတို့ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၂၁၀ တို့အား တစ်ဦးချင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

# ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း (၅)နှစ်ပြည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း (ရုံးချုပ်)တွင် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း ငါးနှစ်ပြည့်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထိန်းသိမ်းထားသော စေတနာ ဆေးခန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စာရင်းလွှဲပြောင်းလက်ခံ၍ တည်နေရာ၊ ဒေသဖွံ့ဖြိုးမှု၊ လက်ရှိအခြေအနေများအား ဦးစားပေးအဆင့်များသတ်မှတ်ကာ အခမဲ့စေတနာဆေးခန်းများ၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှုဌာနများ၊ မိခင်ကလေး၊ သားဖွားဆေးခန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီငါးနှစ်တာကာလမှာနိုင်ငံတော်နဲ့ တွဲဖက်ပြီး နိုင်ငံတော်ရဲ့ လုပ်ငန်းတွေမှာ ဝိုင်းဝန်းကူညီတယ်၊ အထူးသဖြင့် ဝန်ကြီးဌာနအနေနဲ့ မလုပ်နိုင်သေးတဲ့ နေရာတွေမှာ ပံ့ပိုးပူပေါင်းဆောင်ရွက်တယ်၊ မူဝါဒချပြပြီး အကောင်အထည်ဖော်ရေးအပိုင်းမှာလည်း ရှေ့ဆက်ဆောင်ရွက်မှာဖြစ်တဲ့အတွက် ဖောင်ဒေးရှင်းအနေနဲ့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများရဲ့ ဝိုင်းဝန်းကူညီထောက်ပံ့မှုလည်း အရေးကြီးပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။



အဆိုပါအခမ်းအနားတွင် 'မိသားစုသက်ရှည်ကျန်းမာပျော်ရွှင်ဖို့ ဆေးလိပ်၊ ကွမ်းယာ၊ အရက်တိုက်ဖျက်စို့' ဟူသော ဆောင်ရွက်ခဲ့မှုများနှင့်အတူ 'နောင်တမရအောင် ကွမ်းယာကိုရှောင်' ဟူသော အသိပညာပေး လုပ်ဆောင်ခဲ့မှုတို့ကိုလည်း ရှင်းလင်းဆွေးနွေးသည်။

အရက်သောက်သုံးမှု လျှော့ချနိုင်ရန်နှင့် ယစ်မျိုးခွန်ပိုမိုရရှိစေရန် အိမ်နီးချင်းနိုင်ငံများမှ ကျင့်သုံးနေသော နည်းစနစ်များကို လည်းကောင်း၊ ဆေးလိပ်သောက်သုံးမှုလျှော့ချရန်နှင့် ကင်းစင်းစေရန်အတွက် အခွန်တိုးမြှင့်ရရှိနိုင်သော လုပ်ဆောင်နိုင်မှုတို့ကို လည်းကောင်း ဆွေးနွေးပြောကြားကာ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒွေးလွင်တို့ကလည်း ဆွေးနွေးပြောကြားသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ-သစ္စာ**



ဒီဇင်ဘာ ၇ ရက်က ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်၏မွေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၈၀ နတ်မောက်လမ်းရှိ ဂျပန်သံအမတ်ကြီးနေအိမ်၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီး ဒေါက်တာ နန်းခမ်းမိုင်တို့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI နှင့်ဇနီးတို့ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

## ပုလောမြို့နှင့် သရက်ချောင်းမြို့နယ်တို့တွင် လူထုငြိမ်းချမ်းရေး ဟောပြောပွဲ၊ တေးဂီတဖျော်ဖြေရေးနှင့် ငြိမ်းချမ်းရေး ကာတွန်းပန်းချီရေးဆွဲခြင်း အခမ်းအနားကျင်းပ

**သရက်ချောင်း ဒီဇင်ဘာ ၇**

လူထုငြိမ်းချမ်းရေး လှုပ်ရှားမှု ရက်သတ္တပတ်(တနင်္သာရီတိုင်းဒေသကြီး)၏ လူထုငြိမ်းချမ်းရေး ဟောပြောပွဲ၊ တေးဂီတ ဖျော်ဖြေရေးနှင့် ငြိမ်းချမ်းရေး ကာတွန်းပန်းချီရေးဆွဲခြင်းကို ဒီဇင်ဘာ ၆ ရက် ည ၇ နာရီက ပုလောမြို့နယ် မြို့မ ဘော်လီဘောကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ငြိမ်းချမ်းရေးတေးဂီတများဖြင့် ဖျော်ဖြေကြပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ဆွေးနွေးကြကာ ငြိမ်းချမ်းရေး ကာတွန်း ပန်းချီ ရေးဆွဲကြသည်။(**အောက်ပုံ**)

ဆက်လက်၍ (၈၈)မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ငြိမ်းချမ်းရေး ရရှိရေးအတွက် ပြည်သူများ ပါဝင်လက်တွဲ၍ ငြိမ်းချမ်းရေး ရရှိအောင် ဝိုင်းဝန်း လက်တွဲကြရန် ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့်အတူ ငြိမ်းချမ်းရေးဖယောင်းတိုင်များ ထွန်းညှိကာ မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ၊ (၂၁) ပင်လုံ ညီလာခံ အောင်မြင်ပါစေကြောင်း ဆုတောင်းခဲ့ကြသည် ။

အလားတူ သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ ဘုရားကိုးဆူ တောင်ပေါ်ကျောင်း ဓမ္မာရုံ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် လူထုငြိမ်းချမ်းရေး ဟောပြောပွဲကို ကျင်းပရာ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောခဲ့ကြသည်။

အဆိုပါ သရက်ချောင်းမြို့နယ် လူထုငြိမ်းချမ်းရေး ဟောပြောပွဲသို့ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)၊**
**နိုင်ဝင်း(ပြန်/ဆက်)**



## ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလ ငွေကြေးအမျိုးအစားအလိုက်(ပုံမှန်)ပို့ကုန်နှင့်သွင်းကုန်

(သန်းပေါင်း)

| စဉ် | ငွေကြေးအမျိုးအစား | ပို့ကုန် | သွင်းကုန် | ပိုငွေ၊ လိုငွေ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ယူရို | ၁၁.၅၆ | ၀.၀၀ | ၁၁.၅၆ | ၁၁.၅၆ |
| ၂။ | ယန်း | ၀.၀၈ | ၀.၀၀ | ၀.၀၈ | ၀.၀၈ |
| ၃။ | စင်ကာပူဒေါ်လာ | ၀.၂၀ | ၀.၀၀ | ၀.၂၀ | ၀.၂၀ |
| ၄။ | အမေရိကန်ဒေါ်လာ | ၁၁၇၈.၅၆ | ၁၂၀၉.၀၂ | -၃၀.၄၆ | ၂၃၈၇.၅၈ |
| ၅။ | ညီမျှအမေရိကန်ဒေါ်လာ | ၁၁၉၀.၄၀ | ၁၂၀၉.၀၂ | -၁၈.၆၂ | ၂၃၉၉.၄၂ |

**ဇာစ်မြစ်။** အကောက်ခွန်ဦးစီးဌာန

**မှတ်ချက်။** ညီမျှအမေရိကန်ဒေါ်လာဆိုသည်မှာ ငွေကြေးအမျိုးအစားအလိုက် ပို့ကုန်၊ သွင်းကုန်တန်ဖိုးများနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ဖြစ်ပါသည်။

၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် ပုံမှန်သွင်းကုန်တွင် ရေနံထွက်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများနှင့် သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုတို့ပိုမိုခဲ့ပြီး ပို့ကုန်တွင် ချုပ်ပြီးအထည်၊ ဆန်၊ သတ္တုနှင့် သတ္တုရိုင်း၊ သဘာဝဓာတ်ငွေ့နှင့် ဆန်ကွဲတို့ကို ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း သွင်းကုန်ပမာဏများပြားနေသဖြင့် ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ခဲ့သည်။

**သတင်းစဉ်**

## ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလ ငွေကြေးအမျိုးအစားအလိုက်(နယ်စပ်)ပို့ကုန်နှင့်သွင်းကုန်

(သန်းပေါင်း)

| စဉ် | ငွေကြေးအမျိုးအစား | ပို့ကုန် | သွင်းကုန် | ပိုငွေ၊ လိုငွေ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကျပ် | ၆၆၄၇.၈၁ | ၅၄၇၂.၂၅ | ၁၁၇၅.၅၆ | ၁၂၁၂၀.၀၆ |
| ၂။ | ဒေါ်လာ | ၅၆၂.၁၅ | ၂၇၈.၂၆ | ၂၈၃.၈၉ | ၈၄၀.၄၁ |
| ၃။ | ညီမျှအမေရိကန်ဒေါ်လာ | ၅၆၇.၀၅ | ၂၈၂.၃၀ | ၂၈၄.၇၅ | ၈၄၉.၃၅ |

**ဇာစ်မြစ်။** အကောက်ခွန်ဦးစီးဌာန

၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် နယ်စပ်ပို့ကုန်တွင် ကျောက်စိမ်း၊ ရေနံချေး၊ ဆန်၊ ငါးနှင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုတို့ ပိုမိုခဲ့ပြီး သွင်းကုန်တွင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ လယ်ထွန်စက်များနှင့် သတ္တုကုန်ချော၊ ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုတို့ ကျဆင်းခဲ့သဖြင့် ကုန်သွယ်မှု ပိုငွေ ဖြစ်ပေါ်ခဲ့သည်။

**သတင်းစဉ်**

## ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလ ငွေကြေးအမျိုးအစားအလိုက် ပို့ကုန်နှင့်သွင်းကုန်(ပုံမှန်+နယ်စပ်)

(သန်းပေါင်း)

| စဉ် | ငွေကြေးအမျိုးအစား | ပို့ကုန် | သွင်းကုန် | ပိုငွေ၊ လိုငွေ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ယူရို | ၁၁.၅၆ | ၀.၀၀ | ၁၁.၅၆ | ၁၁.၅၆ |
| ၂။ | ယန်း | ၀.၀၈ | ၀.၀၀ | ၀.၀၈ | ၀.၀၈ |
| ၃။ | စင်ကာပူဒေါ်လာ | ၀.၂၀ | ၀.၀၀ | ၀.၂၀ | ၀.၂၀ |
| ၄။ | အမေရိကန်ဒေါ်လာ | ၁၇၄၀.၇၁ | ၁၄၈၇.၂၈ | ၂၅၃.၄၃ | ၃၂၂၇.၉၉ |
| ၅။ | ထိုင်းဘတ် | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| ၆။ | ကျပ် | ၆၆၄၇.၈၁ | ၅၄၇၂.၂၅ | ၁၁၇၅.၅၆ | ၁၂၁၂၀.၀၆ |
| ၇။ | ညီမျှအမေရိကန်ဒေါ်လာ | ၁၇၅၇.၄၅ | ၁၄၉၁.၃၂ | ၂၆၆.၁၃ | ၃၂၄၈.၇၇ |

**ဇာစ်မြစ်။** အကောက်ခွန်ဦးစီးဌာန

၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် စုစုပေါင်းပို့ကုန်တွင် ကျောက်စိမ်း၊ ဆန်၊ရေနံချေး၊ သတ္တုနှင့် သတ္တုရိုင်းနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုတို့ ပိုမိုခဲ့ပြီး သွင်းကုန်တွင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ လယ်ထွန်စက်များ၊ မော်တော်ဆိုင်ကယ်များနှင့် အလှကုန်ပစ္စည်းမျိုးစုံ တင်သွင်းမှုတို့ လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှု ပိုငွေ ဖြစ်ပေါ်ခဲ့သည်။

**သတင်းစဉ်**

## နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၇**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## အပင်မျိုးရင်း ၂၇၃ မျိုး၊ မျိုးစု ၂၃၇၁ မျိုးနှင့် မျိုးစိတ် ၁၁၈၀၀ အား စုစည်း၍ စာအုပ်ထုတ်ဝေရန် ဆောင်ရွက်နေ

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံရှိ အပင်အမျိုးအစားနှင့် မျိုးရင်း၊ မျိုးစိတ်များအကြောင်းကို စုစည်း၍ ပထမဆုံးအကြိမ်ထုတ်ဝေမည့် စာအုပ်ဖြစ်သည့် Flora of Myanmar စာအုပ် ထုတ်ဝေနိုင်ရေးအတွက် ပထမအကြိမ် အစည်းအဝေးကို ဒီဇင်ဘာ ၄ ရက်က သစ်တောသုတေသနဌာန ရေဆင်း စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က အမှာစကား ပြောကြားခဲ့သည်။ အစည်းအဝေးသည် မြန်မာနိုင်ငံ၏ အပင်မျိုးစိတ်သယံဇာတများစာရင်းကို တစ်စုတစ်စည်းတည်း ထုတ်ဝေနိုင်ရေး ကြိုးပမ်းမှု၏ ပထမခြေလှမ်းဖြစ်ပြီး ယခုအစည်းအဝေးကို မြန်မာနိုင်ငံ၏ အပင်မျိုးစိတ်သယံဇာတများ ပြုစုထုတ်ဝေရေးတွင် စိတ်ပါဝင်စားသည့် အဖွဲ့အစည်းများ အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ အပင်မျိုးစိတ်သယံဇာတများစာရင်းကို တစ်စုတစ်စည်းတည်း ထုတ်ဝေနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရန်နှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်ကြသည့် NMNS၊ MBK ၊ XTBG၊ NYBG၊ KIB တို့မှ သိပ္ပံပညာရှင်များ၊ ရန်ကုန်၊ ထားဝယ်၊ တောင်ကြီး၊ မြစ်ကြီးနား၊ မန္တလေးတက္ကသိုလ်တို့မှ ရုက္ခဗေဒဆိုင်ရာ ပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များမှ ရုက္ခဗေဒပညာရှင်များ၊ NGO အဖွဲ့များဖြစ်သည့် BANCA၊ WCS၊ FREDA မှ ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဇီဝအရင်းအမြစ်များကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်းတွင် ဒီရေတောများနှင့် သန္တာကျောက်တန်းများမှအစ ရေခဲဖုံးလွှမ်းရာဒေသတွင်ပေါက်ရောက်သည့် တောအမျိုးအစားများအပါအဝင် ဂေဟစနစ်စုံနှင့် အပင်မျိုးစိတ် မျိုးစုံ ကြွယ်ဝစွာတည်ရှိနေရာ လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် အပင်မျိုးရင်းပေါင်း ၂၇၃ မျိုး၊ မျိုးစုပေါင်း ၂၃၇၁ မျိုးနှင့် မျိုးစိတ်ပေါင်း ၁၁၈၀၀ ကို တွေ့ရှိရကြောင်း မှတ်တမ်းတင်ထားသည်။

ထို့အပြင် သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနနှင့် ဂျပန်နိုင်ငံ မာကီနိုရုက္ခဗေဒဉယျာဉ်(MBK)၊ ဂျပန်အမျိုးသား သဘာဝသိပ္ပံပြတိုက် (NMNS)၊ ကိုရီးယား အမျိုးသားသစ်မျိုးစုံဥယျာဉ်(Korea National Arboretum)၊ နယူးယောက် ရုက္ခဗေဒဉယျာဉ်(NYBG)၊ တရုတ် သိပ္ပံအကယ်ဒမီ(CAS) စသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း မြန်မာနိုင်ငံရှိ အပင်မျိုးစိတ် သယံဇာတများအား စာရင်းကောက်ယူခြင်း၊ ပန်းပုံစံများ စုဆောင်းခြင်းနှင့် အပင်မျိုးခွဲပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၏ အကျိုးဆက်အနေဖြင့် ကမ္ဘာပေါ်တွင် မှတ်တမ်းမတင်နိုင်သေးသည့် မြန်မာနိုင်ငံရှိ အပင်မျိုးစိတ်အသစ်များကိုလည်း ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

အပင်မျိုးစိတ် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ၊ အပင်သယံဇာတ စာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် အပင်မျိုးခွဲခြင်းလုပ်ငန်းများကို ခေတ်အဆက်ဆက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော်လည်း ယနေ့အချိန်အထိ မြန်မာနိုင်ငံ၏ ကြွယ်ဝသည့် အပင်မျိုးစိတ်သယံဇာတများကို စနစ်တကျ တစ်စုတစ်စည်းတည်း စာအုပ်တစ်အုပ်အဖြစ် မှတ်တမ်းတင်ထုတ်ဝေနိုင်ခြင်း မရှိခဲ့သေးသဖြင့် ယခုအခါ နိုင်ငံ၏ ဇီဝအရင်းအမြစ် အပင်မျိုးရင်း ၂၇၃ မျိုး၊ မျိုးစု ၂၃၇၁ မျိုးနှင့် မျိုးစိတ် ၁၁၈၀၀ ကို စုစည်း၍ စာအုပ်ထုတ်ဝေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနနှင့် ဂျပန်နိုင်ငံ National Museum of Nature and Science (NMNS) တို့က ဦးဆောင် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




UEHRD စီမံကိန်းဆိုင်ရာ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မည့် အစီအစဉ်တို့ကို ရှင်းလင်းအသိပေးသည့် အစည်းအဝေးသို့ တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❍ *ကျောဖုံးမှ*

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဖွဲ့စည်းခဲ့သည်။

အဆိုပါ UEHRD စီမံကိန်းဆိုင်ရာ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မည့် အစီအစဉ်တို့ကို မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအား UEHRD ကော်မတီဝင် ဒုတိယဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ UEHRD ကော်မတီ၏ ညှိနှိုင်းရေးမှူးချုပ် (Chief Coordinator)ဖြစ်သူ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ဦးကျော်မြိုင်၊သတင်းနှင့်ဆက်သွယ်ရေး ဒါရိုက်တာနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့ ဦးဆောင်၍ ရှင်းလင်းအသိပေးသည့် အစည်းအဝေးတစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားရာတွင် UEHRD စီမံကိန်းကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌတာဝန်ယူ၍ ဖွဲ့စည်းထားရှိမှု၊ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ UEHRD ကော်မတီမှ အထူးလုပ်ငန်းအဖွဲ့ ကိုးဖွဲ့ ဖွဲ့စည်းထားရှိပြီး ယင်းကိုးဖွဲ့တွင် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စီးပွားရေးဇုန်ထူထောင်ရေး၊ သတင်းအချက်အလက်နှင့် မီဒီယာ၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးနှင့် သက်မွေးပညာသင်တန်းပေးရေး၊ ကျန်းမာရေး၊ အသေးစားချေးငွေလုပ်ငန်း၊ ဘဏ္ဍာငွေ စုဆောင်းရေးနှင့်ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးတို့ ပါဝင်မှု၊ ၎င်းလုပ်ငန်းများကို ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်မှုအင်အားဖြင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ၎င်းလုပ်ငန်းများတွင် မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အကူအညီများလည်း ရယူ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသူများ ပြန်လည် လက်ခံရေးအတွက် ပြန်လည်လက်ခံရေးစခန်းနှင့် ယာယီစခန်းများတည်ဆောက်မှု အခြေအနေနှင့် နိုဝင်ဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအတွက် ဆောင်ရွက်မည့် အစီအစဉ် သဘောတူညီမှု လက်မှတ်ရေးထိုးပြီးစီးမှု အခြေအနေ၊ လက်ရှိ ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းဆောင်ရွက်ရေးနှင့် ရေရှည်အတွက် မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ၎င်းလုပ်ငန်းများသည် UEHRD ၏ လုပ်ငန်းစဉ်၌လည်း ပါဝင် အထောက်အကူဖြစ်မှု၊ UEHRD စီမံကိန်းအတွက် ပြည်တွင်းနှင့်နိုင်ငံတကာအသိုင်းအဝိုင်းမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုနှင့် ၎င်းအတွက် UEHRD သည် ပူးပေါင်းဆောင်ရွက်မှု ပုံစံအသစ်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံအစိုးရအနေဖြင့် ရှုပ်ထွေးလှသည့် ရခိုင်ပြည်နယ်၏ ပြဿနာ ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီး နိုင်ငံတကာ၏ ဝိုင်းဝန်းကူညီမှု လိုအပ်ပါကြောင်း ပြောကြားသည်။

**"မြန်မာနိုင်ငံအစိုးရအနေဖြင့် ရှုပ်ထွေးလှသည့် ရခိုင်ပြည်နယ်၏ ပြဿနာဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီး နိုင်ငံတကာ၏ ဝိုင်းဝန်းကူညီမှု လိုအပ်"**

ဆက်လက်၍ UEHRD ကော်မတီ ညှိနှိုင်းရေးမှူးချုပ်ဖြစ်သူ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က UEHRD စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြရာတွင် ဤစီမံချက်သည် ပြည်ထောင်စုအဆင့် စီမံချက်ဖြစ်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ ဖော်ထုတ်နိုင်မည်ဖြစ်ပြီး အဓိကတာဝန် ၃ ရပ်မှာ ဒုက္ခသည်များ ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ ဖြစ်ပါကြောင်း၊ ဤစီမံကိန်းအရ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေး ကော်မတီ၏ ဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ်အစိုးရ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ပါဝင်နေပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ပြီး ထိရောက်သော Public Private Partnership ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြေခံမူများမှာ တီထွင်ဆန်းသစ် ဆောင်ရွက်ခြင်း၊ မခွဲခြားမချန်ခြင်း၊ အားလုံးပါဝင်ဆောင်ရွက်နိုင်ခြင်း၊ တာဝန်ယူမှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှု ရှိစေခြင်းတို့ဖြစ်ပါကြောင်းနှင့် UEHRD ကော်မတီ၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ ဖွဲ့စည်းမှုနှင့် UEHRD ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌက ဦးဆောင်၍ ညှိနှိုင်းရေးမှူးချုပ်၏ စီမံခန့်ခွဲမှု၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်အဖွဲ့များ၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု ယန္တရား ထူထောင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိမည့်သူများ ပြန်လည်လက်ခံရေး အစီအစဉ်များ သိလိုပါကြောင်းနှင့် ပြန်လည်လက်ခံရေး စခန်းများသို့ ကြည့်ရှုလိုပါကြောင်း၊ UEHRD လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နည်းပညာလုပ်ငန်းအဖွဲ့၊ လုပ်ငန်းစီမံချက်နှင့် အချိန်ကာလ သတ်မှတ်ချက်များပါ ထည့်သွင်းဆောင်ရွက်စေလိုကြောင်း၊ ရခိုင်ပြည်နယ်မှ ဒေသခံတို့၏ ကုလသမဂ္ဂအဖွဲ့များအပေါ် ထားရှိသည့် အမြင်များ ပြောင်းလဲလာစေရန် အစိုးရက မည်သို့သော မူဝါဒဖြင့် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် UEHRD သည် နိုင်ငံတကာ အသိုင်းအဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ပုံစံသစ်ဖြစ်ပြီး ယင်းပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂအဖွဲ့ကြီးမှ ချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုများကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်ရခြင်း၏ အကြောင်းရင်းများကို ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားသွားမည်ဖြစ်ပြီး ၎င်းရည်မှန်းချက်အတွက် UEHRD သည် ပထမခြေလှမ်းတစ်ရပ် ဖြစ်ပါကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ပံ့ကူညီမှုများကို တန်ဖိုးထားပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအခြေစိုက် သံရုံး ၂၉ ရုံးမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းကို စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၆ ရက်ထိ စုစုပေါင်း ၅၇၁၄ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၃၉၅ ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရှတ်ချောင်း၊ အလယ်စျေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ဧက ၅၀၀ ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ပုကွ၊ ဝင်းဇားကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၂၅၃ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၃၅၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၂၈၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။ (ဓါတ်ပုံ)

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မောင်တောမြို့နယ်တွင် တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ငွေတောင် (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း (ရောနှော) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ မြို့သစ်(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်တို့ကို ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၂၁ ကောင်တို့အား ကာကွယ်ကုသဆေးထိုး နှံပေးခြင်း၊ ဆိတ် ၆၈၄ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးခြင်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အသိပေးချက်ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၇

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဒီဇင်ဘာ ၃ ရက်စွဲဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် အစ္စလာမ် ဘာသာရေးအသင်းအဖွဲ့အားလုံးသို့ အသိပေးချက်တစ်ရပ် ထုတ်ပြန်ထားကြောင်း သိရှိရသည်။**

အဆိုပါ အသိပေးထုတ်ပြန်ချက်တွင် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးခြင်းကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီးအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးရန်ရှိသဖြင့် ဆွေးနွေးမှုရလဒ် ထွက်ပေါ်လာပြီးမှသာ အစ္စလာမ်ဘာသာဝင်များ ဆက်လက်ဆောင်ရွက်ကြပါရန် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် စာဖြင့် အသိပေး အကြောင်းကြားခဲ့ကြောင်း။

၎င်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီးမှ တာဝန်ရှိသူများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အား ဒီဇင်ဘာ ၁၀ ရက်တွင်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးအား ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။

ထိုသို့ တွေ့ဆုံ ဆွေးနွေးရာတွင် အစ္စလာမ်ဘာသာဝင်များ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှု၊ အိမ်ထောင်စုစာရင်း ရွှေ့ပြောင်းမှု၊ မွေးတိုးဆောင်ရွက်မှုတို့၌ ကြုံတွေ့ရသည့် လုပ်ငန်းအခက်အခဲများကို တင်ပြပြီး NV Card ထုတ်ပေးခြင်းကိစ္စကို မဖြစ်မနေ ဆောင်ရွက်မည်ဆိုပါက အများပြည်သူ သိရှိနိုင်ရန် ရှင်းလင်းတိကျသည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ စာထုတ်ပြန်ပေးရန် တင်ပြခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဝန်ကြီးဌာနက အစ္စလာမ်ဘာသာရေးအဖွဲ့ငါးဖွဲ့အား နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်တွင် အခြေခံအကျဆုံးလုပ်ငန်းဖြစ်သော နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးသည့် လုပ်ငန်းအား အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသဖြင့် တိုက်တွန်းနှိုးဆော် ကူညီပေးရန်၊ အခြားဘာသာရေး အဖွဲ့အစည်းများသို့ ဖြန့်ဝေရှင်းလင်း အသိပေးရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် NV Card ကိုင်ဆောင်ရမည့်သူများမှာ -

- ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေ ပုဒ်မ-၆၅ အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားသူများ၊ (အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ကိုင်ဆောင်ထားသူဖြစ်ပါက NV Card ထုတ်ပေးရန် မလိုပါ။)
- သက်တမ်းကုန် ယာယီသက်သေခံလက်မှတ် အပ်နှံသူများနှင့် ယာယီသက်သေခံလက်မှတ် ပျောက်ဆုံး၊ ပျက်စီးကြောင်း သတင်းပို့ထားသူများအနက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အရ နိုင်ငံသားစိစစ်မှုခံယူရန် လိုအပ်သူများ၊
- ယခင်က နိုင်ငံသားစိစစ်ရေးကတ်ပြားအပါအဝင် မှတ်ပုံတင်တစ်မျိုးမျိုး ရရှိကိုင်ဆောင်ခဲ့ပြီး နိုင်ငံသား အရည်အချင်း ပြည့်စုံခိုင်လုံမှုမရှိသဖြင့် ကိုင်ဆောင်မှတ်ပုံတင် လက်မှတ်အား ပြန်လည်သိမ်းဆည်း ပယ်ဖျက်၊ ဖျက်သိမ်းခြင်းခံရသူများ၊
- မြန်မာနိုင်ငံအတွင်း အစဉ်အဆက်နေထိုင်သူ မှန်ကန်သော်လည်း အိမ်ထောင်စု လူဦးရေစာရင်းဖြစ်စေ၊ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ ရရှိကိုင်ဆောင်ထားခြင်းမရှိသည့် နိုင်ငံသားစိစစ်ခံယူရန် လိုအပ်သူများ(နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် မိဘနှစ်ပါးက မွေးဖွားလာသော သားသမီးများသည် လည်းကောင်း၊ အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား ကိုင်ဆောင်ထားသော်လည်း ဥပဒေအရ နိုင်ငံသား အရည်အချင်းရှိသူဟု သတ်မှတ်နိုင်သော မိဘနှစ်ပါးက မွေးဖွားလာသော သားသမီးများသည် လည်းကောင်း NV Card ကိုင်ဆောင်ရန်မလိုဘဲ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင် တိုက်ရိုက်လျှောက်ထားနိုင်သည်)ဖြစ်ကြောင်း ရှင်းလင်းဖော်ပြခဲ့ကြောင်း ပါရှိသည်။

သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းနှင့် စပ်လျဉ်းသော ဖော်ပြပါအချက်များကို အစ္စလာမ်ဘာသာဝင်များ သိရှိဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့များမှတစ်ဆင့် ရှင်းလင်းဖော်ပြအပ်ပါသည်ဟု ဖော်ပြပါရှိပြီး ဒုတိယဥက္ကဋ္ဌ အိုလမာ-အစ္စလာမ် သာသနာ့ပညာရှင်များ အဖွဲ့ချုပ်၊ အတွင်းရေးမှူးချုပ် အစ္စလာမ် သာသနာရေးရာ ကောင်စီဌာနချုပ်၊ ဥက္ကဋ္ဌ မြန်မာမွတ်စလင် လူငယ်များ(ဘာသာရေး) အဖွဲ့ မ-မ-လ ဌာနချုပ်နှင့် အထွေထွေအတွင်းရေးမှူး မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ် (မ-အ-ဖ) ဌာနချုပ်တို့မှ လက်မှတ်ရေးထိုး၍ အစ္စလာမ်ဘာသာရေး အသင်းအဖွဲ့များအားလုံးသို့ ဖြန့်ဝေထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မကြာမီ ပြန်လည် ဖွင့်လှစ်ပေးတော့မည့် မောင်တောမြို့မ စည်ပင်သာယာဈေးကြီး၌ လုံခြုံရေးကင်မရာများ စတင် တပ်ဆင်

**မောင်တော ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် မောင်တောမြို့၏ အထင်ကရဈေးကြီးဖြစ်သော မြို့မ စည်ပင်သာယာဈေးကြီးကို မောင်တော စည်ပင်သာယာရေးကော်မတီက လုံခြုံရေးကင်မရာ(CCTV)များ စတင် တပ်ဆင်ပေးလျက်ရှိပြီး မကြာမီ ရက်ပိုင်းအတွင်း ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း မောင်တောမြို့ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ယာယီပိတ်ထားခဲ့သော မောင်တောမြို့မ စည်ပင်သာယာဈေးကြီးကို လုံခြုံရေးပိုင်းဆိုင်ရာ ရှုထောင့်အရ ပြည်သူများအေးချမ်းစွာ ဝယ်ယူ ရောင်းချနိုင်ရန် ရည်ရွယ်၍ လုံခြုံရေးကင်မရာ (CCTV) များကို မောင်တောစည်ပင်သာယာရေးကော်မတီက တပ်ဆင်ပေးလျက်ရှိပြီး မကြာမီ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။ မောင်တောမြို့မ စည်ပင်သာယာဈေးကြီး၌ အတွင်း၊ အပြင် လုံခြုံရေးကင်မရာ (CCTV) ၂၄ လုံး တပ်ဆင်ပေးသွားမည်ဖြစ်ပြီး သား၊ ငါး ဈေးပိုင်းဘက်တွင်လည်း ထပ်မံတိုးချဲ့ကာ CCTV ရှစ်လုံး တပ်ဆင်ပေးသွားမည်ဖြစ်၍ စုစုပေါင်း CCTV ၃၂ လုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



မောင်တောမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်

"ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်နဲ့ ပတ်သက်ပြီး မောင်တောဒေသမှာ ဈေးတွေကို ယာယီပိတ်ထားရတာတွေ ရှိတယ်၊ အဲဒီ ဈေးတွေမှာ တချို့ကို ပြန်လည်ဖွင့်လှစ်ထားပြီး မြို့မ စည်ပင်ဈေးကြီးကိုတော့ အဖျက်သမားတွေ အဟန့်အတား တစ်ခုဖြစ်အောင် လုံခြုံရေးကင်မရာ (CCTV) တွေ တပ်ဆင်ဖို့ စီစဉ်ခဲ့တာပါ၊ ဒီရက်ပိုင်းအတွင်းမှာပဲ အားလုံး တပ်ဆင်ပြီးမှာပါ၊ သား၊ ငါးဈေးကလည်း ဖွင့်ပြီးသားဖြစ်နေတယ်၊ အဲဒီဈေးမှာလည်း တပ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်၊ တပ်ပြီးတာနဲ့ ရက်ပိုင်းအတွင်းမှာ ကျွန်တော်တို့ မောင်တောမြို့မ စည်ပင်သာယာဈေးကြီးကိုဖွင့်ဖို့ စီစဉ်ထားပါတယ်၊ CCTV တပ်ဖြစ်တဲ့ ရည်ရွယ်ချက်က အဓိက လုံခြုံရေး အပိုင်း၊ ဈေးထဲမှာ ဗုံးခွဲတာ၊ ဗုံးထောင်တာ၊ ခါးပိုက်နှိုက်တာကအစ အခုလိုတပ်လိုက်ရင် အတားအဆီးတစ်ခုအနေနဲ့ ဖြစ်သွားမယ်၊ ရခိုင်ပြည်နယ်ထဲမှာ ဘယ်ဈေးမှ အခုလို CCTV တပ်ဆင်ထားတာ မရှိသေးပါဘူး"ဟု မောင်တောမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ပြောသည်။

မောင်တောမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် လတ်တလော တပ်ဆင်ပေးလျက်ရှိသော CCTV များမှာ စည်ပင်လျာထားဘတ်ဂျက်မှ သုံးစွဲခြင်းပြုမည်မဟုတ်ဘဲ အရေးပေါ်အခြေအနေအရ စိုက်ထုတ်သုံးစွဲခြင်း ဖြစ်ပြီး ယခုတပ်ဆင်ပေးမည့် CCTV ၃၂ လုံးကို ဆိုလာစနစ်ဖြင့် အသုံးပြု တပ်ဆင်သွားမည်ဖြစ်ကာ လျာထားကုန်ကျငွေမှာ ငွေကျပ် သိန်း ၅၀ ဖြစ်ကြောင်း သိရသည်။ ယင်း မောင်တောမြို့မ စည်ပင်သာယာဈေးကြီးကို ၁၉၉၆ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ဆိုင်ခန်းပေါင်း ၄၅၀ ကျော် ပါဝင်သည်။ ဆိုင်ခန်း အများစုမှာ အဝတ်အစား၊ စောင်၊ အလှကုန်၊ လျှပ်စစ်ပစ္စည်း၊ အိုးခွက်ပန်းကန်နှင့် အိမ်သုံးပစ္စည်း အရောင်းဆိုင်အများစုပါဝင်ပြီး စားသောက်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။




ပြန်လည်ဖွင့်လှစ်ပေးတော့မည့် မောင်တောမြို့မ စည်ပင်သာယာဈေးကြီးကို တွေ့ရစဉ်။

မောင်တောမြို့မ စည်ပင်သာယာဈေးသည် နှစ်စဉ်အခွန် ငွေသိန်း ၁၅၀ ကျော် ရရှိလျက်ရှိပြီး ဩဂုတ် ၂၅ ရက်ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်ကြောင့် အခွန်ဝင်ငွေထိခိုက်မှုမရှိသော်လည်း ဈေးဆိုင်များအနေဖြင့် လာမည့် ဘဏ္ဍာနှစ်တွင် အခွန်ဝင်ငွေ ထိခိုက်လာနိုင်ကြောင်း မောင်တောမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက ပြောသည်။

မောင်တောမြို့စည်ပင်သာယာရေး ကော်မတီအနေဖြင့် ယခုကဲ့သို့ ပြည်သူများ လုံခြုံအေးချမ်းစွာ ရောင်းဝယ်ဖောက်ကားနိုင်ရန် လုံခြုံရေးကင်မရာ (CCTV)များ တပ်ဆင်သကဲ့သို့၊ ဈေးအဆင့်မြှင့်ပြုပြင်မွမ်းမံမှုများ ပြုလုပ်သွားမည်ဖြစ်ကာ လမ်းပန်းဆက်သွယ်ရေးအတွက် ယခင်မြေသားလမ်းများကိုလည်း ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုလည်း မြို့တွင်းလမ်းပိုင်းများတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းအဖွဲ့၊ မင်းထက်**

# ပေါက်တောမြို့နယ် ကြိမ်နီပြင် ကယ်ဆယ်ရေးစခန်းတွင် မီးလောင်မှုဖြစ်

**ပေါက်တော ဒီဇင်ဘာ ၇**

ပေါက်တောမြို့နယ် ပိန္နဲချောင်းကျွန်း ကြိမ်နီပြင်အုပ်စု ကြိမ်နီပြင် ကယ်ဆယ်ရေးစခန်းတွင် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ကြိမ်နီပြင်ကျေးရွာနေ မာမောက်ဒူယု၏ နေအိမ်တွင် ထမင်းချက်ရာမှ မီးစတင်လောင်ခြင်းဖြစ်သည်။ အဆိုပါ မီးလောင်မှုကြောင့် ရှစ်ခန်းတွဲ အဆောက်အအုံလေးလုံးနှင့် လုံးချင်းအိမ် ၁၀ ဆောင် မီးလောင်သွားပြီး ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူမရှိကြောင်း၊ မီးလောင်ရာသို့ ပေါက်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇော်ညွန့်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ကျော်သန်း (ပြန်/ဆက်)**



# မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက် တောင်ဖြူတံတား၌ ဒေသန္တရ မိုင်းနှစ်လုံးတွေ့ရှိ

**မြောက်ဦး ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက်ရှိ ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်း မိုင်တိုင်အမှတ် ၁၁၂/၆ နှင့် ၁၁၂/၇ ကြား မြောက်ဦးမြို့ အဝင်လမ်းမှ ကျောက်တော်မြို့အထွက် ဆီဆိုင်အနီးရှိ တောင်ဖြူတံတား၌ ယနေ့ နံနက် ၁၁ နာရီခွဲက မိုင်းနှစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

မိုင်းတွေ့ရှိသောနေရာသို့ တာဝန်ရှိသူများက သွားရောက် စစ်ဆေးရာ တောင်ဖြူ သစ်သားတံတားအောက် ယာဘက်ခြမ်း၌ မိုင်းနှစ်လုံးကို ဝိုင်ယာကြိုးနှင့် ဘက်ထရီအိုး တပ်ဆင်လျက် တွေ့ရှိသဖြင့် ယာဉ်ဖြတ်သန်းသွားလာမှုအား ခေတ္တပိတ်ထားပြီး လမ်းလွှဲမှ ယာဉ်များအား ဖြတ်သန်းခွင့်ပေးခဲ့ကာ



နယ်မြေခံ တပ်မတော်သားများက မိုင်းရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။**(အပေါ်ပုံ)** အဆိုပါ မိုင်းနှစ်လုံးမှာ အလျား ၁၂ လက်မ၊ အနံ ၁၀ လက်မနှင့် အမြင့် ရှစ်လက်မခွဲ ရှိပြီး သံပုံးဖြင့် ပြုလုပ်ကာ ဘက်ထရီနှင့် ဝိုင်ယာကြိုးတပ် ဆင်ထားသည့် ဒေသန္တရလုပ်မိုင်းအမျိုးအစားဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ငဖဲမြို့နယ် နတ်ရေကန်ဒေသဝန်းကျင်၌ သုံးရက်အတွင်း ဘိန်းစိုက်ခင်း ၅၃ ဧက ဖျက်ဆီးနိုင်ခဲ့

**ငဖဲ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်ဒေသဝန်းကျင်၌ တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော ဘိန်းစစ်ကြောင်းတစ်ခု လုပ်ဆောင်နေပြီး သုံးရက်တာကာလအတွင်း ဘိန်းစိုက်ခင်း ၅၃ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း ဂုတ်ကြီးရဲစခန်းမှ သိရသည်။

ဒီဇင်ဘာ ၅ ရက်တွင် ဘိန်းစိုက်ခင်း ၁၁ ဧက၊ ဒီဇင်ဘာ ၆ ရက်တွင် ဧက ၂၀၊ ဒီဇင်ဘာ ၇ ရက်တွင် ၂၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းစိုက်ခင်းများကို ဒီဇင်ဘာ ၁၀ ရက်အထိ နေ့စဉ် ရှာဖွေ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ဂုတ်ကြီး ရဲစခန်းမှူး ရဲအုပ်ကျော်မျိုးက အတည်ပြုပြောကြားသည်။

"အမြင့် နှစ်လက်မခွဲကနေ တစ်ပေခွဲလောက်ရှိတဲ့ ဘိန်းပင်တွေကို တောင်စောင်း၊ ချိုင့်ဝှမ်းတွေထဲထိ ရှာဖွေ ဖျက်ဆီးခဲ့ရတာပါ၊ ဖျက်ဆီးတဲ့ နေရာမှာတော့ အပင်ကြီးတွေကို တုတ်ရိုက်ဖျက်ဆီးပြီးတော့ အပင်ငယ်တွေကို ပေါင်းသတ်ဆေးဖျန်းပြီး ဖျက်ဆီးပါတယ်၊ တောတိုး လမ်းထွင်ပြီး ရှာဖွေသွားရတာတွေရှိပေမယ့်လည်း ဘိန်းစိုက်တာကို မလိုလားတဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်တာကြောင့် အဆင်ပြေပါတယ်"ဟု ရဲအုပ် ကျော်မျိုးက ပြောသည်။

ဘိန်းခင်းများ ရှာဖွေဖျက်ဆီးရေးလုပ်ငန်းတွင် ငဖဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်ကြီး ကျော်ကျော်ထွေး ဦးဆောင်သော တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး၊ သစ်တော စသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပါဝင်လျက်ရှိကြောင်း သိရသည်။



**ဇေယျတု(မကွေး)**

# ဝဝန်မြစ်ကမ်းပြိုကျမှုဖြစ်ပွားခဲ့သော်လည်း အိမ်ခြေငါးလုံး အချိန်မီရွှေ့ပြောင်းပေးနိုင်

**ရေကြည် ဒီဇင်ဘာ ၇**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ သောင်ကြီးကျေးရွာအုပ်စု သောင်ကြီးအထက်စုကျေးရွာ၌ ဝဝန်မြစ်ကမ်းပြိုကျမှု ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ပြီး မြစ်ကမ်းပါးအနီးရှိ ကမ်းပြိုအန္တရာယ်ကျရောက်နိုင်သော အိမ်ခြေ ငါးလုံး၊ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၅ ဦးအား ဘေးလွတ်ရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ အစီအစဉ်ဖြင့် အချိန်မီရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

လတ်တလောအခြေအနေတွင် ကမ်းပြိုဘေးရှောင် ကျေးရွာအိမ်ထောင်စုများကို ရပ်ရွာအတွင်းရှိ ဆွေမျိုးများ၏နေအိမ်များ၌ ယာယီနေရာချထားပေးပြီး အခြားထိခိုက်ပျက်စီးမှုမရှိကြောင်း၊ မြစ်ကမ်းပါးပြိုကျမှု အခြေအနေကိုလည်း အဆက်မပြတ်စောင့်ကြည့်လျက် သက်ဆိုင်ရာသို့ အချိန်မီသတင်းပေးပို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဖမ်းမိထားသော စက်တပ်ဆင် လင်းယုန်ငှက်ကြီးကို ရတနာပုံတိရစ္ဆာန်ဥယျာဉ်သို့ ပို့ဆောင်မည်ဟု သိရ

**မန္တလေး ဒီဇင်ဘာ ၇**

မင်းကင်းမြို့နယ် သာစည်ရွာ၌ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ဖမ်းမိသော လင်းယုန်ဟု ယူဆရသည့် ငှက်ကြီးကို မင်းကင်းမြို့နယ် သစ်တောဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ကာ မန္တလေးမြို့ ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ တိရစ္ဆာန်ဆေးကုဆရာဝန်က စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တပ်ထားတဲ့စက်မှာ မွန်ဂိုလီးယားလို့ ရေးတာပါတယ်၊ ဖမ်းမိထားတဲ့ လင်းယုန်လို့ ယူဆရတဲ့အကောင်ကို မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ ဆရာဝန်က မင်းကင်းသစ်တောဦးစီးဌာနမှာ သွားရောက်ဆေးစစ်မှာ ဖြစ်ပါတယ်၊ ဆေးစစ်လို့ ကျန်းမာရေးကုသဖို့လိုမယ်ဆိုရင် ဆေးကုသပေးပြီး ရတနာပုံတိရစ္ဆာန်ဥယျာဉ်ကို ခေါ်သွားပြီး ထိန်းသိမ်းဖို့ စီစဉ်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းက ပြောသည်။

မန္တလေးရတနာပုံ တိရစ္ဆာန်ဥယျာဉ်သို့ ရောက်လျှင် တပ်ထားသောစက်ကို ဆက်သွယ်ဆောင်ရွက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဗန်းမောက်မြို့နယ် သစ်တောကြိုးဝိုင်းအတွင်းမှ တရားမဝင်ရွှေတွင်းများ ဖမ်းဆီး

**ကသာ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် သောင်းကြီးကျေးရွာအနီး တပ်လွင်ကြိုးဝိုင်း အကွက်အမှတ် ၃၂ အတွင်း၌ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၃ နာရီခန့်က တရားမဝင်ရွှေတွင်းများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် အတူ ဗန်းမောက်မြို့နယ် သောင်းကြီးကျေးရွာအနီး တပ်လွင်ကြိုးဝိုင်းအကွက်အမှတ် ၃၂ရှိ သောင်ချောင်း ဒေသအခေါ် (ဝါဆို)အိုက်အတွင်းမှ တရားမဝင်ရွှေလုပ်ကိုင်ရာတွင် အသုံးပြုသော အင်ဂျင်စက် ၁၀ လုံး၊ မုန်စုပ်စက်ခြောက်ခု၊ ချိန်း ဘလောက် ခြောက်စုံနှင့် ရေစုပ်ပိုက်များ၊ ရွှေမျောစင်များ၊ ရေခရများနှင့် အခြား ဆက်စပ်ပစ္စည်းများအပြင် ရွှေတူးဖော်ရာတွင် အသုံးပြုသော ဘက်ဟိုးယာဉ်တစ်စီးကိုလည်း သောင်းကြီးကျေးရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာ ကျွန်းခင်းချောက်အတွင်း ဝှက်ထားသည်ကိုလည်း ရှာဖွေသိမ်းဆည်း ဖမ်းမိခဲ့ကြောင်း သိရသည်။

အဆိုပါ နေရာသည် ဗန်းမောက်မြို့နယ်နှင့် အလှမ်းကွာဝေးပြီး လူအရောက်နည်းသောနေရာကို အခွင့်ကောင်းယူကာ သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် ရွှေတူးဖော်နေသည်ကို တာဝန်သိပြည်သူများ အကူအညီပေးမှုကြောင့် သွားရောက် ဖမ်းဆီး အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# လင်းမြွေအရှင် ၈၀၀ ကျော်ခန့် ပြင်ဦးလွင် ၁၆ မိုင် ဂိတ်၌ ဖမ်းမိ

**ပြင်ဦးလွင် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ၁၆ မိုင်စစ်ဆေးရေးဂိတ်၌ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဌာနနှင့် သစ်တောဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် စစ်ဆေးမှုများဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲခန့်က မူဆယ်မြို့ဘက်သို့ ကုန်များသယ်ဆောင်လာသည့် ယာဉ်ကိုစစ်ဆေးရာ လင်းမြွေအရှင် ၈၂၀ နှင့် အသေငါးကောင်ကို စစ်ဆေးတွေ့ရှိရသဖြင့် သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

"ထိန်းသိမ်းနေပါတယ်၊ WCS တို့၊ နိုင်ငံတကာအဖွဲ့အစည်းတို့နဲ့လည်း ပူးပေါင်းပြီးတော့ ဆောင်ရွက်နေတယ်၊ စားသောက်ဆိုင်တွေမှာ တောကောင်သားတွေ မရောင်းချဖို့ ပညာပေးစည်းရုံးတာအပြင် သားရဲတိရစ္ဆာန်အသားတွေ မရောင်းပါဆိုတဲ့ ဆိုင်းဘုတ်ကို စားသောက်ဆိုင်တွေမှာ စာတန်းတွေကပ်ထားတယ်"ဟု အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

သစ်တောဦးစီးဌာနအနေဖြင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းရေး လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တောဆင်ရိုင်းများ ပစ်သတ်ခံနေရမှုကို ကာကွယ်တားဆီးနိုင်ရေးအတွက် စီမံချက်ရေးဆွဲနေပြီး ရုံးချုပ်သို့ တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါလင်းမြွေများကို တရားမဝင်သယ်ဆောင်လာသူများမှာ စိုင်းစံဝင်း(ယာဉ်မောင်း)နှင့် မောင်မျိုး(ယာဉ်နောက်လိုက်)တို့နှစ်ဦးအား တောရိုင်းတိရစ္ဆာန်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ဟုမ္မလင်း၌ တစ်နှစ်ကျော်အကြာ လူသတ်အလောင်းဖျောက်ဖျက်သူများ ဖမ်းမိခဲ့

ဟုမ္မလင်း ဒီဇင်ဘာ ၇

**စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာနေ မစောယုမွန်၏ ခင်ပွန်းဖြစ်သူ ဦးညွန့်လင်းသည် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက် ည ၉ နာရီမှစ၍ ပျောက်သွားကြောင်း ကတ်သာရဲကင်းစခန်းသို့ အမှုဖွင့်တိုင်ကြားထားပြီး ယင်းအမှုအား ကတ်သာရဲကင်းစခန်းက လူပျောက်ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။**

အဆိုပါဖြစ်ရပ်အား အမှုမှန်ပေါ်ပေါက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လေးစိုး၏ ညွှန်ကြားချက်အရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးနိုင်ကြီးကြပ်မှုဖြင့် ကတ်သာရဲကင်းစခန်းမှူး ရဲအုပ်သောင်းထက်အောင်သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် အဆိုပါသတင်းကို စုံစမ်းအတည်ပြုပြီး ဟုမ္မလင်းမြို့နယ် တာဝေကျေးရွာနေ မြဇော်(ခ) မောင်ဇော်အား အမှုတစ်ခုဖြင့် ခေါ်ယူစစ်ဆေးရာ လွန်ခဲ့သည့်နှစ်က ဦးညွန့်လင်း ပျောက်ဆုံးနေသော အမှုပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာနေ ဦးညွန့်လင်းသည် ည ၉ နာရီခန့်တွင် ဟွေပတိန်ကျေးရွာနေ ဟန်(မ်)ဆေးက ဆိုင်ကယ်ဖြင့်ပို့ခိုင်းသဖြင့် ခေါ်ဆောင်သွားရာ ကတ်သာကျေးရွာအထွက် တမူး-ကတ်သာသွား ကားလမ်းတွင် မြဇော်(ခ) မောင်ဇော်နှင့် ရန်ခိုသင်လည်(ခ)လည်လည်နှင့် အတူ တွေ့ရှိပြီး ဦးညွန့်လင်းအား ဓားဖြင့်ထောက်၍ သဝန်ဖာနိုင်ကျေးရွာနှင့် ပါဝယ်ကျေးရွာအကြား တောအတွင်း စကပ်ပင်အနီးတွင် ဓားဖြင့်ထိုးသတ်ခဲ့ကာ ဦးညွန့်လင်း၏အလောင်းအား မီးရှို့ဖျောက်ဖျက်ခဲ့ပြီး ၎င်း၏ဆိုင်ကယ် အား ဟွေပတိန်တောင်ထိပ်၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ ရက် စစ်ဆေးချက်အရ ဝန်ခံထွက်ဆိုသဖြင့် ဦးညွန့်လင်းအား သတ်၍ အလောင်းဖျောက်ဖျက်ခဲ့သူ မြဇော်(ခ) မောင်ဇော်နှင့် ရန်ခိုသင်လည်(ခ)လည်လည်တို့နှစ်ဦးအား ဖမ်းဆီးရမိပြီး ဟန်(မ်)ဆေး၊ ဟွေပတိန်ကျေးရွာ ဟုမ္မလင်းမြို့နယ် နေသူအား အမြန်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တောလမ်းကြား၌ မသင်္ကာဖွယ်ရပ်တန့်ထားသည့် ယာဉ်ပေါ်မှ ပိတောက်စားရွှေသစ်များ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၉၅ စီး၊ သွင်းကုန် ၁၀၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၇၉၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၄၃၈ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၂၃၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၅ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၁ မိုင် ၇ ဖာလုံအနီး တောလမ်းကြား၌ မသင်္ကာဖွယ် ရပ်တန့်ထားသော SUZUKI ယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းတွင် စောင်စဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်စားရွှေသစ် ၁၉ တုံး၊ ၀ ဒသမ ၄၇၆၂ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၂၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း) မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက် ၅၁ လမ်းနှင့် အေးသုခလမ်းထောင့်၌ မိုးဇော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ဘိန်းဖြူ အလေးချိန် ၁၂၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ အမှုကွင်းဆက်အရ မျိုးသက်ဦး နှင့် မစန်းစန်းမြင့် (ခ)မငယ်၊ မမော်ဆွေဆိုင်းတို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ်၊ နမ့်ခမ်း-မန့်နောင် ကူးတို့ဆိပ်သွားလမ်း၌ ကျော်အေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူဆယ်မြို့နယ် နောင်လောင်း ကျေးရွာအုပ်စု နမ့်စန်ဂိုဒေါင်ကျေးရွာနေ ယောဟန်(ခ)မာတန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၂၅၀၊ ဘိန်းဖြူ ၂၀ ဂရမ် နှင့် ငွေကျပ် ငါးသိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။

**ကိုရဲ**

# ၂၀၁၇-၁၈ ရာသီ KBZ Bank Women League ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women League ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဒီဇင်ဘာ ၂၇ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပထမအကြိမ် ယှဉ်ပြိုင်ခဲ့သည့် အသင်းခုနစ်သင်းဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းအရေအတွက် ထပ်တိုးလာခြင်းမရှိပေ။ ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women League ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းအပါအဝင် သစ္စာအားမာန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အား/ကာသိပ္ပံ၊ ဂန္ဓမာ၊ YREO နှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်အားလုံးကို အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဒီဇင်ဘာ ၂၇ ရက်တွင် မြဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာ အသင်း၊ ဒီဇင်ဘာ ၂၉ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ နိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီး လိဂ်ပြိုင်ပွဲယှဉ်ပြိုင်မည့် ကလပ်အသင်းများအား ထောက်ပံ့ကြေးများ ပိုမို ပေးအပ်မည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မတ်လတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပထမဆုံးအကြိမ် ကျင်းပသည့် အမျိုးသမီး လိဂ်ပြိုင်ပွဲတွင် မြဝတီအသင်း ဗိုလ်စွဲခဲ့ပြီး သစ္စာအားမာန်အသင်းက ဒုတိယနေရာ ရရှိခဲ့သည်။ **ရဲရင့်ရှိုင်း**



**ဓာတ်ပုံ-စိုးညွန့်**

# လီဗာပူးနှင့် မန်စီးတီးအုပ်စု ပထမဖြင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် တက်ရောက်

ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စု ပွဲစဉ်များကို ဒီဇင်ဘာ ၇ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ၁၆ သင်းအဆင့်သို့ တက်ရောက်သွားသောအသင်းများ ထပ်မံထွက်ပေါ်ခဲ့သည်။

အုပ်စု (E) ၌ မာရီဘောနှင့် ဆီဗီလာတို့ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့ပြီး လီဗာပူးက ခုနစ်ဂိုး-ဂိုးမရှိဖြင့် စပါးတပ်မော်စကို ကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ လီဗာပူးက အုပ်စုပထမ၊ ဆီဗီလာက အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။

အုပ်စု (F) ပွဲစဉ်တွင် ရှက်တာဒိုးနက်ခ်က မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဖီယင်နုက နာပိုလီကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် မန်စီးတီးက အုပ်စုပထမနှင့် ရှက်တာဒိုးနက်ခ်က အုပ်စုဒုတိယ ရရှိသည်။

အုပ်စု (G) ၌ ဘက်ဆစ်တပ်စ်က လိုက်ပ်ဇစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပေါ်တိုက အိမ်ကွင်းတွင် မိုနာကိုကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ရာ ဘက်ဆစ်တပ်စ်က အုပ်စု ပထမ၊ ပေါ်တိုက အုပ်စုဒုတိယ ရရှိသည်။

အုပ်စု (H) ၌ ရီးရဲမက်ဒရစ်က ဒေါ့မွန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး စပါးက အေပိုးလ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ စပါးက အုပ်စုပထမနှင့် ရီးရဲမက်ဒရစ်က အုပ်စု ဒုတိယရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ ယခုနှစ် ချန်ပီယံလိဂ် ၁၆သင်းအဆင့်သို့ အင်္ဂလန်မှငါးသင်းစလုံးတက်ရောက်နိုင်မှုမှာ စံချိန်သစ်တင်နိုင်ခြင်းဖြစ်သည်။ **သီဟ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ယခုနှစ်ချန်ပီယံလိဂ်အုပ်စုအဆင့်သည် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပြီးခဲ့သော ရာသီများကထက် ၂၀၁၇-၂၀၁၈ ရာသီ၌ စုစုပေါင်း သွင်းဂိုး ၃၀၆ ဂိုးဖြင့် အများဆုံးသွင်းယူထားနိုင်ကြောင်း သိရသည်။ ပီအက်စ်ဂျီအသင်းသည် ခြေစွမ်းအတိုးတက်ဆုံးအသင်းဖြစ်ပြီး အုပ်စုအဆင့်တွင် သွင်းဂိုး ၂၅ ဂိုးဖြင့် စံချိန်သစ်တင်နိုင်ခဲ့ကာ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးရှင် နေမာသည်လည်း ခြောက်ဂိုးသွင်းယူနိုင်ခဲ့သည်။ လီဗာပူးအသင်းသည်လည်း အုပ်စုအဆင့်တွင် သွင်းဂိုး ၂၃ ဂိုးဖြင့် မှတ်တမ်းတစ်ခု ပိုင်ဆိုင်ထားသည်။ စီရော်နယ်ဒိုသည်လည်း အုပ်စုအဆင့်တွင် ပွဲတိုင်းဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။
- ဒီယေဂို ပါရော့တာသည် ရိုးမားအသင်းနှင့်အတူ နှစ်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ရိုးမားအသင်းက မနေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပါရော့တာ (၂၄နှစ်) ၏ စာချုပ်သည် လာမည့်ရာသီတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော်လည်း ၂၀၂၁ ခုနှစ်အထိ ရှိမည်ဖြစ်သော စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီခဲ့ခြင်းလည်း ဖြစ်သည်။
- လီဗာပူးအသင်းသည် အန်ဖီးလ်ကွင်းတွင် စပါးတပ် မော်စကိုအသင်းကို ဂိုးပြတ်အနိုင်ရရှိပြီး ထိုပွဲတွင် ဖီးလစ်ပီကော်တင်ဟိုသည် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုဟက်ထရစ်ဂိုးနှင့်ပတ်သက်ပြီး ကော်တင်ဟိုက "အလွန်ကောင်းမွန်တဲ့ ညတစ်ညပါပဲ၊ ကျွန်တော့်ရဲ့သွင်းဂိုးတွေနဲ့ ခြေစွမ်းအပေါ်မှာလည်း အားရကျေနပ်ပါတယ်"ဟု ယူအီးအက်ဖ်အေ ဒေါ့ကွန်းသို့ ပြောကြားခဲ့သည်။
- ချယ်လ်ဆီးနည်းပြ ကွန်တီသည် ပြီးခဲ့သည့် အပတ်က ဆွမ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိ အနိုင်ရရှိချိန်တွင် ကွင်းလယ်ဒိုင် နေးလ်ဆွာဘရစ်၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး စောဒကတက်ခဲ့မှုကြောင့် ဘောလုံးအဖွဲ့ချုပ်က ပေါင်ရှစ်သောင်း ဒဏ်ရိုက်လိုက်ကြောင်း သိရသည်။ ပွဲအပြီးတွင် အီတလီ လူမျိုးနည်းပြ ကွန်တီသည် ကွင်းလယ်ဒိုင်ကို တောင်းပန်ကြောင်း ပြောဆိုခဲ့သည်ဟု သိရသည်။

**ဇော်ဇော်**


## ဝန်ထမ်းခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းခြံတွင် အလုပ်လုပ်ကိုင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော ဝန်ထမ်းများ အလိုရှိပါသည်။

ကျား (၂၀၀)ဦး

- ခြံလုပ်ငန်းများဖြစ်သည့် ဆီသီးခူးခြင်း၊ မြေသြဇာကျွေးခြင်းနှင့် ပေါင်းခုတ်လုပ်ငန်းများလုပ်ကိုင်ရမည်။
- အသက် ၄၀ ထက်မကြီးရ
- ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရှိပြီးသူ ဖြစ်ရမည်။
- အခြေခံလစာအပြင် လစဉ်မိမိလုပ်အားပေါ်ကြည့်၍ (A,B,C)အဆင့်သတ်မှတ်ကာ အပိုဆောင်းလစာငွေ ခံစားခွင့်ရှိပါသည်။
- ဆီအုန်းခြံလုပ်ငန်း လုပ်ကိုင်ဖူးသူ၊ အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- စိတ်ပါဝင်စားသူများသည် CV လျှောက်လွှာနှင့်အတူ Golden Flower Co.,Ltd အမှတ် ၂၁၄(A)၊ ဝါးတန်းလမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ လမ်းမတော်မြို့နယ်သို့ လူကိုယ်တိုင်လာရောက်၍ တွေ့ဆုံလျှောက်ထားနိုင်ပါသည်။
- လူကိုယ်တိုင်တွေ့ဆုံလျှောက်ထားမှုအား (၁၁-၁၂-၂၀၁၇မှ ၂၂-၁၂-၂၀၁၇ ရက်ထိ၊ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီထိ) (စနေ၊ တနင်္ဂနွေ ရုံးပိတ်ပါသည်။)

**ဖုန်း-၀၁-၂၃၀၀၆၇၂၊ ၀၁-၂၃၀၀၆၇၇**



## အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile Co.,Ltd.မှ တည်ဆောက်လျက်ရှိသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းဘေးရှိ ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာ(ဒုတိယအဆင့်)ရှိ တိုက်ခန်းများအား မဲဖောက်ရောင်းချပေးခဲ့ပြီး တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသို့ တိုက်ခန်းဖိုးငွေ ပထမအရစ်ကျသင့်ငွေအား ၁၇-၁၀-၂၀၁၇ရက်မှ ၁၇-၁၂-၂၀၁၇ရက်အတွင်း ပေးသွင်းရန် ဆက်သွယ်အကြောင်းကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုက်ခန်းများအတွက် ပထမအရစ်ငွေပေးသွင်းခြင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဆယ်ထပ်ရုံးမြေညီထပ်တွင် ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၁၇ရက် နောက်ဆုံးထား ပေးသွင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိသော တိုက်ခန်းများအား ဝယ်ယူခွင့်ရရှိသူစာရင်းမှ ပယ်ဖျက်၍ အခြားဝယ်ယူလိုသူများထံသို့ ထပ်မံရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## မအူပင် အထက(၁)မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ယခင်ဟိုက်စကူးကျောင်း)၏အကြိမ်(၂၀)မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၇ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် မအူပင်မြို့ အထက(၁) မြတ်ပညာခန်းမ၌ ကျင်းပပူဇော်ပါမည်။

အဆိုပါမြတ်ဆရာပူဇော်ပွဲသို့ ၎င်းကျောင်းတွင်တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားခဲ့ကြသည့် အသက်(၆၀)ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေ၊ ဂါရဝပြုလက်ဆောင်များ ပေးပို့လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးမြစိုး ဖုန်း-၀၁-၅၂၇၁၈၂၊ ဦးမြင့်သိန်း (ရွှေမဟာ) ဖုန်း-၀၉-၄၂၈၅၉၂၁၈၀၊ ဦးမျိုးသက် ဖုန်း-၀၉-၅၁၈၁၄၀၂၊ ဦးတင်စိုး ဖုန်း-၀၉- ၅၁၈၁၄၁၂၊ ဦးကျော်ထူးအောင် ဖုန်း-၀၉-၂၅၄၂၅၉၅၅၀၊ ဦးမော်ကြီး(ခ) ကိုမြင့်မော်-မစန္ဒာ ဖုန်း-၀၉-၅၁၇၀၉၆၉၊ ဦးကျော်ထိန်လင်း ဖုန်း-၀၉-၇၃၀၀၈၇၉၆၊ မအူပင်မြို့တွင် ဦးသိန်းထွန်း ဖုန်း-၀၉-၉၇၃၃၂၉၃၀၃၊ ၀၄၅-၃၀၄၇၀၊ ဦးထွန်းနောင် ဖုန်း-၀၉-၄၀၀၃၀၁၅၁၀၊ ဦးချင်းချောင် ဖုန်း-၀၉-၇၉၃၆၉၁၉၀၀၊ ဦးသန်းငွေ-ဒေါ်အိမမသက် ဖုန်း-၀၉-၄၂၂၄၅၂၄၂၄၊ ဒေါက်တာခင်သန်းအေး ဖုန်း-၀၄၅-၃၀၃၈၁၊ ဒေါ်ဝင်းဝင်းမြ ဖုန်း-၀၄၅-၃၀၂၄၂၊ ဦးစိန်ဝင်း(ထွေ/အုပ်)ဖုန်း -၀၉-၄၉၇၅၁၉၆၇၊ ဦးကျော်ကျော်ဆန်း ဖုန်း-၀၉-၄၂၂၄၉၃၇၀၃၊ ဦးအောင်သန်းဦး ဖုန်း-၀၉-၂၅၀၅၇၂၂၅၆၊ ကိုသူရိန်လင်း ဖုန်း-၀၉-၂၅၀၂၈၄၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ရန်ကုန်မြို့မှ ပူဇော်ပွဲသို့ တက်ရောက်လိုသူများအတွက်လည်း ကြို/ပို့ ကားများ စီစဉ်ထားပါသည်။



## ★ နေမင်းစကြာ ★

ရာထူးဝင်သင်တန်းကြီး

◆ ထွေ/အုပ် (နှဦးစီး) သင်တန်းကြေး - ၃၅၀၀၀/-

အနီကတ် (၈) ရက်ပြတ်သင်တန်း (11.12.2017 ရက်နေ့စပြီ။)

မိန်းကလေးများအတွက် အဆောင်ရှိသည်။

လူဦးရေကန့်သတ်ထားပါ၍ ကြိုတင်စာရင်းသွင်းနိုင်ပြီ။

Ph : 09 420042200, 09 253033923, 09 264335331



## စက်ပန်းထိမ်ဝန်ထမ်းအလိုရှိသည်

၁။ ဖယောင်းမိုထွင်းကျွမ်းကျင်(ကျား/မ) ၁၀ ဦး
၂။ စာရင်းကိုင် စာရေးမဘွဲ့ရ(မ) ၁ ဦး
၃။ Marketingဘွဲ့ရ(မ) ၂ ဦး

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၉၉၀၇၅၊ ၀၉-၄၂၂၄၅၆၈၃၈**

**မှတ်ချက်။** အမှတ်စဉ်(၂)နှင့်(၃)သည် အိမ်ထောင်မရှိသူများသာ လျှောက်ထားရန်။



## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၇၂၄၇၆၊ Sonbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းအေးသူ ၉/အမရ(နိုင်)၀၂၈၂၁၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3978 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



## ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့ရှိ အစိုးရ စက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်)တွင်သံကူကွန်ကရစ် ပေါင်းကူးတံတား ပေ(၈၀×၂၀)နှစ်ခုနှင့် ကျောင်းရှေ့ မျက်နှာစာ ကွန်ကရစ်လမ်းခင်းခြင်း(ပေ၂၆၀×ပေ၅၀ ×၆လက်မ)နှင့် ကျောင်းတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း (ပေ ၁၅၀၀× ၁၂ပေ× ၆လက်မ)လုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၂-၁၂-၂၀၁၇ရက်
**လျှောက်လွှာရောင်းချမည့်နေရာ** - အစိုးရအဖွဲ့ရုံး၊လူမှုရေးဝန်ကြီးဌာန

၂။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် သိရှိလိုသည့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့**



## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(၁) နဝမတန်းမှ မောင်ငြိမ်းဌေးအောင်၏ ဖခင်အမည်မှန်မှာ ဦးနန်းဝင်းဘို ၈/စလန(နိုင်)၀၉၈၆၁၂ ဖြစ်ပါကြောင်း။



## အမည်ပြောင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ ကောင်းကံရပ်နေ (ဘ)ဦးခင်မြ၏သား မောင်ထက်ထက်ထွန်းထိုက် ၁၃/ကတန(နိုင်) ၁၃၂၃၇၃အား ယနေ့မှစ၍ မောင်အုပ်စိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အုပ်စိုးအောင်**



## မြေကွက်အမြန်ရောင်းမည်

ဂရန်အမည်ပေါက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၅)လမ်း၊ အမှတ် ၉၃၉၊ ပေ(၃၉×၆၀) ရေမီးအစုံ။

**တစ်ခွန်းဈေး-သိန်း(၁၀၀၀)**

သွားကြည့်ပြီး တန်မည်ထင်မှ ဝယ်ပါ။ (ပွဲစားမလို)

**ဖုန်း-၀၉-၅၁၉၉၀၇၅၊ ၀၉-၄၂၂၄၅၆၈၃၈**



## 'ရောင်း/ငှားမည်'

၁။ ကမ္ဘာအေးဘုရားလမ်းမ ပေ(၇၅×၁၀၀) မြေကွက် — ငှား
၂။ ကမ္ဘာအေးဘုရားလမ်းမ ပေ(၃၅×၈၀) R.C ၂ထပ် ပြင်ဆင်ပြီး — ငှား
၃။ မဟာဗန္ဓုလလမ်းမနှင့် မောင်ခိုင်လမ်းထောင့်၊ ကွန်ဒို ပေ(၂၀×၉၀) သုံးလွှာ — ငှား
၄။ ကောလိယ(၃၁)လမ်း ရတနာလမ်းကျောကပ် ပေ(၄၅×၆၀) BN နှစ်ထပ် — ငှား
၅။ သဃ်ာန်းကျွန်းဈေး ကုန်မျိုးစုံဆိုင်ခန်း (လေး)ခန်းတွဲ — ရောင်း

**ဖုန်း-၀၉-၅၁၁၇၆၁၉၊ ၀၉-၇၆၅၁၁၇၆၁၉**



## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

တန့်ယန်းမြို့နယ်၊ နောင်ဖားကျေးရွာနေ ဦးအိုက်ပေါင်၏သား မောင်ညီကျဲနှင့် မောင်ညီကြိုင်း ၁၃/တယန(နိုင်) ၀၇၃၉၆၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၂-၁၉၉၅ ဖြစ်ပါကြောင်း။

**မောင်ညီကျဲနှင့်မောင်ညီကြိုင်း**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9462 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

# ၂၀၁၈ ရုရှားသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဗလာဒီမာပူတင် ဝင်ရောက်ယှဉ်ပြိုင်မည်

**မော်စကို ဒီဇင်ဘာ ၇**

လာမည့် ၂၀၁၈ ခုနှစ်တွင် ပြုလုပ်မည့် ရုရှားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဗလာဒီမာပူတင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသမ္မတ ပူတင်က မိမိအနေဖြင့် လာမည့်နှစ်တွင် ကျင်းပမည့် ရုရှားသမ္မတ ရွေးကောက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း နိုင်ငံအနောက်ပိုင်းရှိ ကားထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လည်ပတ်စဉ် ပြောကြားခဲ့သည်။ ထို့အတူ အားလုံး၏ ထောက်ခံအားပေးမှုကိုလည်း ကျေးဇူးတင်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သမ္မတပူတင်သည် အသက် ၆၄ နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံ သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၄ ခုနှစ်တွင် ၎င်းကို ရုရှားသမ္မတအဖြစ် ထပ်မံရွေးချယ်ခဲ့သည်။ ရုရှားနိုင်ငံ အခြေခံ ဥပဒေအရ မည်သူမျှ သမ္မတသက်တမ်းကို နှစ်ကြိမ်ဆက်တိုက် ထမ်းဆောင်ခွင့်မရှိသောကြောင့် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် ၎င်းသည် ဝန်ကြီးချုပ်အဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၂၀၁၂ ခုနှစ်တွင် ရုရှားသမ္မတအဖြစ် ပြန်လည် ရွေးချယ်ခြင်းခံခဲ့ရပြန်သည်။ ၎င်းသည် ရုရှားသမ္မတအဖြစ် သုံးကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုနောက်ထပ်တစ်ကြိမ် ထပ်မံရွေးချယ်ခံရပါက စံချိန်တင် သမ္မတတစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**





## အကြမ်းဖက်သမားများကို အာဖဂန်အစိုးရက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၇**

အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့က နိုင်ငံတွင်းရှိ အိုင်အက်စ် အကြမ်းဖက်အဖွဲ့အစည်းနှင့် အစိုးရအတိုက်အခံ တာလီဘန် လက်နက်ကိုင်အဖွဲ့အစည်းတို့အား အစောပိုင်းရက်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်တပ်ဖွဲ့ဝင်ပေါင်း ၃၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အစိုးရတိုက်လေယာဉ်များသည် နိုင်ငံအရှေ့ပိုင်း နန်ဂါဟာ ပြည်နယ်အတွင်းရှိ အိုင်အက်စ်အစွန်းရောက်အဖွဲ့တို့ ပုန်းအောင်းနေသော စခန်းအား လေကြောင်းဗုံးကြဲတိုက်ခိုက်မှု ဆောင်ရွက်ခဲ့ရာ အစွန်းရောက်တပ်ဖွဲ့ဝင် ၂၅ ဦးကို ချေမှုန်းနိုင်ခဲ့ပြီး လက်နက်ခဲယမ်းများကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဗုံးကြဲတိုက်ခိုက်မှုတွင် အရပ်သားများ သေဆုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း နန်ဂါဟာအစိုးရက ယမန်နေ့က သတင်းထုတ်ပြန် ကြေညာခဲ့သည်။

ထို့အပြင် နိုင်ငံမြောက်ပိုင်းရှိ တာလီဘန်တပ်ဖွဲ့တို့ ပုန်းအောင်းနေထိုင်သည့် တပ်စခန်းကိုလည်း ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့ကြောင်း အစိုးရတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

လတ်တလောတွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့တို့သည် နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာ လူများ သေဆုံးခဲ့ကြသလို ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အစိုးရတပ်ဖွဲ့အနေဖြင့် အဆိုပါ အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေး နိုင်ငံအတွင်း အကြမ်းဖက် နှိမ်နင်းမှု၊ စစ်ဆင်မှုများ အဆက်မပြတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဘရာဇီး ရဲတပ်ဖွဲ့၏ အလိုအရှိဆုံး မူးယစ်ရာဇာအား ဖမ်းဆီးရမိ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၇**

ဘရာဇီးရဲတပ်ဖွဲ့၏ အလိုအရှိဆုံး စာရင်းတွင် ထိပ်ဆုံးမှ ပါဝင်သော ရိုဂျီရို-၁၅၇ ခေါ် မူးယစ်ရာဇာ ရိုဂျီရို အဗီလင်နို ဒါဆီလ်ဗာကို ရီယိုဒီဂျနေးရိုးမြို့တွင် ယမန်နေ့က ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

၎င်းကို ရီယိုမြို့မြောက်ပိုင်း အာရာရာ ဆင်းရဲသားကျူးကျော်ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းလုံခြုံရေးဆိုင်ရာ အတွင်းရေးမှူးက တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

၎င်းကို ဖမ်းမိနိုင်ရေးအတွက် ဆင်းရဲသား ကျူးကျော်ရပ်ကွက်ခြောက်ခု၌ တပ်မတော်နှင့် ရဲတပ်ဖွဲ့အင်အား ၃၀၀၀ ကျော် အသုံးပြုခဲ့ရကြောင်း သိရသည်။

ရိုဂျီရို-၁၅၇ သည် ဘရာဇီးနိုင်ငံရှိ အကြီးဆုံး ကျူးကျော်ရပ်ကွက်ဖြစ်သော ရိုဆင်ဟာရှိ ရာဇဝတ်ဂိုဏ်းတစ်ခု၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အဆိုပါရပ်ကွက်အတွင်းတွင် လွန်ခဲ့သောလများက ပြိုင်ဘက်ဂိုဏ်းအချင်းချင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၎င်းအား ဖမ်းဆီးနိုင်ရန် သတင်းပေးနိုင်သူအား ဘရာဇီး ရီရယ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၀၀၀ ခန့်) ဆုကြေးပေးမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

၎င်းသည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု၊ ခြိမ်းခြောက်ငွေတောင်းခံမှုနှင့် လူသတ်မှု စွဲချက်များဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ၎င်းသည် ရဲများ၏ အပူတပြင်း လိုက်လံဖမ်းဆီးမှုကို ရှောင်ရှားနိုင်ရန် နေရာအတည်တကျမရှိဘဲ အမြဲတမ်းရွှေ့ပြောင်း နေထိုင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**




# ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ကြောင်း အမေရိကန်၏ ကြေညာချက်ကို နိုင်ငံတကာက ပြင်းပြင်းထန်ထန် တုံ့ပြန်



**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်လိုက်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာလိုက်ပြီး တဲလ်အဗစ်ရှိ အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းရန် အမိန့်ပေးခဲ့ကြောင်း သိရသည်။

ထရန့်၏ ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတကာက ဝေဖန်ပြစ်တင်ခဲ့ကြပြီး ကမ္ဘာတစ်ဝန်းတွင် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၎င်းအနေဖြင့် အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေး အလားအလာများကို ပျက်ပြားစေမည့် မည်သည့်ဆောင်ရွက်မှုမျိုးကိုမဆို ကန့်ကွက်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

ဂျေရုဆလင်မြို့ကို အဆင့်သတ်မှတ်ရေးသည် သက်ဆိုင်ရာ နိုင်ငံအဖွဲ့အစည်းနှစ်ခုက လုံခြုံရေးကောင်စီနှင့် အထွေထွေ ညီလာခံဆုံးဖြတ်ချက်များကို အခြေခံ၍ တိုက်ရိုက် ညှိနှိုင်းဆွေးနွေးမှုဖြင့်သာ ဖြေရှင်းသွားသင့်သည့် အကြောင်းအရာဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ထရန့်၏ ယင်းဆုံးဖြတ်ချက်ကို ကြေညာခဲ့ပြီး မကြာမီမှာပင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ထရန့်၏ ကြေညာချက် ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလိုပင် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်သည် ပါလက်စတိုင်း ရုပ်မြင်သံကြားမှတစ်ဆင့် ထရန့်၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင် ဝေဖန်ခဲ့သည်။ ယင်းကြေညာချက်သည် အစ္စရေးနိုင်ငံအား တရားဝင်ဖြစ်စေလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဂျေရုဆလင်ကို အဆင့်သတ်မှတ်မှုသည် အထိအခိုက်မခံသော၊ ရှုပ်ထွေးသော ကိစ္စတစ်ခုဖြစ်ကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးက အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းကြရန်လိုကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဂမ်ရှောင်က တိုက်တွန်းခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ယီမင်သမ္မတဟောင်းနှင့် အပေါင်းပါတို့ကို ဟူသီသူပုန်တို့ သတ်ဖြတ်

ဆာနား ဒီဇင်ဘာ ၇

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလတ်၊ ၎င်း၏တူ၊ ဆွေမျိုးများနှင့် ဆာလတ်ပါတီ၏ အထွေထွေအတွင်းရေးမှူးတို့ကို သတ်ဖြတ်ခဲ့ကြောင်း ဟူသီသူပုန်အဖွဲ့၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးက မကြာသေးမီတွင် အတည်ပြုပြောကြားခဲ့သည်။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလတ်နှင့် ၎င်းပါတီ၏ လက်ထောက် အတွင်းရေးမှူး ယာဇာအယ်လ်အာဝါဒီတို့သည် ဆာနားမြို့အစွန်အဖျားအရှေ့တောင်ဘက်ရှိ ခွာလန်ခရိုင်ကိုဖြတ်၍ ဆော်ဒီကျောထောက်နောက်ခံ အစိုးရက ထိန်းချုပ်ထားသည့် မာရစ်ဘ်ပြည်နယ်သို့ ထွက်ပြေးရန်ကြိုးစားစဉ် အသတ်ခံလိုက် ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဆာလတ်ပါတီ၏ အထွေထွေ အတွင်းရေးမှူးဖြစ်သူ အာရစ်ဖ်အယ်လ်ဇူကသည် ဆာနားမြို့၌ပင် အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယီမင်သမ္မတ ဟောင်း အလီအဗ္ဗဒူလာဆာလတ်၏ တူဖြစ်သူ တာရက်ခ်သည် မြို့တော်ဆာနား ဟက်ဒက်ရပ်ကွက်ရှိ ၎င်း၏အိမ်တွင် အသတ်ခံခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လတ်တလောတွင် မြို့တော်ဆာနားနှင့် အနီးဝန်းကျင်ဒေသများတွင် လုံခြုံရေး အခြေအနေနှင့် တိုက်ပွဲများ လျော့နည်းသက်သာလာပြီဖြစ်ကြောင်း သိရသော်လည်း ဆော်ဒီဦးဆောင်ညွန့်ပေါင်းတပ်ဖွဲ့၏ စစ်လေယာဉ်များသည် မြို့တော်ပေါ်တွင် ဆက်လက်ပျံဝဲလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### ဂျေရုဆလင်၌ ဖြစ်ပွားမည့် အန္တရာယ်ကို ဂျာမနီနှင့် ပြင်သစ် ပြည်သူများအား သတိပေး

ဘာလင် ဒီဇင်ဘာ ၇

အမေရိကန်ပြည်ထောင်စုက ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ်သတ်မှတ်လာနိုင်ဖွယ်ရှိသည်ဟူသော သတင်းများ ပေါ်ထွက်လာခဲ့ပြီးနောက် ဂျာမနီသည် အရှေ့အလယ်ပိုင်းဒေသတွင် ပြင်းထန်သောပဋိပက္ခများ အကြီးအကျယ် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်မှုများပေါ်ပေါက်လာမည်ဟု မျှော်လင့်ရကြောင်းနှင့် ၎င်း၏နိုင်ငံသားများအနေဖြင့် ဂျေရုဆလင်အရှေ့ပိုင်း၊ အနောက်ဘက်ကမ်းပါးနှင့် ဂါဇာဒေသတို့တွင် ကြီးမားသည့် လူစုလူဝေးမှန်သမျှကို ရှောင်တိမ်းကြရန် ၎င်း၏နိုင်ငံသားများအား သတိပေးထားကြောင်း သိရသည်။ ဘာလင်ရှိ ဂျာမနီဝန်ကြီးဌာနက ဂျေရုဆလင်၊ အနောက်ဘက်ကမ်းပါးနှင့်ဂါဇာတို့တွင် ဆန္ဒဖော်ထုတ်မှုများ ရှိလာနိုင်ကြောင်း၊ ပြင်းထန်သော ပဋိပက္ခများလည်း ပေါ်ပေါက်လာနိုင်ကြောင်း သတိပေးခဲ့သည်။ **ရိုက်တာ**

# ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဖျက်ဆီးပစ်မယ့် ဆုံးဖြတ်ချက်

**ကလျာမိုးမြင့်**



ယခုရက်ပိုင်းအတွင်းမှာ အမေရိကန်ပြည်ထောင်စုက ဂျေရုဆလင်မြို့တော်ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ်သတ်မှတ်ဖို့ ထည့်သွင်းစဉ်းစားလာမှုက ဒေသတွင်းမှာ အပြန်အလှန်စကားစစ်ထိုးငြင်းခုံမှုတွေကို ပေါ်ပေါက်လာစေခဲ့ပါတယ်။ အကယ်၍ အမေရိကန်က ဒီလိုသတ်မှတ်ဖို့အပြီးဆုံးဖြတ်လိုက်မယ်ဆိုရင် အရှေ့အလယ်ပိုင်းဒေသအတွင်းမှာ ငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းဆောင်ရွက်နေမှုတွေကို ထိခိုက်လာနိုင်မယ့် နောက်ဆက်တွဲ ပြဿနာတွေနဲ့ပတ်သက်ပြီး အပြန်အလှန်ငြင်းခုံခဲ့ကြပါတယ်။

**အမေရိကန်၏ ရပ်တည်မှု သမိုင်းကြောင်းကို ပြန်လည် ဆန်းစစ်ခြင်း**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အကြံပေးပုဂ္ဂိုလ်လည်းဖြစ် သားသမက်လည်း ဖြစ်တဲ့ ဂျားကုရှ်နာက သမ္မတထရန့်ဟာ ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ဖို့ အခုထိဆုံးဖြတ်ချက် မချရသေးသလို အစ္စရေးနိုင်ငံ တဲလ်အဗစ်မှာရှိတဲ့ အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းဖို့ကိုလည်း ဆုံးဖြတ်ရခြင်း မရှိသေးဘူးလို့ တနင်္ဂနွေနေ့မှာ ပြောကြားခဲ့ပါတယ်။

အခုချိန်မှာ ထရန့်အနေနဲ့ မတူညီတဲ့ အချက်အလက်ပေါင်းများစွာကို အခုချိန်အထိ ဆန်းစစ်နေတုန်းပဲလို့ ဝါရှင်တန်ဒီစီမှာ အခြေစိုက်ထားတဲ့ အမျိုးသား အကျိုးစီးပွားပြဿနာတွေအတွက် အကြံဉာဏ်များပေးအပ်ဖို့ ဖွဲ့စည်းထားတဲ့ ပါရဂူအဖွဲ့က ဦးဆောင်နေတဲ့ Brookings Institute က ကျင်းပတဲ့ အခမ်းအနားတစ်ခုမှာ ကုရှ်နာက ပြောကြားခဲ့တာဖြစ်ပါတယ်။

ထရန့်ဟာ ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ်သတ်မှတ်ဖို့ ဆုံးဖြတ်ချက်တစ်ရပ်ကို လာမယ့် ဗုဒ္ဓဟူးနေ့မှာ ကြေညာကောင်း ကြေညာနိုင်တယ်လို့ အမေရိကန် သတင်းမီဒီယာက ပြီးခဲ့တဲ့ ရက်သတ္တပတ်က သတင်းဖော်ပြခဲ့ပြီးတဲ့နောက်မှာ ကုရှ်နာက ယခုလိုပြောဆိုခဲ့တာပါ။ ဒီလိုသာ ဆုံးဖြတ်လိုက်ရင် ဂျေရုဆလင်မြို့ရဲ့ ဂုဏ်အင်္ဂါအဆင့်အတန်းကို သတ်မှတ်ဖို့နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းတွေအတွင်းမှာ ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်မှုနဲ့သာ ဆုံးဖြတ်သင့်တယ်လို့ စွဲမြဲစွာပြောဆိုလာခဲ့တဲ့ အမေရိကန်ရဲ့ရပ်တည်ချက်ကို ပြောင်းပြန်လှန်ပစ်လိုက်သလို ဖြစ်သွားတော့မှာပါ။

ဂျေရုဆလင်ရဲ့ ဂုဏ်အင်္ဂါဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကတည်းကစပြီး ရပ်တန့်သွားခဲ့ရတဲ့ ပါလက်စတိုင်း- အစ္စရေး ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးတဲ့ မေးခွန်းတွေထဲက တစ်ခုဖြစ်နေပါတယ်။ အမေရိကန်က ကမကထပြုခဲ့တဲ့ ဆွေးနွေးပွဲတွေ ကြီးကြီးမားမား အောင်မြင်ခဲ့တဲ့ ရလဒ်တွေမရှိဘဲ ကိုးလကြာအောင် ပြုလုပ်ခဲ့ရပြီးနောက်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ ရပ်တန့်သွားခဲ့ရပါတယ်။

ပါလက်စတိုင်းပြည်သူတွေဟာ ၁၉၆၇ ခုနှစ်မှာ အစ္စရေးက သိမ်းပိုက်ခဲ့တဲ့ အရှေ့ ဂျေရုဆလင်ကို ၎င်းတို့ရဲ့ အနာဂတ် လွတ်လပ်ရေးဒေသအဖြစ် သတ်မှတ်ဖို့ အလိုရှိနေခဲ့ပြီး တစ်ဖက်မှာတော့ အစ္စရေးက ဂျေရုဆလင်မြို့တစ်မြို့လုံးကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ဖို့အလိုရှိနေပါတယ်။ ဒီတော့ နှစ်ဖက်စလုံးရဲ့ဆန္ဒ သဘောထားတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေက အသိအမှတ်မပြုတဲ့အတွက် ဂျေရုဆလင်ကို အဆင့်အတန်းသတ်မှတ်ဖို့ အခုထိ အပြီးသတ် သဘောတူညီမှုတွေ မရရှိသေးပါဘူး။

၁၉၉၅ ခုနှစ်မှာ အမေရိကန်သမ္မတ ဘီလ်ကလင်တန်ဟာ တဲလ်အဗစ်ကနေ ဂျေရုဆလင်ကို ရွှေ့ပြောင်းအခြေစိုက်ဖို့ လိုအပ်တဲ့ အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ သမ္မတ ခြောက်လပြည့်တိုင်းမှာ တောင်းဆိုပိုင်ခွင့် စွန့်လွှတ်ကြောင်း တရားဝင်စာထုတ်ပြန်ခဲ့မှု မရှိပါဘူး။ ကလင်တန်လက်ထက်ပြီးနောက်မှာတော့ သမ္မတတွေအားလုံးက တောင်းဆိုပိုင်ခွင့် စွန့်လွှတ်ကြောင်း တရားဝင် အမိန့်ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ဂျေရုဆလင်ရဲ့အနာဂတ်ဟာ အစ္စရေးနဲ့ ပါလက်စတိုင်းနှစ်နိုင်ငံအတွင်းမှာ ပြုလုပ်တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေကနေသာ ဆုံးဖြတ်သင့်တယ်လို့ ထောက်ခံခဲ့ကြပါတယ်။

ယခုသီတင်းပတ်ဟာ ပြီးခဲ့တဲ့ ဇွန်လအတွင်းက တောင်းဆိုပိုင်ခွင့် စွန့်လွှတ်ကြောင်း တရားဝင်အမိန့်စာကို လက်မှတ်ရေးထိုးခဲ့တဲ့ သမ္မတထရန့်အတွက် ခေါင်းအခဲဆုံး အချိန်အခါဖြစ်လာပါတော့တယ်။ ပြီးခဲ့တဲ့နှစ်က သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးယှဉ်ပြိုင်ခဲ့ချိန်မှာ ထရန့်က အစ္စရေးမှာရှိတဲ့ အမေရိကန်သံရုံးကို ရွှေ့ပြောင်းဖို့ အလေးပေးခဲ့ပါတယ်။

ပါလက်စတိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အာရပ်လိဂ်အဖွဲ့ (AL) နဲ့ အစ္စလာမ္မစ် ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းကို ဂျေရုဆလင်အရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့အတွက် အရေးပေါ်အစည်းအဝေးတွေကျင်းပဖို့ တိုက်တွန်းခဲ့ပါတယ်။ အဲဒီနေ့မှာပဲ အာရပ်လိဂ်အဖွဲ့က အကယ်၍ အမေရိကန်ဟာ ဂျေရုဆလင်ကို အစ္စရေးရဲ့ မြို့တော်အဖြစ် သတ်မှတ်လိုက်မယ်ဆိုရင် ဖြစ်လာနိုင်မယ့် အန္တရာယ်ကြီးမားတဲ့ အကျိုးဆက်တွေနဲ့ ပတ်သက်ပြီး သတိပေးခဲ့ပါတယ်။

သိမ်းပိုက်ထားတဲ့ ပါလက်စတိုင်းနိုင်ငံသားတွေနဲ့ အာရပ်မြေတွေဆိုင်ရာ အာရပ်လိဂ် ဒုတိယအတွင်းရေးမှူးချုပ် ဆာအိဒ်အဘူအလီက အမေရိကန်ဟာ အဲဒီလို ဆုံးဖြတ်လိုက်မယ်ဆိုရင် ဒီဆုံးဖြတ်ချက်ဟာ အစ္စရေးကို နိုင်ငံတကာက ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို ချိုးဖောက်ဖို့ အခွင့်အလမ်းတစ်ခုကို ပေးလိုက်တာဖြစ်ပြီး အမေရိကန်အနေနဲ့လည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ပျက်ပြားအောင်ဖျက်ဆီးတဲ့ နိုင်ငံအဖြစ် ကျရောက်သွားစေတော့မှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အိုင်မန်ဆာဖာဒီကလည်း ၎င်းဟာ ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်ရင်ဖြစ်လာမယ့် ကြီးမားတဲ့ဆိုးကျိုးတွေနဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်နဲ့ စကားပြောဆိုဆွေးနွေးဖြစ်ခဲ့ကြတယ်လို့ တွစ်တာပေါ်မှာ ရေးသားဖော်ပြထားပါတယ်။ ဒီဆုံးဖြတ်ချက်ကြောင့် အစ္စလာမ်ဘာသာဝင် အဖွဲ့အစည်းတွေထဲမှာ ဒေါသတရားတွေ ပေါက်ပွားလာမယ်။ တင်းမာမှုတွေကို လောင်စာထည့်ပေးလိုက်သလိုဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွေ ပျက်ပြားကုန်လိမ့်မယ်လို့ ၎င်းက ရေးသားခဲ့တာပါ။

ပြီးခဲ့တဲ့ ရက်အနည်းငယ်အတွင်းမှာ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ဟာ အမေရိကန်က အခုလို ဆုံးဖြတ်ချက်ချလာနိုင်တဲ့ အလားအလာကြောင့် ဖြစ်နိုင်ဖွယ်ရှိတဲ့ အကျိုးဆက်တွေကို သတိပေးတဲ့အနေနဲ့ အာရပ်နဲ့ နောက်နိုင်ငံတွေက ခေါင်းဆောင်တွေကို ဆက်သွယ်ပြီး အကူအညီရှာဖွေခဲ့ပါတယ်။

အခုချိန်မှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး အမေရိကန်ရဲ့ ဆုံးဖြတ်ချက်ကို နိုင်ငံတကာက ပေါက်ကွဲတော့မယ့် ဗုံးတစ်လုံးလိုမျိုး စိုးတထိတ်ထိတ် ဖြစ်နေကြရပါတယ်။ ဒါဟာ အရှေ့အလယ်ပိုင်းဒေသရဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ဖျက်ဆီးပစ်မယ့် လက်နက်တစ်ခုလို့ နိုင်ငံရေးကျွမ်းကျင်သူတွေကလည်း စိုးရိမ်တကြီး မှတ်ချက်ချခဲ့ကြပါတယ်။

ရာမလာမှာ အခြေစိုက်တဲ့ နိုင်ငံရေး ကျွမ်းကျင်သူစာရေးဆရာ မိုဟာမက် ဒါရာဂါမက်က ထရန့်ရဲ့ ဒီလိုဆုံးဖြတ်ချက်မျိုးဟာ အာရပ်-အစ္စရေး ပဋိပက္ခနဲ့ ပတ်သက်ပြီး သမိုင်းတစ်လျှောက် အမေရိကန်ရဲ့ ရပ်တည်ချက် သဘောထားကို လုံးဝပြောင်းပြန်လှန်ပစ်လိုက်သလို ဖြစ်သွားမှာပဲလို့ ထောက်ပြဝေဖန်ခဲ့ပါတယ်။

တော်တော်လေး အန္တရာယ်ကြီးမားတဲ့ ဆုံးဖြတ်ချက်လည်း ဖြစ်တယ်။ ဒါဟာ ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခနဲ့ အာရပ်-အစ္စရေး ပဋိပက္ခရဲ့ မရှိမဖြစ် အရေးအကြီးဆုံး မေးခွန်းတစ်ခုအပေါ်မှာ အမေရိကန်ရဲ့သဘောထားရပ်တည်ချက်ကို လုံးဝပြောင်းလဲလိုက်သလို ဖြစ်သွားလိမ့်မယ်လို့ ၎င်းက ဆိုပါတယ်။

ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခဟာ ဆယ်စုနှစ် များစွာတိုင်အောင် ကြာမြင့်နေခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကစပြီး အစ္စရေးဟာ ၎င်းရဲ့ ပြန်လည်အခြေချရေးကို ချဲ့ထွင်တဲ့ မူဝါဒကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို လုံးဝရပ်တန့်သွားစေခဲ့တယ်ဆိုပြီး နိုင်ငံတကာရဲ့ အပြစ်ဖို့မှုကို ခံခဲ့ရပါတယ်။ အစ္စရေးရဲ့ အင်အားအကြီးဆုံး မဟာမိတ်ဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုကတောင် ၎င်းကို လက်မခံခဲ့ပါဘူး။ ။

*Ref: Xinhua*

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၄၈)

# သတင်းမှားနှင့် ဥပဒေအမြင်

**ဦးဟန်ညွန့် (ဥပဒေ)**





သတင်းမီဒီယာဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂။)

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်)

သတင်းမီဒီယာနည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

သတင်းမီဒီယာကျင့်ဝတ်

(၂၀၁၄ ခုနှစ်၊ မေလ ၃ရက်)

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

၁၃၆/၁၃၈၊ အခန်း (A + C)၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း- ၀၉-၄၄၈၀၂၆၃၂၆၊ Email; mmpresscouncil@gmail.com

၂၀၁၆ခုနှစ်၊ ဇက်တင်ဘာလ

(၁၃)ကြိမ်မြောက် အာရှဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

အေပီသတင်းဌာနက သတင်းမှားရေးခဲ့သည်။ သူ့အမှားကို အခြားသော သတင်းဌာနများကပါ ကိုးကား၍ ထပ်မှားကြသည်။

"သတင်းသမား အမှားမကင်း" ဟု ဆိုသော်ငြား မမှားသင့် မမှားထိုက်သော သတင်းကိုမူ မမှားသင့်ကြပါ။ ရိုးရိုးသားသား မှားတာလား။ ရည်ရွယ်ချက်ရှိရှိ တမင်မှားကြတာလား။ ကာယကံရှင်က ပိုသိမည်။

**သံအမတ်ကြီး ဦးကျော်ဇေယျ**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်ဇေယျက "အလွန်စိတ်မကောင်းကြောင်း၊ အမြန်ဆုံးအမှန်အတိုင်း ပြင်ဆင်ပြီး သူတို့၏ သိက္ခာကို အဖတ်ဆယ်မယ်" လို့ မျှော်လင့်ကြောင်း သံတမန်ပီသစွာ ပြောသည်။

**သတင်းကောင်စီမှ ဦးအောင်လှထွန်း**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်းကမူ-

"ပထမဆုံး အမှန်ကို အမြန်ဆုံး ရေးသားဖော်ပြရပါမယ်၊ ပြီးတော့ သက်ဆိုင်ရာနစ်နာသူတွေ၊ ဒီကိစ္စမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြန်မာတစ်မျိုးသားလုံးကို လူသိရှင်ကြားတရားဝင် ဝန်ချတောင်းပန်ရမယ်" ဟု သတင်းသမားပီသစွာ ပြောခဲ့သည်။

**[မှားသူတို့ ပြင်ဆင်သည်ဟု ကြားပါသည်]**

**မှားယွင်းမှုအတွက် ပြင်ဆင်ချက်**

"တိကျ မှန်ကန်မှုမရှိသော သတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံးအချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း" ဟု သတင်းမီဒီယာ ကောင်စီဥပဒေပုဒ်မ ၉(ခ)တွင် ပြဌာန်းထားပြီး ဖြစ်သည်။

**နစ်နာသူ**

နစ်နာသောဌာန၊ နစ်နာသော အဖွဲ့အစည်း သို့မဟုတ် နစ်နာသော ပုဂ္ဂိုလ်က ပုဒ်မ ၉ ကို ချိုးဖောက်သူအပေါ် အရေးယူပေးရန် ရှေးဦးစွာ သတင်းမီဒီယာသို့ **တိုင်ကြားနိုင်ပါသည်**။

**တိုင်ကြားနိုင်ပါသည်**ဟု ပြဌာန်းထား၍ **တိုင်ကြားရမည်** ဟုကား အဓိပ္ပာယ်မသက်ရောက်ပါ။ ဌာန၏ သဘော၊ အဖွဲ့အစည်း၏သဘော၊ ပုဂ္ဂိုလ်၏ သဘောပါပဲ။ ဤပြဌာန်းချက်ကို အားမရသူ၊ သဘောမတူသူတွေလည်း ရှိပါသည်။ ဥပဒေပြင်ဖို့အထိ ထောက်ပြသူတွေလည်း ရှိပါသည်။ **တိုင်ကြားရမည်**ဟု ရေးလျှင်၊ ပြဌာန်းလျှင် မကောင်းဘူးလား။ စဉ်းစားကြပါ။ လက်တွေ့ဘဝနှင့် သုံးသပ်သင့်ပါသည်။

**ကျင့်ဝတ်စည်းကမ်း**

သတင်းမီဒီယာသမားတစ်ဦးသည် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာဖို့ တာဝန်ရှိကြောင်း သတင်းမီဒီယာဥပဒေပုဒ်မ (၉)တွင် ဖော်ပြပြဌာန်းပြီးဖြစ်သည်။

သတင်းတိုင်း အချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ရပါမည်။ မမှန်သတင်း၊ လိမ်ညာသတင်း၊ လုပ်ကြံသတင်းများ မဖော်ပြရပါ။ သတင်းအတွေ့အကြုံတွေ များလှသူတွေဖြစ်ပါလျက် " Sorry ပါ" အလွယ်ပြောသူတွေရှိသည်။ သူ့ Sorry က ခံရသူခမျာ ဝမ်းမသာနိုင်။ မရွှင်ပြုံးနိုင်ပါ။ မသက်သာလှပါ။ ခက်တော့ အခက်သားဗျာ။

**ပြင်ဆင်ချက်**

ပြင်ဆင်ချက်တော့ ထည့်ပေးပါရဲ့။ ရေးတုန်းက စာလုံးမည်းကြီးနှင့်။ လူမြင်ကွင်းမှာ ထင်ထင်ရှားရှား ရေးခဲ့တာပါ။ ပြင်ဆင်ချက် ထည့်ချိန်မှာတော့ စာလုံးက သေးသေးကလေး။ ထင်ရှားသော စာမျက်နှာမှာ မဖော်ပြဘဲ၊ မထင်မရှားနေရာမှာ ဝတ်ကျေတမ်းကျေ ထည့်တတ်ကြသည်။ စာဖတ်ပရိသတ်ကို အထင်သေးတာလား။ **"ဒီလောက်တော့ မညံ့သေးဘူး"** ဟု ပြန်ပြောလိုက်ရမလား။

**" "တိကျမှန်ကန်မှုမရှိသော သတင်းကိုဖော်ပြမိ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံးအချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း" ဟု သတင်းမီဒီယာ ကောင်စီဥပဒေပုဒ်မ ၉(ခ)တွင် ပြဌာန်းထားပြီးဖြစ်"**

**ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ**

မြန်မာ့နိုင်ငံခြားရေးမူဝါဒက "ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ" ဖြစ်သည်။ စိုပြီးသားလက် မခြောက်စေနှင့်ဟူသော မြန်မာစကားပုံလည်း ရှိသေးသည်။ သူတို့တစ်တွေ ကျန်းမာချမ်းသာကြပါစေဟုသာ မေတ္တာပို့ကြရတော့မည်။ ဒေါသမထွက်ကြပါနှင့်ဦး။

**ကောင်စီတာဝန်**

သတင်းမီဒီယာကောင်စီ၏ တာဝန်တွေကြီးလေးသည်။ အလုပ်လုပ်ကြည့်မှ ကောင်စီက ဝန်တွေများလှသည်ဟု မြင်သည်။ ပေးအပ်ထားသည့်တာဝန်တွေ(အားလုံး) မလုပ်နိုင်သေး။ ကြိုးပမ်းကြရဦးမည်။

**ပုဒ်မ ၁၇**

သတင်းမီဒီယာဥပဒေပုဒ်မ ၁၇ မှာ အရေးကြီးသည်။ တာဝန်ကြီးလေးသည်။

ပုဒ်မ ၁၇(က)တွင် **"သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း"** ဟု ဖော်ပြသည်။

ပုဒ်မ ၁၇(ခ)တွင် **"လိုအပ်သည့် အချိန်တိုင်း သတင်းထုတ်ပြန်ခြင်း"**ဟု ပြဋ္ဌာန်းသည်။

**စောင့်ကြည့်ခြင်း**ဟု ဖော်ပြထားသဖြင့် စောင့်ကြည့်လျှင် အကျိုးအမြတ်တွေမြင်ရမှာ အမှန်ပါ။ အပြစ်ရှာချင်လည်း လွယ်သည်။ ဘာမှမဖြစ်ပါဘူးဟု ပြောလျှင်လည်း ဖြစ်နိုင်သည်။

**ကောင်စီသဘော**

လိုအပ်သည့်အချိန်တိုင်း သတင်းထုတ်ပြန်ခြင်း တာဝန်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပေးထားသည်။ **လိုအပ်သည့်အချိန်** ဟူသော အဓိပ္ပာယ်ကို ကောင်စီက ဆုံးဖြတ်။ လိုအပ်သလား။ မလိုအပ်ဘူးလား။ တာဝန်ကြီးလွန်းသည်ဟု ကျွန်တော်ယုံသည်။ မယုံမရှိနှင့်။ ကိုယ်တွေ့ပါ။

ချုပ်၍ ဆိုရလျှင်-

(၁) သတင်းမီဒီယာကို စောင့်ကြည့်ဖို့

(၂) အရည်အသွေးမြှင့်တင်ပေးဖို့

(၃) လိုအပ်သည့် အချိန်တိုင်း သတင်းထုတ်ပြန်ဖို့ ဥပဒေအရ သတင်းမီဒီယာကောင်စီမှာ တာဝန်အပြည့်ရှိသည်။

**သတင်းသမားသဘာဝ**

ကျွန်တော်(ဆောင်းပါးရှင်)လည်း သတင်းသမားပါ။ ကိုယ်ချင်းစာစိတ်အပြည့် ရှိပါသည်။ သူများအပြစ်ကိုချည်း မမြင်တတ်ပါ။ မှားတတ်သည့် သဘာဝကို နားလည်လက်ခံပါသည်။ သို့သော်ငြားပေါ့ခင်ဗျာ။

**သတင်းမှား၏ဒဏ်**

သတင်းမှား၏ ဒဏ်ကို ပြည်သူတွေခံရတာ အများအသိပါ။ သည်းခံစိတ်ဖြင့် နားလည်မှုပေးခဲ့သည်များ များပါပြီ။ ဥပဒေလုပ်ပိုင်ခွင့်များ သုံးသင့်သည့်အချိန် ရောက်ပြီလား။ ကမ္ဘာကြီးက ကျယ်သည်။ သတင်းမီဒီယာက ပို၍ကျယ်သည်။ ဤသို့ ကျွန်တော်မြင်သည်။

**စေတနာ**

သတင်းမီဒီယာသည်-

(၁) ထိလွယ်၊ ရှလွယ်၊ အမြင်ကျယ်သည်။

(၂) သတင်းသမား အမှားမကင်းပါ။

(၃) သို့သော်ငြား ရည်ရွယ်ချက်ရှိရှိ မှားလျှင် ဥပဒေက လက်ပိုက်ကြည့်နေတော့မည်မဟုတ်ဟု တွေးမိသော ကျွန်တော်၏ စေတနာ၊ ဥပဒေအတွေးမျှသာပါ...။ ။

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မိန့်ခွန်းအား ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ဖတ်ကြားရာတွင် မြန်မာနိုင်ငံအတွက် ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ရန် နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေထည့်ဝင်မှုသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး အသုံးစရိတ်၏ ၃ ရာခိုင်နှုန်းအောက် သာရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကစပြီး နှစ်စဉ်သိသာစွာတိုးတက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်းနှင့် ဗဟိုမှတာဝန်ရှိသူများအနေဖြင့် ရရှိလာသည့် ရန်ပုံငွေများကို တိတိကျကျ ကျင့်ဝတ်နှင့်အညီ သုံးစွဲသွားရန် အမြဲတမ်း ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖတ်ကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသည့် နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမဟော်(မြန်/ဆက်)**

## လူသုံးကုန်ဆပ်ပြာထုတ်လုပ်နည်း သင်တန်းဖွင့်

**လှိုင်ကော် ဒီဇင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေသည့် လူသုံးကုန်ဆပ်ပြာထုတ်လုပ်နည်းသင်တန်းအမှတ်စဉ် (၁၃/၂၀၁၇)ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က နွားလဝိုးကျေးရွာအုပ်စု ထေးပလော်ခူကျေးရွာရှိ ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက အမှာစကားပြောကြားသည်။ ယင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းနည်းပြနှစ်ဦးဖြင့် ဒီဇင်ဘာ ၄ ရက် မှ ၈ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုစိုင်း (လှိုင်ကော်)**



မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း ဦးဆောင်သော မူခင်းအသိပညာပေးယာဉ်သည် ဒီဇင်ဘာ ၅ ရက်က ပေါင်မြို့နယ် ကျွဲခြံကျေးရွာ မွန်ကျောင်းဘုန်းတော်ကြီးရှေ့ရောက်ရှိပြီး ကျေးရွာနေပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းနေစဉ်။ ၁၃၈

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(၃၁) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ကုမ္ပဏီများအား မှတ်ပုံတင်ဆောင်ရွက်ခြင်းတာဝန်ကို ထမ်းဆောင်ရန်နှင့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သော ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်အရာရှိသို့ အပ်နှင်းထားသည့် အခြား လုပ်ပိုင်ခွင့်များကို ကျင့်သုံးရန်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်ဌာန သို့မဟုတ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၃၂) **အဖွဲ့အစည်း (ကုမ္ပဏီအပါအဝင်)တစ်ခု၏ ဆက်စပ်သည့် အဖွဲ့အစည်း** ဆိုသည်မှာ-

(ကက) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခု သို့မဟုတ်

( ခခ ) အဖွဲ့အစည်း၏ လက်အောက်ခံကုမ္ပဏီတစ်ခုခု သို့မဟုတ်

( ဂဂ ) အဖွဲ့အစည်း၏အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၃၃) **ဆက်နွှယ်သည့်ပုဂ္ဂိုလ်** ဆိုသည်မှာ -

(ကက) ကုမ္ပဏီအပါအဝင် အဖွဲ့အစည်းတစ်ခုနှင့် သက်ဆိုင်သည့်အခါ အဖွဲ့အစည်းကို ထိန်းချုပ်သည့် ပုဂ္ဂိုလ်နှင့်

( ခခ ) အဖွဲ့အစည်းအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့်အခါ-

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုမှအပ ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၊

(၂) ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၏ အိမ်ထောင်ဖက် သို့မဟုတ် မိဘ သို့မဟုတ် ကလေးတစ်ဦးဦး၊

(၃) အထက်ပုဒ်မခွဲငယ်စိတ် (ကက) သို့မဟုတ် (ခခ)၊ (၁) နှင့် (၂) တို့တွင် ရည်ညွှန်းဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဆိုသည်။

(၃၄) **သတ်မှတ်စီစဉ်ထားသည့်ဘဏ်** ဆိုသည်မှာ သက်ဆိုင်ရာ လုပ်ငန်းနှင့် ဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အသိအမှတ်ပြုထားသည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးထားသည့် ဘဏ်တစ်ခုခုကို ဆိုသည်။

(၃၅) **အာမခံအကျိုးခံစားခွင့်** ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသည့် သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ အပေါင်စာချုပ် ပေါင်နှံခြင်း သို့မဟုတ် အာမခံအကျိုးခံစားခွင့်ဆိုင်ရာ အခြားပုံစံတစ်ရပ်ရပ်ကို ဆိုသည်။

(၃၆) **အစုရှယ်ယာ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ မတည်ငွေရင်းတွင် ပါဝင်သော အစုရှယ်ယာကို ဆိုသည်။

(၃၇) **ထိုးမြဲလက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အရာရှိထံ တင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့်စာရွက်စာတမ်းပေါ်တွင်မဆို အသိအမှတ်ပြုကြောင်း သေချာစေသည့် အမှတ်အသားကိုဆိုသည်။ ယင်းသည် စာရွက်ပေါ်တွင် မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန် မလိုအပ်ဘဲ မှတ်ပုံတင်အရာရှိမှ လက်ခံသည့် နည်းလမ်းဖြင့် အီလက်ထရောနစ်ပုံစံပေါ်တွင် လက်မှတ်ရေးထိုးသူ၏ အမည်ပါရှိနိုင်သည်။ ဤဥပဒေတွင်ပါရှိသော မှတ်ပုံတင်အရာရှိထံ တင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့် စာရွက်စာတမ်းပေါ်တွင်မဆို လက်မှတ်ရေးထိုးရန် ဆိုသည်မှာ ထိုးမြဲ လက်မှတ်ကို ဆိုသည်။

(၃၈) **အသေးစားကုမ္ပဏီ** ဆိုသည်မှာ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီမှအပ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိသော ကုမ္ပဏီကိုဆိုသည် -

(ကက) ယင်းကုမ္ပဏီနှင့် ယင်း၏ လက်အောက်ခံကုမ္ပဏီများတွင် ၃၀ ထက် မပိုသော ဝန်ထမ်းဦးရေရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ဝန်ထမ်းအရေအတွက်အောက်တွင် ရှိခြင်း၊

( ခခ ) ယင်းကုမ္ပဏီနှင့် ယင်း၏ လက်အောက်ခံ ကုမ္ပဏီများတွင် ယခင်နှစ်၏ တစ်နှစ်တာ ဝင်ငွေစုစုပေါင်းသည် ကျပ်သန်း ၅၀ အောက်တွင် ရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏအောက်တွင် ရှိခြင်း။

(၃၉) **ကြွေးမြီစစ်ဆေးချက်** ဆိုသည်မှာ အောက်ပါကိစ္စရပ်တစ်ခုစီတွင် အဆိုပါ ကုမ္ပဏီများနှင့် သက်ဆိုင်သည့် သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် စာရင်းကိုင်စံနှုန်းများနှင့်အညီ ဖြစ်စေရမည်-

(ကက) ကုမ္ပဏီသည် သာမန်စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် ပေးချေရမည်ဖြစ်သော ကြွေးမြီများကို ပေးချေနိုင်စွမ်းရှိခြင်းနှင့်

( ခခ ) ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များသည် ယင်း၏ ပေးရန် တာဝန်ရှိမှုများထက် ပိုနေခြင်း။

(၄၀) **အထူးဆုံးဖြတ်ချက်** ဆိုသည်မှာ အထူးဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေ အစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံထက်မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ကိုဆိုသည်။

(၄၁) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ-

(ကက) ကုမ္ပဏီတစ်ခုသည် အောက်ပါအခြေအနေတစ်ခုခုနှင့် ကိုက်ညီလျှင် အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်-

(၁) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ ဘုတ်အဖွဲ့ ဖွဲ့စည်းမှုအား ထိန်းချုပ်ထားခြင်း သို့မဟုတ်

(၂) အခြားကုမ္ပဏီသည် အဆိုပါ ကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက် အများဆုံးအနက်မှ တစ်ဝက်ထက် ပိုသည့် မဲများကိုအသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း သို့မဟုတ်

(၃) အမြတ်ငွေ သော်လည်းကောင်း၊ မတည်ငွေရင်း သော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါကုမ္ပဏီ၏ ထုတ်ဝေထားသော အစုရှယ်ယာများ၏ တစ်ဝက်ထက်ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီမှ ပိုင်ဆိုင်ထားခြင်း သို့မဟုတ်

(၄) အမြတ်ငွေ သော်လည်းကောင်း၊ မတည်ငွေရင်း သော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။

( ခခ ) အထက်ပုဒ်မခွဲငယ်စိတ်(ကက)ပါ အခြေအနေတစ်ခုခုနှင့် ကိုက်ညီသည့် လက်အောက်ခံကုမ္ပဏီမှ ထပ်မံဖွဲ့စည်းသည့် ၎င်း၏ လက်အောက်ခံကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီဖြစ်သည်။

(၄၂) **ကူးပြောင်းကာလ** ဆိုသည်မှာ ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စတင်၍ ၁၂ လဖြစ်သော ကာလကို ဆိုသည်။

(၄၃) **ကုမ္ပဏီတစ်ခုနှင့် ဆက်နွှယ်နေသည့် မူရင်းအစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီ** ဆိုသည်မှာ ဆက်နွှယ်နေသော ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုကို ဆိုလိုပြီး ယင်းကုမ္ပဏီကိုယ်တိုင် ကုမ္ပဏီတစ်ခုခု၏ လက်အောက်ခံမဟုတ်သော ကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၄၄) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(၄၅) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီးကြပ်ရန် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စုဝန်ကြီး အဆင့်ရှိသူ အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၄၆) **ရောင်းချသူ** ဆိုသည်မှာ ပုဒ်မ ၂၀၅ တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များအတွက် အောက်ပါအခြေအနေများတွင် အရောင်းအဝယ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ရွေးချယ်ဝယ်ယူခြင်း ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကိုဖြစ်စေ ချုပ်ဆိုဆောင်ရွက်သည့် ပုဂ္ဂိုလ်အားလုံးကို ဆိုသည်-

(ကက) ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ထုတ်ဝေသည့် နေ့ရက်တွင် ကုမ္ပဏီက ရယူမည့် ပစ္စည်းတစ်စုံတစ်ရာအတွက် ပေးချေရမည့်ငွေကို အပြည့်အဝပေးချေထားမှု မရှိသေးခြင်း သို့မဟုတ်

( ခခ ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေးထည့်ဝင်စေရန် ကမ်းလှမ်း၍ ရရှိသည့်အကျိုးအမြတ်မှ ပေးချေရမည့်ငွေအား အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေထားခြင်း သို့မဟုတ် ပေးချေရန် လက်ခံထားခြင်း သို့မဟုတ်

( ဂဂ ) အဆိုပါ ပဋိညာဉ်စာချုပ်သည် ယင်း၏ တရားဝင်မှု သို့မဟုတ် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုတို့သည် အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ကမ်းလှမ်း၍ ရရှိသည့် အကျိုးအမြတ် ရလဒ်အပေါ်တွင် တည်မှီနေခြင်း။

**အပိုင်း (၂)**

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ခြင်းနှင့် အခွင့်အာဏာများ**

**အခန်း (၂)**

**ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ**

**ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်နိုင်သော ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ**

၂။ အောက်ပါကုမ္ပဏီများကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်နိုင်သည်-

(က) အောက်ပါအစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ အမျိုးအစား နှစ်ခုအနက်မှ တစ်ခု -

(၁) ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ်ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူဦးရေ ၅၀ ဦးထက် မပိုသည့်သူများ ပါရှိနိုင်သော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ်

(၂) ကုမ္ပဏီတွင် ပါဝင်သူဦးရေ အကန့်အသတ်မရှိ ပါရှိနိုင်သော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ။

(ခ) ကုမ္ပဏီတွင် ပါဝင်သူဦးရေ အကန့်အသတ်မရှိသည့် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ၊

(ဂ) ကုမ္ပဏီတွင် ပါဝင်သူဦးရေအကန့်အသတ်မရှိသည့် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ။

**ဤဥပဒေအရ မှတ်ပုံတင်နိုင်သော အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းများ**

၃။ အခန်း(၉)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤဥပဒေအရသော်လည်းကောင်း၊ အခြားသောဥပဒေများအရသော်လည်းကောင်း ဖွဲ့စည်းတည်ထောင်ထားသည့် အောက်ပါ အခြားကော်ပိုရေးရှင်းအဖွဲ့အစည်းများသည် ဤဥပဒေအရ မှတ်ပုံတင်နိုင်သည်-

(က) စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့၊

(ခ) ပြည်ပကော်ပိုရေးရှင်း၊

(ဂ) ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း ကုမ္ပဏီတစ်ခုအဖြစ် မှတ်ပုံတင်ခွင့်ရှိသည့်အခြားကော်ပိုရေးရှင်း တစ်ရပ်ရပ်နှင့်

(ဃ) အခါအားလျော်စွာ ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အခြားသော အဖွဲ့အစည်းများ။

**အခန်း (၃)**

**ကုမ္ပဏီများ၏ အခြေခံလိုအပ်ချက်နှင့် အခွင့်အာဏာများ**

**ကုမ္ပဏီတစ်ခု၏ အခြေခံလိုအပ်ချက်များ**

၄။ (က) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသောကုမ္ပဏီသည် အောက်ပါအချက်များရှိရမည်-

(၁) အမည်၊

(၂) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊

(၃) ထုတ်ဝေသည့်အစုရှယ်ယာ အနည်းဆုံးတစ်ခုရှိခြင်း (သို့ရာတွင် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ မတည်ငွေရင်း ထားရှိရန် မလိုအပ်)၊

(၄) ပါဝင်သူဦးရေ အနည်းဆုံးတစ်ဦး၊

(၅) ပုဒ်မခွဲငယ်(၆) နှင့်အညီ အနည်းဆုံး ဒါရိုက်တာတစ်ဦး ရှိရမည်ဖြစ်ပြီး ၎င်းသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦး၊

(၆) ကုမ္ပဏီသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါက အနည်းဆုံး ဒါရိုက်တာ သုံးဦး ရှိရမည်ဖြစ်ပြီး ၎င်းတို့အနက်မှ တစ်ဦးသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူ မြန်မာနိုင်ငံသားတစ်ဦးနှင့်

(၇) နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသည့် ရုံးခန်းလိပ်စာ တစ်ခု။

(ခ) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအတွင်းရေးမှူးတစ်ဦးကို ခန့်အပ်နိုင်သည့်အပြင် အများသုံး ရုံးတံဆိပ်တစ်ခုလည်း ထားရှိနိုင်သည်။

**ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် အခွင့်အာဏာများ**

၅။ (က) ကုမ္ပဏီသည်-

(၁) ၎င်းတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် သီးခြားဖြစ်သော ကိုယ်ပိုင်အခွင့်အရေးများရှိသည့် တရားဝင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းမပြုသရွေ့ အခွင့်အရေးများ၊ အခွင့်အာဏာများနှင့် အကျိုးခံစားခွင့်များ အပြည့်အဝ ဆက်လက်တည်ရှိရမည်။ ၎င်းအပြင်

(၂) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်တို့အရ နိုင်ငံတော်အတွင်း၌ သော်လည်းကောင်း၊ ပြင်ပ၌ သော်လည်းကောင်း အောက်ပါကိစ္စရပ်များအား ဆောင်ရွက်နိုင်ခွင့် အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဆောင်ရွက်မှု တစ်ရပ်ရပ် လုပ်ကိုင်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ရန် တရားဝင် လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့် အပြည့်အဝရှိသည် -

(ကက) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီတွင် အစုရှယ်ယာများအဖြစ်ပြောင်းလဲနိုင်သောအခြား ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်း၊

( ခခ ) ကုမ္ပဏီ၌ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ ပိုင်ဆိုင်နိုင်သည့် အော့ပ်ရှင်(option)များပေးခြင်း၊

( ဂဂ ) ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်အပေါ်တွင် အာမခံ အကျိုးခံစားခွင့်တစ်ရပ်ပေးခြင်း၊

(ဃဃ) ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို ကုမ္ပဏီတွင် ပါဝင်သူများအား ပစ္စည်းအနေဖြင့် သော်လည်းကောင်း၊ အခြားနည်းဖြင့် သော်လည်းကောင်း ခွဲဝေပေးခြင်း။

(ခ) ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ အခွင့်အရေးများ၊ အခွင့်အာဏာများ သို့မဟုတ် အကျိုးခံစားခွင့်များကို ကန့်သတ်ထားရှိမှုသာလျှင် ယင်းတို့နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိနိုင်သည်။

(ဂ) ကုမ္ပဏီတစ်ခုသည် အခြားကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ တစ်ခုအဖြစ် ရပ်တည်နိုင်ပြီး လက်အောက်ခံ ကုမ္ပဏီများစွာကို တည်ထောင်နိုင်သည့်အပြင် ယင်းတို့၏ အစုရှယ်ယာများကိုလည်း ပိုင်ဆိုင်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*



ဘာစီလိုနာအသင်းဟာ လက်ရှိအချိန်မှာ စပိန်လာလီဂါရဲ့ထိပ်ဆုံးမှာ ရှိနေတယ်။ ဒါပေမယ့် အသင်းနဲ့ဆန့်ကျင်ဘက်ဖြစ်ပြီး အသင်းမှာ ဂိုးသွင်းယူနိုင်ဖို့ ရုန်းကန်နေရတာက တိုက်စစ်မှူး ဆွာရက်ဇ် ဖြစ်တယ်။ လီဗာပူးတိုက်စစ်မှူးဟောင်း ဆွာရက်ဇ်ဟာ ပြီးခဲ့တဲ့ သုံးရာသီအတွင်း စပိန်မှာ အကောင်းဆုံး တောက်ပခဲ့ပေမယ့် အခုတော့ရုန်းကန်နေရတယ်လို့ ပြောရမယ်။ အထူးသဖြင့် လက်ပဲမက်စ်အသင်းနဲ့ကစားခဲ့တဲ့ အောက်တိုဘာလကပွဲဟာ သူ့အတွက်တော့ စိတ်အပျက်ဆုံးလို့ ပြောရမယ်။ အဲဒီပွဲမှာ သူဟာဂိုးရဖို့အတွက် နှစ်ကြိမ်တိုင် ကူညီပေးနိုင်ခဲ့ပေမယ့် ဂိုးမသွင်းယူနိုင်တာကြောင့် အဝတ်လဲခန်းကို ပြန်တဲ့ လမ်းပေါ်မှာ ဒေါသတွေပေါက်ကွဲခဲ့ပါသေးတယ်။

# ခြေစွမ်းကောင်းတွေပြန်ရဖို့ ရုန်းကန်ရဦးမယ့် ဆွာရက်ဇ်

အောင်က

ဒါကြောင့်ဒီရာသီဟာ တိုက်စစ်မှူး ဆွာရက်ဇ်အတွက်တော့ ဂိုးမိုးတွေခေါင်တဲ့ ရာသီလို့ ပြောရမှာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဆယ်လ်တာဗီဂိုအသင်းနဲ့ပွဲမှာတော့ ဆွာရက်ဇ်အနေနဲ့ ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ဒီနှစ်ရာသီမှာ သူသွင်းယူခဲ့တဲ့စပိန်လာလီဂါသွင်းဂိုးက ခြောက်ဂိုးပဲရှိ သေးတယ်။ ကစားသမား တော်တော်များများဟာအသင်းမှာ ပွဲထွက်ကစားခွင့် ၁၁ ပွဲသာရရှိတယ်ဆိုရင် ဝမ်းသာရတဲ့အနေ အထားဖြစ်ပေမယ့် ဆွာရက်ဇ်အတွက် ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ခဲ့ပြီး နောက်ပိုင်းမှာတော့ တစ်ပွဲမှာ ဂိုးရရှိတဲ့ရာခိုင်နှုန်းဟာ အနည်းဆုံး ဖြစ်နေတယ်လို့ ပြောရမယ်။ ဒါကြောင့်ဘယ်အရာတွေက တိုက်စစ်မှူး ဆွာရက်ဇ်ကို ရုန်းကန်စေရတာလဲ။

အထင်ရှားဆုံးအချက်ကိုပြောပါ ဆိုရင်တော့ သူ့ရဲ့အဆုံးသတ်နိုင်မှုလို့ ပြောရမယ်။ ဒီနှစ်ရာသီမှာ တိုက်စစ်မှူး ဆွာရက်ဇ်ဟာအသင်း အတွက် အဓိကကျတဲ့သွင်းဂိုးတွေကို မသွင်းယူနိုင်သေးဘူး။ နေမာ မရှိတော့တဲ့နောက်ပိုင်း မက်ဆီက တိုက်စစ်ပိုင်းအတွက် ပိုပြီးအားစိုက် ကစားလာရတယ်။ ဒါကြောင့်လည်း ဆွာရက်ဇ်အတွက် အခွင့်အရေးက ပိုနည်းလာပြီး လျင်မြန်တဲ့လှုပ်ရှားမှုတွေကြောင့် ခံစစ်ကစား သမားတွေရဲ့အာရုံစိုက်မှုကိုပိုခံလာရတယ်။ ဒါကြောင့်လည်း သူ့ရဲ့ဖန်တီးမှုတွေက အလျင်စလိုနိုင်တဲ့ပုံစံတွေဖြစ်လာခဲ့တယ်။ သူ့ရဲ့စပိန် လာလီဂါသွင်းဂိုး ခြောက်ဂိုးဟာ ဂိုးပေါက်ကန်သွင်းနိုင်မှုအကြိမ် ၄၀ ကဖြစ်တည်လာခဲ့တာဖြစ်တယ်။ သူ့ရဲ့ဂိုးပေါက်ကန်သွင်းနိုင်မှု ရာခိုင်နှုန်းကလည်း ၁၅ ရာခိုင်နှုန်းအထိကျဆင်းသွားခဲ့တယ်။ အချက်အလက်တွေအရ ပြောရမယ်ဆိုရင်လည်း သူ့ရဲ့စွမ်းဆောင်မှုဟာ ပြီးခဲ့တဲ့ နှစ်ရာသီကစွမ်းဆောင်မှုတွေကို လိုက်မီဖို့ဆိုရင် အများကြီးလိုအပ်နေသေးတယ်လို့ ပြောရမယ်။

ဆွာရက်ဇ်အတွက်နောက်ထပ် ပြဿနာလို့ပြောလို့ရတဲ့အချက်က မက်ဆီကစားနေတဲ့နေရာလို့ ပြောရမယ်။ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ ဒီနှစ်ရာသီမှာတော့ ဗဟိုတိုက်စစ်ပိုင်းမှာပိုပြီး တိုးတက်မှုရှိတယ်လို့ပြောရမယ်။ ဒါပေမယ့် ဆွာရက်ဇ်အတွက်ကတော့ နေရာသစ်က အသားမကျနိုင်သလို ဖြစ်နေပါတယ်။ ကစားရတဲ့ နေရာတွေက ပိုမိုရှုပ်ထွေးလာလေ၊ ဆွာရက်ဇ်အတွက်တော့ ခြေစွမ်းပြနိုင်ဖို့က ပိုမိုခက်ခဲလာ လေလို့ပြောရမယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ ဆွာရက်ဇ်ရဲ့ ဘောလုံးပိုင်ဆိုင်မှုဟာ အလွန်ကိုနည်းလွန်းသွားတယ် လို့ပြောရမှာပါ။ ဒါ့အပြင်ဆွာရက်ဇ်ရဲ့ဒူးဒဏ်ရာကြောင့် အနားယူနေခဲ့မှုကလည်း သူ့ရဲ့ခြေစွမ်းပိုင်းကို အတော်ကလေး ထိခိုက်မှုရှိခဲ့တယ်လို့ ပြောရမယ်။ နောက်တစ်ချက်ဆွာရက်ဇ်ရဲ့ဂိုးသွင်းနိုင်မှုတွေ ပျောက်ဆုံးခဲ့တာကလည်း နေမာကို ပီအက်စ်ဂျီအသင်းကိုရောင်းချခဲ့မှုတွေနဲ့လည်း သက်ဆိုင်တယ်လို့ ပြောရမယ်။ ဆွာရက်ဇ်အနေနဲ့ နေမာရှိစဉ်က တစ်ပွဲလျှင် ၁ ဒသမ ၀ ရာခိုင်နှုန်းဂိုး သွင်းနိုင်ပေမယ့် နေမာမရှိတော့တဲ့ အချိန်မှာတော့ သူ့ရဲ့ဂိုးသွင်းနိုင်မှုဟာ တစ်ပွဲမှာ ၀ ဒသမ ၈ ရာခိုင်နှုန်းသာရှိတယ်။ ဒါ့အပြင် သူတို့ရဲ့ MSN တိုက်စစ်အတွဲကလည်း ပျက်သွားခဲ့ပြီလို့ ပြောရမယ်။

ဆွာရက်ဇ်အနေနဲ့ ဘာစီလိုနာမှာ နေမာထက် ဂိုးတွေသွင်းပိုမိုသွင်းယူနိုင်ခဲ့တယ်ဆိုတာကတော့ အမှန်လို့လည်း ပြောရမယ်။ ပြီးခဲ့တဲ့ရာသီက သူတို့ တိုက်စစ်ကစားသမား သုံးဦးထဲမှာ နေမာရဲ့ဂိုးသွင်းယူနိုင်မှုကအနည်းဆုံးလို့ ပြောရမယ်။ ဒါပေမယ့်သူ့ရဲ့ခံစစ်ကစားသမားတွေကို ဟန့်တားခြိမ်းခြောက်နိုင်မှု မှာတော့ အကောင်းဆုံးရှိခဲ့တယ်။ ဒါ့အပြင် နေမာဟာ စပိန်လာလီဂါမှာတော့ အလိမ်အခေါက်နဲ့ ဘောလုံးလုယူဆွဲပေးနိုင်မှု အများဆုံးလုပ်နိုင်ခဲ့တဲ့ကစား သမားလည်း ဖြစ်တယ်။ ဒါ့အပြင် ဆွာရက်ဇ် ဂိုးရရှိဖို့ ငါးကြိမ်တိုင် တိုက်ရိုက်ကူညီပေးခဲ့သူလည်း ဖြစ်တယ်။ သူဟာအခွင့်အရေးတွေ၊ အခွင့်အလမ်းတွေကို တိုက်စစ်မှူးဆွာရက်ဇ်အတွက် အကောင်းဆုံး ဖန်တီးပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့် ဆွာရက်ဇ်အနေနဲ့ ဘာစီလိုနာအသင်းမှာဂိုးတွေသွင်း ယူနိုင်ခဲ့မှုဟာ နေမာရဲ့ကူညီနိုင်မှုက အဓိကအခန်းကနေ ပါဝင်ခဲ့တယ်လို့သာ ပြောရမှာပါ။ ဆွာရက်ဇ်ဟာ ဒီနှစ်ရာသီမှာ ဘာစီလိုနာအသင်းအတွက် ဂိုးတွေအများကြီး မသွင်းယူပေးနိုင်ပေမယ့်အသင်းအတွက်တော့ မရှိမဖြစ်ကစားသမားအဖြစ် ရှိနေပါသေးတယ်။ လက်ရှိအချိန်မှာ အသင်းအနေနဲ့ ကလည်း အကောင်းဆုံးရပ်တည်မှုတွေရှိနေတာကြောင့် မကြာခင်မှာ ဆွာရက်ဇ်အနေနဲ့ အကောင်းဆုံးခြေစွမ်းတွေနဲ့အတူ ဂိုးတွေသွင်းယူနိုင်ပါစေလို့သာ ပြောရမှာဖြစ်ပါတယ်။

## ရှုံးထွက်အဆင့်တွင် ရင်ဆိုင်ရမည့် ပြိုင်ဘက်ကို ကြောက်ရွံ့နေမည် မဟုတ်ဟု ချယ်လ်ဆီးမန်နေဂျာ ကွန်တီ ပြောဆို



ချယ်လ်ဆီးအသင်းအနေဖြင့် ၂၀၁၇- ၁၈ ခုနှစ် ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် ရင်ဆိုင်ရမည့် ပြိုင်ဘက်အသင်းအပေါ် ကြောက်ရွံ့နေမည်မဟုတ်ကြောင်း ချယ်လ်ဆီးအသင်း မန်နေဂျာ ကွန်တီက ထုတ်ဖော်ပြောဆိုလိုက်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်အတွက် ပွဲစဉ်များ ရေးဆွဲရာတွင် တစ်နိုင်ငံတည်းမှ အသင်းအချင်းချင်း၊ တစ်အုပ်စုတည်းမှ အသင်းအချင်းချင်းဆုံတွေ့မည်မဟုတ်သောကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် ၁၆ သင်း ရှုံးထွက် အဆင့်တွင် ဘာစီလိုနာ၊ ပီအက်စ်ဂျီတို့ကဲ့သို့ ဥရောပထိပ်တန်းအသင်းများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

မန်နေဂျာ ကွန်တီက “၁၆ သင်း ရှုံးထွက်အဆင့်မှာ ပြိုင်ဘက်အသင်းက ကျွန်တော်တို့နဲ့ ဆုံတွေ့ရတာကြောင့် ပျော်ရွှင်ရမှာမဟုတ်ပါဘူး၊ ဘယ်အသင်းနဲ့ ဆုံတွေ့မလဲဆိုတာကို စောင့် ကြည့်ရမှာပါ၊ အီတလီအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်အတွင်း ယူရို ၂၀၁၆ ပြိုင်ပွဲမှာ အီတလီအသင်းဟာ အုပ်စုပထမနေရာ ရရှိခဲ့ပြီး ရှုံးထွက်အဆင့်တွေမှာ စပိန်၊ ဂျာမနီအသင်းတို့နဲ့ ရင်ဆိုင်ခဲ့ရတယ်၊ တကယ်လို့ ဂျာမနီ အသင်းကိုသာ ကျော်ဖြတ်နိုင်ခဲ့မယ်ဆို ရင် အီတလီအသင်းဟာ ဆီမီးဖိုင်နယ် အဆင့်မှာ ပြင်သစ်နဲ့ဆုံတွေ့ရမှာပါ၊ တစ်ခါတစ်ရံမှာ အုပ်စုပထမနေရာရရှိဖို့က အရေးမကြီးပါဘူး၊ အခုဆိုရင် ချယ်လ်ဆီးဟာ ၁၆ သင်း ရှုံးထွက်အဆင့်ကို တက်လှမ်း နိုင်ခဲ့ပြီဖြစ်ပြီး ဒီလို စွမ်းဆောင်နိုင်မှုအတွက် ကျေနပ်ရမှာ ဖြစ်ပါတယ်”ဟု ပြောကြား ခဲ့သည်။ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံး ထွက်အဆင့်ပွဲစဉ်များ ရေးဆွဲခြင်း အခမ်းအနားကို လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့ရှိ ဥရောပဘောလုံး အဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) ရုံးချုပ်တွင် ကျင်းပသွားမည်ဖြစ်သည်။ ၁၆ သင်းရှုံးထွက် အဆင့်၏ ပထမအကျော့ပွဲစဉ်များကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃၊ ၁၄၊ ၂၀ နှင့် ၂၁ ရက်များတွင် လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို မတ် ၆၊ ၇၊ ၁၃ နှင့် ၁၄ ရက်များတွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထက်အောင်

## မန်ယူသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားမှုမရှိဟု မော်ရင်ညို မှတ်ချက်ပြု



မန်ယူအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ရန် ရေပန်းစားသည့်အသင်းများအနက် ပါဝင်မှု မရှိကြောင်း မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုက မှတ်ချက်ပြုပြောဆိုလိုက်သည်။

မန်ယူအသင်းသည် ယခုနှစ် ချန်ပီယံလိဂ် ပြိုင်ပွဲအုပ်စု (A)တွင် အုပ်စု ပထမအဖြစ် ရပ်တည်ကာ ၁၆ သင်း ရှုံးထွက် အဆင့်သို့ တက်ရောက်ခွင့် ရရှိထားပြီး ၁၆ သင်း ရှုံးထွက်အဆင့်တွင် ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်စ်၊ ရီးရဲမက်ဒရစ်တို့ကဲ့သို့ အသင်းကြီးများနှင့် ရင်ဆိုင်ရနိုင်သည့်အလားအလာရှိနေသော အသင်းဖြစ်သည်။

မော်ရင်ညိုက “မန်ယူအသင်းဟာ အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်တယ်လို့ ရေပန်းစားနေတဲ့အသင်းတွေထဲက တစ်သင်းမဟုတ်ပါဘူး၊ ၁၆ သင်း အဆင့်ကို တက်ရောက်လာတဲ့အသင်းတွေဟာ အလွန်ကို အင်အားတောင့်တင်းတဲ့ အသင်းတွေဖြစ်ပြီး အတွေ့အကြုံလည်း ရင့်ကျက်တဲ့ အသင်းတွေဖြစ်ပါတယ်၊ ဘာဖြစ်လာမလဲဆိုတာကို ကျွန်တော်တို့ စောင့် ကြည့်ရမှာပါ၊ မန်ယူအသင်းအနေနဲ့ အင်္ဂလန်ပြည်တွင်းပွဲတွေ အများကြီးကစားဖို့ ရှိနေတာမို့ ချန်ပီယံလိဂ်ပြိုင်ပွဲ အကြောင်းကို အတော်ကြာအောင် မေ့ဖျောက်ထားရမှာပါ”ဟု ပြောကြားခဲ့သည်။

သို့သော်လည်း ၁၆ သင်း ရှုံးထွက်အဆင့်တွင် မန်ယူအသင်းနှင့် ရင်ဆိုင်ရန် ပြိုင်ဘက်အသင်းများ ဆန္ဒရှိကြမည်မဟုတ်ဟု မန်နေဂျာ မော်ရင်ညိုက ဘီဘီစီနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ “ကျွန်တော်က ပွဲစဉ်ရေးဆွဲတဲ့ပွဲတွေမှာ ကံကောင်းလွန်းသူတစ်ဦးတော့ မဟုတ်ပါဘူး၊ ဒါကြောင့် နှုတ်ပိတ်နေတာကသာ အကောင်းဆုံး ဖြစ်မှာပါ၊ နောက်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်ပွဲတွေကိုလည်း လာမယ့် ဖေဖော်ဝါရီမှသာ ကစားရမှာဖြစ်တာကြောင့် မေ့ထားရမှာပါ၊ ၁၆ သင်း ရှုံးထွက် အဆင့်မှာ ဘယ်အသင်းနဲ့ ရင်ဆိုင်ရသည်ဖြစ်စေ ဒါက ပြဿနာ တစ်ခုလို့ ကျွန်တော် မထင်ပါဘူး၊ မန်ယူနဲ့ရင်ဆိုင်ရတဲ့အတွက် ပျော်ရွှင်လွန်းလို့ ထခုန်မယ့် အသင်းမျိုးလည်း ရှိမှာမဟုတ်ဘူး”ဟု မန်နေဂျာ မော်ရင်ညိုက ပြောကြားခဲ့သည်။

ထက်အောင်

## ပီအက်စ်ဂျီလူငယ်တိုက်စစ်မှူး အမ်ဘတ်ပီ ချန်ပီယံလိဂ်စံချိန်သစ်တစ်ခု တင်နိုင်ခဲ့



ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း၏ လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်သူ အမ်ဘတ်ပီသည် ပြီးခဲ့သည့် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၆ ရက်တွင် အဝေးကွင်း၌ ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သောပွဲတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် သွင်းဂိုး ၁၀ ဂိုး အား သွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘိုင်ယန်မြူးနစ်နှင့် ရင်ဆိုင်ခဲ့သည့်ပွဲတွင် ပီအက်စ်ဂျီအသင်းသည် ၃-၁ ဖြင့် အရေးနိမ့်ခဲ့ရပြီး ပီအက်စ်ဂျီအသင်း အတွက် တစ်လုံးတည်းသော ချေပဂိုး ကို ပွဲချိန်မိနစ် ၅၀ တွင် အမ်ဘတ်ပီက ခေါင်းတိုက်သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ် သည်။ ပီအက်စ်ဂျီအသင်းသည် အုပ်စု နောက်ဆုံးပွဲတွင် ရှုံးပွဲကြုံခဲ့ရသော်လည်း အုပ်စုပထမနေရာဖြင့် ၁၆ သင်း ရှုံး ထွက်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

တိုက်စစ်မှူး အမ်ဘတ်ပီသည် သူ၏ ၁၀ ဂိုးမြောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သွင်းဂိုးအား သွင်းယူစဉ်အချိန်တွင် အသက် ၁၈ နှစ်၊ ၁၁ လနှင့် ၁၅ ရက် သာ ရှိသေးသူဖြစ်သည်။ ယခင်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀ ဂိုးအား သွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်တင်ထားသူမှာ ရီးရဲမက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာဖြစ်သည်။ တိုက်စစ်မှူး ဘင်ဇီမာသည် အသက် ၂၀ နှစ်နှင့် ၁၀ လအရွယ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ သွင်းဂိုး ၁၀ ဂို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အမ်ဘတ်ပီသည် မိုနာကိုအသင်းတွင် ပါဝင်ကစားခဲ့စဉ်အတွင်း ချန်ပီယံလိဂ်သွင်းဂိုး ခြောက်ဂိုး သွင်းယူနိုင်ခဲ့ကာ ပီအက်စ်ဂျီအသင်း ကစားသမားအဖြစ် ချန်ပီယံလိဂ်သွင်းဂိုး လေးဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထက်အောင်

## ပရီမီယာလိဂ်ပွဲစဉ် (၁၆)

| စနေနေ့ | | ၉-၁၂-၁၇ |
|---|---|---|
| ဝက်စ်ဟမ်း | - ချယ်လ်ဆီး | ည ၇း၀၀ |
| ဘန်လေ | - ဝက်ဖို့ဒ် | ည ၉း၃၀ |
| ပဲလေ့စ် | - ဘုန်းမောက် | ည ၉း၃၀ |
| ဟက်ဒါဖီးလ် | - ဘရိုက်တန် | ည ၉း၃၀ |
| ဆွမ်ဆီး | - ဝက်စ်ဘရွန်း | ည ၉း၃၀ |
| စပါး | - စတုတ် | ည ၉း၃၀ |
| ကာဆယ် | - လက်စတာ | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | **၁၀-၁၂-၁၇** |
| ဆောက်သမ်တန် | - အာဆင်နယ် | ည ၆း၃၀ |
| လီဗာပူး | - အဲဗာတန် | ည ၈း၄၅ |
| မန်ယူ | - မန်စီးတီး | ည ၁၁း၀၀ |

## စပိန်လာလီဂါပွဲစဉ်(၁၅)

| သောကြာနေ့ | | ၈-၁၂-၁၇ |
|---|---|---|
| အလာဗက်စ် | - လက်ပဲလ်မက်စ် | နံနက် ၂း၃၀ |
| **စနေနေ့** | | **၉-၁၂-၁၇** |
| ဂီတာဖေး | - အီဘာ | ည ၆း၃၀ |
| ရီးရဲ | - ဆီဗီလာ | ည ၉း၄၅ |
| ဒီပိုတီဗို | - လီဂါနက်စ် | နံနက် ၀၀း၀၀ |
| ဗလင်စီယာ | - ဆဲလ်တာဗီဂို | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | **၁၀-၁၂-၁၇** |
| ဆိုစီဒက်စ် | - မာလာဂါ | ည ၅း၃၀ |
| ဘက်တစ် | - အက်သလက် | ည ၉း၄၅ |
| လီဗန်တေး | - ဘီလ်ဘို | နံနက် ၀၀း၀၀ |
| ဗီလာရီးရဲ | - ဘာစီလိုနာ | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | **၁၁-၁၂-၁၇** |
| အက်စပန်ညို | - ဂျီရိုနာ | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၁၇)

| သောကြာနေ့ | | ၈-၁၂-၁၇ |
|---|---|---|
| ဘော်ဒိုး | - စထရက်ဘော့ချ် | နံနက် ၂း၁၅ |
| **စနေနေ့** | | **၉-၁၂-၁၇** |
| ပီအက်စ်ဂျီ | - လေလီ | ည ၁၀း၃၀ |
| အန်ဂျာစ် | - မောင့်ပယ်လီယာ | နံနက် ၁း၃၀ |
| ဂူအင်ဂမ့် | - ဒီဂျွန် | နံနက် ၁း၃၀ |
| မက်ဇ် | - ရိန်းစ် | နံနက် ၁း၃၀ |
| မိုနာကို | - ထရွိုင်းယတ်စ် | နံနက် ၁း၃၀ |
| တူးလောက်စ် | - ကိန်းစ် | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | **၁၀-၁၂-၁၇** |
| အာမီယန် | - လိုင်ယွန် | ည ၈း၃၀ |
| နန့်စ် | - နိုက်စ် | ည ၁၀း၃၀ |
| မာဆေး | - စိန့်အက်တီယန် | နံနက် ၂း၃၀ |

## ပရီမီယာလိဂ်ပွဲစဉ်(၁၇)

| အင်္ဂါနေ့ | | ၁၂-၁၂-၁၇ |
|---|---|---|
| ဘန်လေ | - စတုတ် | နံနက် ၂း၁၅ |
| ဟက်ဒါဖီးလ် | - ချယ်လ်ဆီး | နံနက် ၂း၃၀ |
| ပဲလေ့စ် | - ဝက်ဖို့ဒ် | နံနက် ၂း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | **၁၃-၁၂-၁၇** |
| ဆွမ်ဆီး | - မန်စီးတီး | နံနက် ၂း၁၅ |
| ကာဆယ် | - အဲဗာတန် | နံနက် ၂း၁၅ |
| ဆောက်သမ်တန် | - လက်စတာ | နံနက် ၂း၁၅ |
| ဝက်စ်ဟမ်း | - အာဆင်နယ် | နံနက် ၂း၃၀ |
| မန်ယူ | - ဘုန်းမောက် | နံနက် ၂း၃၀ |
| လီဗာပူး | - ဝက်စ်ဘရွန်း | နံနက် ၂း၃၀ |
| စပါး | - ဘရိုက်တန် | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ်(၁၆)

| စနေနေ့ | | ၉-၁၂-၁၇ |
|---|---|---|
| ကယ်ဂလီယာရီ | - ဆမ်ဒိုးရီးယား | ည ၁၁း၃၀ |
| ဂျူဗင်တပ်စ် | - အင်တာမီလန် | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | **၁၀-၁၂-၁၇** |
| ချီယေဗို | - ရိုးမား | ည ၆း၀၀ |
| နာပိုလီ | - ဖီအိုရင်တီးနား | ည ၈း၃၀ |
| SPAL | - ဗီရိုနာ | ည ၈း၃၀ |
| အူဒီးနိစ် | - ဘီနီဗန်တို | ည ၈း၃၀ |
| ဆက်ဆူအိုလို | - ခရိုတိုနီ | ည ၁၁း၃၀ |
| မီလန် | - ဘိုလော့ဂ်နာ | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | **၁၁-၁၂-၁၇** |
| ဂျီနိုအာ | - အတ္တလန္တာ | နံနက် ၀၀း၃၀ |
| လာဇီယို | - တိုရီနို | နံနက် ၂း၃၀ |

ပရီမီယာလိဂ်ပွဲစဉ် ၁၆ ကို ဒီဇင်ဘာ ၉ ရက်၊ ၁၀ ရက် နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အင်္ဂလန်ဘောလုံးလောကရဲ့ ဘောလုံးအင်အားကြီး နှစ်သင်းဖြစ်တဲ့ မန်ယူနဲ့ မန်စီးတီးတို့ဆုံတွေ့ အားပြိုင်ကြမယ့်ပွဲတွေ ပါဝင်နေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာပဲ ဝက်စ်ဟမ်းနဲ့ ချယ်လ်ဆီး၊ လီဗာပူးနဲ့ အဲဗာတန်တို့လို ဒါဘီပြိုင်ဘက်တွေဆုံတွေ့တဲ့ပွဲလည်း ပါနေတာကြောင့် စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲစဉ်တစ်ခု ဖြစ်နေပါတယ်။

# မန်ချက်စတာဒါဘီမှာ မန်ယူဘယ်လောက်စွမ်းဆောင်နိုင်မလဲ



မန်ယူ vs မန်စီးတီး

| ယမန်နှစ် | မန်ယူ | ၁ | - | ၂ | မန်စီးတီး |
|---|---|---|---|---|---|
| တနင်္ဂနွေနေ့ | | ၁၀-၁၂-၁၇ | | | ည ၁၁း၀၀ |

ဒီပွဲအရေးနိမ့်ခဲ့မယ်ဆိုရင် မန်ယူတို့ ချန်ပီယံဖြစ်နိုင်ခြေ အတော်နည်းသွားမှာဖြစ်လို့ အားစိုက်ကစားလာမှာ သေချာပါတယ်။ အိမ်ကွင်းဖြစ်သလို အခုအချိန်မှာ မန်ယူခြေကလည်း ကောင်းမွန်နေပါတယ်။ မန်စီးတီးကတော့ အခုအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ မန်ယူအနေနဲ့အိမ်ကွင်းပွဲတွေမှာလည်း ခံစစ်ပိုင်း ကစားပုံကောင်းမွန်တတ်တာကြောင့် မန်ယူအနိမ့်ဆုံးသရေရမယ်။

## ဝက်စ်ဟမ်း vs ချယ်လ်ဆီး

| ယမန်နှစ် | ဝက်စ်ဟမ်း | ၁ | ၂ | ချယ်လ်ဆီး |
|---|---|---|---|---|

မန်စီးတီးနဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ပေမယ့် ဝက်စ်ဟမ်းရဲ့ ခံကစားပုံကောင်းမွန်ခဲ့တာ တွေ့ရတယ်။ ဒီပွဲက အိမ်ကွင်းဖြစ်တဲ့အပြင် ဒါဘီပွဲလည်းဖြစ်နေလို့ ဝက်စ်ဟမ်းတို့ ပိုမိုအားစိုက်လာမှာဖြစ်တယ်။ ချယ်လ်ဆီးက ကာဆယ်ကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် ထိုးစစ်ပိုင်းက တစ်ပွဲနဲ့တစ်ပွဲ ဂိုးသွင်းခြေ မတည်ငြိမ်ဘူး။ ဒီပွဲမှာလည်း ချယ်လ်ဆီးတို့အား စိုက်လာမှာဖြစ်ပေမယ့် ဝက်စ်ဟမ်းရဲ့ အိမ်ကွင်းခံကစားအားကြောင့် ထိုးဖောက်ရခက်ခဲနိုင်ပါ တယ်။ ချယ်လ်ဆီးအနိုင်ရဖို့ရှိပေမယ့် ဂိုးပြတ်ဖို့တော့ ခက်ပါတယ်။

## ဘန်လေ vs ဝက်ဖို့ဒ်

| ယမန်နှစ် | ဘန်လေ | ၂ | ၀ | ဝက်ဖို့ဒ် |
|---|---|---|---|---|

ဘန်လေက လက်စတာကိုအရေးနိမ့်ခဲ့ပေမယ့် ခြေစွမ်းပိုင်းအရ အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ဘန်လေရဲ့ တန်ပြန်တိုက်စစ်ကစားပုံနဲ့ ခံစစ်ပိုင်းက ကောင်းမွန်နေဆဲဖြစ်ပြီး ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့်လည်း ဘန်လေတို့အားစိုက်လာဖို့ရှိပါတယ်။ ဒါ့အပြင် ဝက်ဖို့ဒ်ကလည်း စပါးကို သရေကစားနိုင်ခဲ့တာမှန်ပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းတတ်သလို လက်ရှိအချိန်မှာ ခံစစ်ပိုင်းကလည်း အားနည်းမှုတွေရှိလာတာကို တွေ့ရပါတယ်။ ဘန်လေ အနိုင်ရမယ်။

## ပဲလေ့စ် vs ဘုန်းမောက်

| ယမန်နှစ် | ပဲလေ့စ် | ၁ | ၁ | ဘုန်းမောက် |
|---|---|---|---|---|

ဘုန်းမောက်ရဲ့အသင်းလိုက် ခြေစွမ်းပိုင်း ကောင်းမွန်တယ်ဆိုပေမယ့် တိုက်စစ်ပိုင်းနဲ့အဝေးကွင်း ကစားပုံကတော့ အားနည်းမှုအချို့ရှိပါတယ်။ ပဲလေ့စ်က နောက်ပိုင်း ပွဲတွေမှာ အားစိုက်ကစားနေကာ အိမ်ကွင်းပွဲတွေမှာလည်း ရှန်းအားပိုမိုကောင်းမွန်တတ်တယ်။ အထူးသဖြင့် ပဲလေ့စ်အနေနဲ့ တန်းမဆင်းရဖို့ အားစိုက်နေတာကြောင့် အခုလို အိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ရေး တိုက်စစ်ဖွင့်ကစားလာမှာဖြစ်သလို အိမ်ကွင်းမှာလည်း ဂိုးသွင်းခြေကောင်းလို့ ပဲလေ့စ်ပဲအနိုင်ရမယ်။

## ကာဆယ် vs လက်စတာ

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

လက်ရှိအချိန်မှာ လက်စတာရဲ့ခြေက ကောင်းမွန်နေပြီးနှစ်ပွဲဆက်အနိုင်ရယူနိုင်ခဲ့ပေမယ့် ကာဆယ်ရဲ့ ခြေစွမ်းကိုလည်း လျှော့တွက်ဖို့ ခက်တယ်။ အထူးသဖြင့် အမှတ်တွေ ဆက်တိုက်နီးပါးဆုံးရှုံးခဲ့လို့ ကာဆယ်တို့အိမ်ကွင်းမှာ အားစိုက်ကစားလာရင် လက်စတာတို့ ကစားရခက်ခဲနိုင်တယ်။ လက်စတာကအဝေးကွင်းမှာလည်း ခြေစွမ်းကျဆင်းတတ်လို့ လက်စတာတို့နိုင်ရင်တောင် မပြတ်သားနိုင်ဘူး။

## စပါး vs စတုတ်

| ယမန်နှစ် | စပါး | ၄ | ၀ | စတုတ် |
|---|---|---|---|---|

သုံးပွဲဆက်အနိုင်ပျောက်ခဲ့ပြီး အဆင့် ၆ နေရာ ရောက်သွားတဲ့ စပါးဟာ ချန်ပီယံလိဂ်ကစားခွဲရမှာဖြစ်ပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာတယ်။ လက်ရှိအချိန်မှာ စတုတ်ခြေစွမ်းက ကောင်းမွန်တယ်ဆိုပေမယ့် စပါးရဲ့ ဖိအားပေးမှုကို ထိန်းနိုင်ဖို့ခက်မယ်။ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် စပါးတိုက်စစ်ဖွင့်ကစားလာမှာလည်း ဖြစ်တာကြောင့် ဒီပွဲမှာ စပါးပဲ အနိုင်သေချာတယ်။

## ဆောက်သမ်တန် vs အာဆင်နယ်

| ယမန်နှစ် | ဆောက်သမ်တန် | ၀ | ၂ | အာဆင်နယ် |
|---|---|---|---|---|

မန်ယူကို အရေးနိမ့်ခဲ့ရတာကြောင့်ဒီပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အာဆင်နယ်ခြေက ထင်သလောက်တည်ငြိမ်မှု မရှိသေးဘူး။ အထူးသဖြင့် အာဆင်နယ်က အဝေးကွင်းပွဲတွေမှာ အသင်းလိုက်ကစားပုံ အနည်းငယ်အားနည်းတတ်ပါတယ်။ ဆောက်သမ်တန်ကတော့ ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိလာသလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ အာဆင်နယ်ကပ်ပြီးပဲ နိုင်မယ်။

## ဆွမ်ဆီး vs ဝက်စ်ဘရွန်း

| ယမန်နှစ် | ဆွမ်ဆီး | ၂ | ၁ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ဆွမ်ဆီးအနေနဲ့ ရလဒ်တွေ ဆိုးနေပြီး ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေတာ မှန်ပေမယ့် အမှတ်ပေးဇယား အောက်ဆုံးကိုရောက်ရှိနေတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာဖို့ရှိပါတယ်။ လက်ရှိအချိန်မှာ ဆွမ်ဆီးခြေကလည်း အနည်းငယ်တိုးတက်မှုတွေရှိလာတာကြောင့် ခြေစွမ်းပိုင်း သာမန်သာရှိတဲ့ ဝက်စ်ဘရွန်းကို ထိန်းချုပ်နိုင်မှာပါ။ ဆွမ်ဆီးတို့ အနိမ့်ဆုံးသရေလောက် ကစားနိုင်မယ်။

## ဟက်ဒါဖီးလ် vs ဘရိုက်တန်

| ယမန်နှစ် | ဟက်ဒါဖီးလ် | ၃ | ၁ | ဘရိုက်တန် |
|---|---|---|---|---|

နှစ်ပွဲဆက်တိုက်အရေးနိမ့်ခဲ့ရလို့ ဒီပွဲမှာ ဟက်ဒါဖီးလ်တို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဟက်ဒါဖီးလ်ရဲ့ခြေက အားနည်းမှုတွေရှိနေပေမယ့် ဘရိုက်တန်ကလည်း ဟက်ဒါဖီးလ်နဲ့ ခြေစွမ်းပိုင်းမကွာဘူးဆိုပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကကျဆင်းတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းအားသာချက်ရှိတဲ့ ဟက်ဒါဖီးလ်တို့ နိုင်ပွဲကပ်ရနိုင်ပါတယ်။

## လီဗာပူး vs အဲဗာတန်

| ယမန်နှစ် | လီဗာပူး | ၃ | ၁ | အဲဗာတန် |
|---|---|---|---|---|

မာဆေးဆိုက်ဒါဘီဖြစ်တာကြောင့် အကြိတ်အနယ်ရှိနိုင်ပါတယ်။ လက်ရှိအချိန်မှာ အဲဗာတန်ခြေက ကောင်းမွန်လာပြီး နှစ်ပွဲဆက် အနိုင်ရခဲ့သလို တိုက်စစ်နဲ့ ခံစစ်ကစားပုံလည်း ကောင်းမွန်လာလို့ ဒီပွဲက အကြိတ်အနယ်ပိုရှိနိုင်ပါတယ်။ ဒါပေမယ့် လီဗာပူးကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေကာ အိမ်ကွင်းဖြစ်တယ်။ အိမ်ကွင်းမှာ လီဗာပူးကသာ နိုင်ပွဲရယူသွားမှာပါ။

# ဖလမ်းလေယာဉ်ကွင်း(ဆူရိဘုန်) တည်ဆောက်ရေးစီမံကိန်းကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု



**ဟားခါး ဒီဇင်ဘာ ၇**

ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်း ဖြစ်လာမည့် ဖလမ်းလေယာဉ်ကွင်း (ဆူရိဘုန်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ဒီဇင်ဘာ ၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အတူ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်တင်မန်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအဖွဲ့က သွားရောက်စစ်ဆေးခြင်းဖြစ်ပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လေယာဉ်ကွင်းရှင်းလင်းဆောင်၌ တွေ့ဆုံကာ လေယာဉ်ကွင်း တည်ဆောက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လေယာဉ်ကွင်း တည်ဆောက်မှုလုပ်ငန်းတွင် လိုအပ်သော ရေ၊ လျှပ်စစ်မီးရရှိရေးနှင့် လေယာဉ်ကွင်းတွင် စိုက်ပျိုးမည့် ပျိုးပင်များရရှိရေးတို့ကို ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ လေယာဉ်ကွင်းတည်ဆောက်နေမှု အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖလမ်း (ဆူရိဘုန်) လေယာဉ်ကွင်းသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၆၀၀၀ တွင် တည်ရှိပြီး ပြေးလမ်း အရှည် ပေ ၆၀၀၀ နှင့် ပြေးလမ်းအကျယ် ပေ ၁၀၀ ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက် )**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က ဘားအံမြို့အောင်သံလွင် အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ ကရင်ပြည်နယ် ဘောလုံးအသင်းအတွက် လိုအပ်သော ခြေစွမ်းခြေစရှိသည့် လူငယ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြို့နယ်များမှ လူငယ်ရွက်ပုန်းသီးကစားသမားများ ပေါ်ထွက်လာကာ ပြည်နယ်ကိုယ်စားပြုသည့် ထူးချွန်သော မျိုးဆက်သစ်ကစားသမားများ ရွေးချယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကရင်ပြည်နယ်အတွင်းရှိမြို့နယ်များမှ ဘောလုံးအသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကာ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဒီဇင်ဘာ ၄ ရက်က ပြိုင်ပွဲပထမနေ့ အဖွင့်ပွဲစဉ်အဖြစ် ဘားအံမြို့နယ်အသင်းနှင့် ကော့ကရိတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# အထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများပေးအပ်

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကိုမောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုနှင့် ပြည်နယ်ပညာရေးမှူး ဦးစိုးမြင့်တို့က ဒီဇင်ဘာ ၄ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် အဆိုပါကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ပတ်သက်၍ လိုအပ်သည်များကို ကျေးရွာတာဝန်ရှိသူများအား မှာကြားကာ ကျောင်းခန်းမ၌ကျင်းပသည့် ဘင်ခရာဆက်စပ်ပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဘင်ခရာဆက်စပ်ပစ္စည်းများနှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ အလှူရှင်သုံးဦးမှထောက်ပံ့လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀ တို့ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သင်္ဘောပေါ်ရှိ စာပေရေချမ်းစင် စာစဉ်များကို စည်းကမ်းရှိစွာ ဖတ်ရှုခြင်းဖြင့် ကူညီပေးစေလို

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စာပေဗဟုသုတ တိုးပွားစေရေးအတွက် လက်လှမ်းမီ ဖတ်ရှုလေ့လာနိုင်စေရန် ဒလ-ပန်းဆိုးတန်း ကူးတို့ရေယာဉ်များဖြစ်သည့် ချယ်ရီ(၁)နှင့် ချယ်ရီ(၂)တို့ပေါ်၌ အသိပညာပေး နံရံကပ်စာပေရေချမ်းစင်ကိုထားရှိပြီး ဝန်ထမ်းများက စာအုပ်များကို လစဉ်ပုံမှန် သွားရောက်လဲလှယ်ပေးလျက်ရှိသည်။

အဆိုပါ စာပေရေချမ်းစင်များတွင် ဖတ်ရှုသူများ အနေဖြင့် စည်းကမ်းမရှိမှုကြောင့် အမြင်မတင့်တယ်မှုကို မကြာခဏ ကြုံတွေ့နေရပြီး ဝန်ထမ်းများအနေဖြင့်လည်း လစဉ် စာအုပ်များ လဲလှယ်ပေးရာတွင် အခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရသည်။ သင်္ဘောဖြင့် နေ့စဉ် ခရီးသွားနေရသော စာပေချစ်မြတ်နိုးသူတစ်ဦးဖြစ်သည့် ဦးသိန်းဝင်းက စာပေရေချမ်းစဉ်မှ စာအုပ်များကို ယူဖတ်သူများ၏ စည်းကမ်းမရှိမှုများကို မိမိအနေဖြင့် နေ့စဉ် သိရှိနေရသဖြင့် သင်္ဘောဖြင့် ခရီးသွားလာကြသော လူထုလူတန်းစား အလွှာအသီးသီးမှ ခရီးသည်များအနေဖြင့် စာပေရေချမ်းစင်မှ ရယူဖတ်ရှုပြီးသော စာစဉ်များကို စနစ်တကျ ပြန်လည်ထားရှိပေးခြင်းဖြင့် စည်းကမ်းရှိရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ စာစဉ်အိတ်နှင့် စာစောင်များကို အသစ်လဲလှယ်ပေးနေသလို ခရီးသွား မိဘပြည်သူများအနေဖြင့်လည်း စာစောင်များ၊ စာစဉ် အိတ်များ ပျက်စီးယိုယွင်းမှု မရှိစေရေးအတွက် ထိန်းသိမ်းကူညီပေးစေလိုကြောင်း။

ထို့အတူ ခရီးသွားများ စိတ်အနှောင့်အယှက်မရှိစေရန်နှင့် ရေယာဉ်အတက်/အဆင်းတွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် ဆိပ်ခံဗောတံတားပေါ်နှင့် ကူးတို့သင်္ဘောပေါ်ရှိ ခေါင်းရွက်ဈေးသည်များကို ရှင်းလင်းဖယ်ရှားထားကြောင်း၊ ထို့သို့ဆောင်ရွက်ထားသော်လည်း စည်းကမ်းမလိုက်နာမှုများ ရှိနေသေးကြောင်း၊ ထို့အပြင် ရန်ကုန်မြစ်အတွင်း အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ကြသူများလည်း ရှိနေခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ခရီးသွားပြည်သူများအနေဖြင့် ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးစေလိုကြောင်း ၎င်းက ဆက်ပြောသည်။

စာအုပ်များကို ထားရှိပေးထားရာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကလေးသူငယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိဟု ဘာသာရပ် ၁၃ မျိုးရှိပြီး စာစဉ်အသစ်များ ထွက်ရှိတိုင်း ပြည်သူများ လေ့လာဖတ်ရှုနိုင်စေရန် အသစ် လဲလှယ်ပေးကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**




# မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြော

**မိုးညှင်း ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား ရောဦးစီမံချက်အရ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အဆိုပါကျောင်း ယုဇနခန်းမဆောင်၌ ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးသန့်လွင်စိုးက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(နေပြည်တော်)မှ ရဲမှူးရဲနိုင်က မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်နှင့် သုံးစွဲသူတို့၏ လက္ခဏာများအကြောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းတို့ကို အသေးစိတ် ရှင်းလင်းဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်၍ ကျောင်းသားကျောင်းသူများ၏ သိရှိလိုသော မေးခွန်းများကိုလည်း ရဲမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ဝ၆၇**

## သတင်းတိုများ

### သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဆင်း

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံးက ကြီးမှူးဖွင့်လှစ်ခဲ့သော သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား)သင်တန်း အပတ်စဉ်(၂/၂၀၁၇)ဆင်းပွဲကို ဒီဇင်ဘာ ၃ ရက်က အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းတွင် သဘာဝဘေးလျော့ပါးရေး ဘာသာရပ်များကို ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်ထိ လက်တွေ့သရုပ်ပြ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

### သုံးခွမြို့ ကွက်သစ်ရေကန်ပေါင်ပေါ်မှ ချုံနွယ်များကို ရှင်းလင်း

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ရှစ်ကေကျယ်ဝန်းသော ကွက်သစ်ရေကန်ကြီးသည် အမှတ်(၁)နှင့် အမှတ်(၃)ရပ်ကွက်များသို့ ရေပိုက်လိုင်းဖြင့် သောက်သုံးရေပေးဝေနေသော ရေကန်ကြီးတစ်ကန်ဖြစ်ရာ အဆိုပါရေကန်ကြီး သန့်ရှင်းသာယာလှပရေး၊ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကျန်းမာရေးအတွက် ကန်ပေါင်ပေါ်တွင် အားကစားပြုလုပ်သူ၊ လမ်းလျှောက်သူများ ဘေးအန္တရာယ်ကင်းကာ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးမိုးကျော်နှင့် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကန်ပေါင်ပေါ်နှင့် ကန်ဘေးရှိ မြက်ပင်၊ ကိုင်းပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ မြေသားမညီသည့်နေရာများတွင် မြေညှိပေးခြင်းတို့ကို စက်ယန္တရားနှင့် လူအင်အားများဖြင့် ဒီဇင်ဘာ ၄ ရက်က ဆောင်ရွက်ခဲ့ကြသည်။ **ကိုကျော်(သုံးခွ)**

# အင်္ဂပူမြို့နယ်၌ မီနီမာရသွန်၊ ဖူဆယ်နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပ

**အင်္ဂပူ ဒီဇင်ဘာ ၇**

အင်္ဂပူမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား မီနီမာရသွန်ပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က အင်္ဂပူမြို့ပြည်သူ့အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က အမှာစကားပြောကြားပြီး ကွင်းကောက်(မြောက်) ကျေးရွာအုပ်စု ဘောလုံးကွင်းမြေနေရာကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလုကြိုင်က တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးမိုးကျော်လွင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအေးမင်းခိုင်တို့ထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို စတင်ကျင်းပပြီး စည်ပင်ကော်မတီ ပိုက်ကျော်ခြင်းအသင်းနှင့် ဒယ်ပုတ်ကွင်းကျေးရွာ ပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အင်္ဂပူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၄ သင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဖမ်းဆီးနည်း ဆင့်ပွားသင်တန်း ဆင်း

**မော်လမြိုင် ဒီဇင်ဘာ ၅**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂/၂၀၁၇)ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မိုး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ ရဲစခန်းမှူးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# တရုတ်-မြန်မာ နိုင်ငံတကာမာရသွန်ပြိုင်ပွဲတွင် ပါဝင်ရန် မြန်မာအားကစားသမားများကို ဖိတ်ခေါ်

**မူဆယ် ဒီဇင်ဘာ ၇**

တရုတ်-မြန်မာ နိုင်ငံတကာမာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် တရုတ်နိုင်ငံ ရွှေလီမြို့နှင့် မြန်မာနိုင်ငံ မူဆယ်မြို့၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံဘက်မှ အားကစားသမားများ ပါဝင်ဆင်နွဲကြရန် ဖိတ်ခေါ်ထားသည်ဟု မူဆယ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနိုင်က ပြောသည်။

ပထမအကြိမ်ကျင်းပသည့် တရုတ်-မြန်မာ နိုင်ငံတကာ မာရသွန်ပြိုင်ပွဲတွင် ၄၂ ဒသမ ၂ ကီလို တာဝေးပြိုင်ပွဲ၊ ၂၁ ဒသမ ၁ ကီလို တာလတ်ပြိုင်ပွဲနှင့် အသေးစား ၈ ကီလိုမီတာပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ကြောင်း၊ တာဝေးမာရသွန်ပြိုင်ပွဲအတွက် အသက် ၁၈ နှစ်မှ ၆၀ အထိ၊ တာလတ်မာရသွန်ပြိုင်ပွဲအတွက် အသက် ၁၆ နှစ်မှ ၆၅ နှစ်အထိနှင့် အသေးစားမာရသွန်ပြိုင်ပွဲအတွက် အသက် ၁၃ နှစ်မှ ၆၅ နှစ်အထိ သတ်မှတ်ထားပြီး အမျိုးသားရော အမျိုးသမီးများပါ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

တာဝေးမာရသွန်ပြိုင်ပွဲတွင် အမျိုးသားများအတွက် စံချိန် ၂ နာရီ ၉ မိနစ် ၃၀ စက္ကန့်နှင့် အမျိုးသမီးများအတွက် စံချိန် ၂ နာရီ ၂၆ မိနစ် သတ်မှတ်ထားကြောင်း၊ မာရသွန်ပြိုင်ပွဲ သုံးမျိုးစလုံးအတွက် ဆုများကို တရုတ်ယွမ်ငွေဖြင့် ချီးမြှင့်မည်ဖြစ်ပြီး တာဝေးပထမဆု ယွမ် ၂၀၀၀၀ နှင့် တာလတ်ပထမဆု ယွမ် ၆၀၀၀ ဖြစ်ကြောင်း၊ ပထမမှ နဝမအထိ ဆုများချီးမြှင့်မည်ဖြစ်ပြီး နဝမဆုနောက်မှ ပန်းဝင်နိုင်သူ ၅၀ ကိုလည်း တစ်ဦးလျှင် ယွမ် ၅၀၀ စီ ချီးမြှင့်မည့်အပြင် ဆွေမျိုးပေါက်ဖော်ဆုကြေးများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး နိုင်ငံတကာ မာရသွန်ပြိုင်ပွဲတွင် အားကစားသမားပေါင်း ၅၀၀၀ ခန့်ပါဝင်ပြီး ကျင်းပမည်ဖြစ်ရာ လက်ရှိအချိန်အထိ တရုတ်နိုင်ငံဘက်မှ ပါဝင်ယှဉ်ပြိုင်ရန် အားကစားသမား ၂၅၀၀ စာရင်းပေးသွင်းထားပြီး မြန်မာနိုင်ငံဘက်မှ ၃၅၀ သာ စာရင်းတင်သွင်းထားသဖြင့် မြန်မာနိုင်ငံဘက်မှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများကို ဆက်လက်ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် မြန်မာအားကစားသမားများအနေဖြင့် မာရသွန်ပြိုင်ပွဲများတွင် အခမဲ့ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်ရန်အတွက် မူဆယ်မြို့ရှိ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ဒီဇင်ဘာ ၁၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းတင်သွင်းနိုင်သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံ နိုင်ငံတကာမာရသွန်ပြိုင်ပွဲ၏ တာဝေး ၄၂ ဒသမ ၂ ကီလိုမီတာတွင် မြန်မာဘက်၌ ၄ ဒသမ ၂ ကီလိုမီတာ ပါဝင်ပြီး တရုတ်နိုင်ငံဘက်တွင် ၃၈ ကီလိုမီတာ ပါဝင်ကြောင်း၊ ဒီဇင်ဘာ ၃၁ရက် တရုတ်စံတော်ချိန် နံနက် ၉ နာရီ(မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲ)တွင် တရုတ်နိုင်ငံ ရွှေလီမြို့ဂျယ်ခေါင်မနောကွင်းမှစတင်တာထွက်ပြီး ရွှေနန်းတော်ပေါက်မှ နယ်စပ်ဖြတ်ကျော်ကာ မြန်မာနိုင်ငံ မူဆယ်မြို့ပြည်ထောင်စုလမ်း-ထူးရှယ်လမ်းတို့မှ မင်္ဂလာမူဆယ်သို့ပတ်ပြီး ဆင်ဖြူပေါက်မှ တရုတ်နိုင်ငံသို့ ပြန်လည်ဝင်ရောက်၍ ရွှေလီမြို့ရှိ နောင်မောင်းပန်းခြံတွင် ပန်းဝင်ရမည်ဖြစ်ကြောင်း သိရသည်။

မမ(လားရှိုး)

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာသင်တန်းဆင်း

**ကျောင်းကုန်း ဒီဇင်ဘာ ၇**

ကျောင်းကုန်းမြို့နယ်အတွင်းမှ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့သော အသက်မွေးဝမ်းကျောင်းကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၁၇) ဆင်းပွဲကို ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်ဇော်က သင်တန်းကို သုံးပတ်ကြာဖွင့်လှစ်ခဲ့ကြောင်း၊ ယခုထက် ရက်ပို၍ ဖွင့်လှစ်ပေးချင်သော်လည်း အခြေအနေအရ ရက် ၂၀ သာ ဖွင့်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းပြီးဆုံးသွားသော်လည်း ဆက်လက်လေ့လာသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် KMD မှ ဆရာဦးကျော်မျိုးထက်နှင့် ဦးကျော်မျိုးဆက်တို့က လာရောက်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



# လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ရေး အသိပညာပေး

**တာချီလိတ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ မန်နေဂျာများ၊ ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများ လူကုန်ကူးမှုမခံရစေရေး၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၄ ရက်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၁) တာချီလိတ် ရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းများမှ မန်နေဂျာနှင့် ဝန်ထမ်း ၆၅ ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(၁) တာချီလိတ်မှ ရဲမှူးရင်ရင်အေးက လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေဆိုင်ရာများ၊ ကလေးသူငယ်ဥပဒေ ပေါ်ပေါက်လာပုံ၊ ကလေးသူငယ်များ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာများ၊ အရွယ်မရောက်သေးသည့် ကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်ခြင်းဖြစ်စဉ်များ၊ ရဲအုပ်လှဘုန်းက လူမှောင်ခိုနှင့်လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ရပ်ကွက်နှင့် ကျေးရွာအဆင့် စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ တာချီလိတ်မြို့ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးနေသည့် ပတ်စ်ပို့ ခုနစ်မျိုးအကြောင်း စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)


## (၂၈-၁၁-၂၀၁၇)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)ပါ ဒေါ်အေးအေးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်သီတာစိုး၊ဒေါ်စန္ဒာအောင်နှင့် အထက်တန်းရှေ့နေဦးမျိုးရွှေတို့၏ ''ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/ဘီ)၊ မြေကွက်အမှတ်(၁၅/၁)၊ ဧရိယာ(သုည ဒသမ ၆၉၄)ဧကရှိ မြေနေရာနှင့် စပ်လျဉ်းပြီး အများသိစေရန်ကြေညာချက်''အပေါ် တုံ့ပြန်ရှင်းလင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉/က)နေ ဒေါ်ခင်စန်းဦး (ဘ)ဦးစိန်တင် (၁၂/သဃက(နိုင်)၀၇၄၂၉၆)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/ဘီ)၊ မြေကွက်အမှတ်(၁၅/၁)၊ ဧရိယာ(သုည ဒသမ ၆၉၄)ဧကရှိ မြေနေရာသည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၉-၈-၁၉၆၃)ရက်နေ့စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၁၃၀၇) ဖြင့် (၁)ဦးစိန်တင်၊ (၂)ဦးညွန့်လွင်၊ (၃)ဒေါ်ခင်မကြီး၊ (၄)ဒေါ်နုနု(ခ) ဒေါ်ခင်မကလေး၊ (၅)ဒေါ်ခင်ခင်ကြီး၊ (၆)ဒေါ်ခင်ခင်လေး၊ (၇)ဦးမောင်မောင်ကြီး၊ (၈)ဒေါ်ခင်ခင်အေး(ခ) ဒေါ်ခင်ခင်လတ်၊ (၉)ဦးကိုကိုကြီး (ခ)ဦးခင်မောင်ကလေး၊ (၁၀)ဒေါ်ခင်မမ(ခ)ဒေါ်ခင်လေးကြီး၊ (၁၁)ဒေါ်ခင်မိမိ (ခ)ဒေါ်ခင်လေးငယ် နှင့် (၁၂)ဦးခင်မောင်ကြီးတို့ တရားဝင်ပိုင်ဆိုင်သော မြေနေရာဖြစ်ပါသည်။

အဆိုပါမြေနေရာအား ပြည်သူပိုင်သိမ်းယူခဲ့သည့်အချိန်တွင်လည်း အိုးအိမ်ဦးစီးဌာန၌ အထက် ဖော်ပြပါ ဦးစိန်တင် အပါအဝင် (၁၂)ဦး အမည်ပေါက်သည့်မြေနေရာဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/ဘီ)၊ မြေကွက်အမှတ်(၁၅/၁)၊ ဧရိယာ(သုည ဒသမ ၆၉၄)ဧကရှိ မြေနေရာသည် ဦးစိန်တင်ပါ (၁၂)ဦးအမည်ပေါက် ပိုင်ဆိုင်ခဲ့သည့်မြေနေရာဖြစ်ပြီး ဦးမောင်မောင်နှင့် ဒေါ်တီ တို့ပိုင်ဆိုင်သော မြေနေရာ (လုံးဝ) မဟုတ်ပါသဖြင့် ဦးမောင်မောင်နှင့် ဒေါ်တီတို့ကျန်ရစ်သော အမွေဆိုင်ပစ္စည်း (လုံးဝ)မဟုတ်ပါ။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၃၅/ဘီ)၊ မြေကွက်အမှတ်(၁၅/၁)၊ ဧရိယာ(သုည ဒသမ ၆၉၄)ဧကရှိ မြေနေရာအား အမည်ပေါက် ပိုင်ဆိုင်သူများထဲမှ သက်ရှိထင်ရှားရှိနေသေးသူများ၏ တရားဝင် ကိုယ်စားလှယ်စာရသူနှင့် အမည်ပေါက် ပိုင်ဆိုင်ခဲ့သူများထဲမှ ကွယ်လွန်သူ ဦးစိန်တင်၏သမီးဖြစ်သူ ဒေါ်ခင်စန်းဦးက အဆိုပါမြေနေရာ၏ လိုအပ်သော စာရွက်စာတမ်းများ တရားဝင်လျှောက်ထားရယူသည့်အပေါ် ကန့်ကွက်သူများအား ဒေါ်ခင်စန်းဦး၏ ဆန္ဒအရ ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၃၅/ဘီ)၊ မြေကွက်အမှတ်(၁၅/၁)၊ ဧရိယာ(သုည ဒသမ ၆၉၄)ဧကရှိ မြေနေရာ၏ ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်များအား တရားဝင် စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသူ ဒေါ်ခင်စန်းဦးမှလွဲ၍ အခြားမည်သူတစ်ဦး တစ်ယောက်မျှ စီမံခန့်ခွဲဆောင်ရွက်ခွင့်မရှိကြောင်းနှင့် ဒေါ်ခင်စန်းဦး၏ စီမံခန့်ခွဲဆောင်ရွက်ခြင်းအပေါ် နှောက်ယှက်သူများနှင့် ကန့်ကွက်သူများအား ထိုသို့နှောက်ယှက်မှုနှင့်ကန့်ကွက်မှု ကြောင့်ဖြစ်ပေါ်လာမည့် ဒေါ်ခင်စန်းဦး၏ ဆုံးရှုံးနစ်နာမှုအရပ်ရပ်ကို နှောက်ယှက်သူများနှင့်ကန့်ကွက်သူများမှ အပြည့်အဝတာဝန်ယူ ဖြေရှင်းပေးရန် ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ

ဦးနေလင်းအောင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၃)

ဦးဝဏ္ဏအောင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၇၅)

အမှတ်(၅၀၀)၊ သန္တာ(၁)လမ်း၊ ၈/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉ ၄၃၁၇၇၃၇၈



## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါကော်မတီ
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တင်ဒါကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မရမ်းကုန်းမီးလောင်ပြင်နေရာတွင် အဆောက်အဦသစ် ပြန်လည်တည်ဆောက်မည့်လုပ်ငန်းကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သော တင်ဒါတင်သွင်းလိုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| တင်ဒါအမှတ် | လုပ်ငန်းအကြောင်းအရာ |
|---|---|
| EDB/၀၂/ ၂၀၁၇-၂၀၁၈ | မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဧယျာခေမာလမ်းသွယ်ရှိ မြေညီထပ်(ကားပါကင်)+၄½ထပ် အဆောက်အအုံနှစ်လုံးနှင့် မြေညီထပ်(ကားပါကင်)+၄ထပ် အဆောက်အဦတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာအဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ(Instructions to Tenderers)နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများအပြည့်အစုံကို ၁၂-၁၂-၂၀၁၇ ရက်မှစ၍ ၁၂-၁-၂၀၁၈ ရက်အထိ ကျောက်တံတားမြို့နယ်၊ ၃၄ လမ်းနှင့် စည်ပင်လမ်းထောင့်ရှိ (၁၀)ထပ်ရုံး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရှစ်လွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ စာရွက်စာတမ်းအပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၁၂-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ် ၀၁-၃၇၄၃၆၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ



## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၇၃/မမ/CME | မြစ်ငယ်စက်ရုံသစ်တွင် 5 MVA (33/11 kV) ဓါတ်အားခွဲရုံ တည်ဆောက်၍ ဓါတ်အားရယူနိုင်ရန် CT (200-400/5A) ဖြင့် အစားထိုး ဆောင်ရွက်ပေးရန် အတွက် CT (200-400/5A) အား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်ရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၁.၁၂.၂၀၁၇ (ကြာသပတေးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၈.၁၂.၂၀၁၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7J/1515 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)





## စက်မှုလက်မှုသိပ္ပံ (အင်းစိန်)
## မြို့ပြအင်ဂျင်နီယာကျောင်းသား/ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ(အင်းစိန်)၊ မြို့ပြအင်ဂျင်နီယာ ကျောင်းသား/ကျောင်း သူဟောင်းများ၏သတ္တမအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။ သူငယ်ချင်းကျောင်းသား/ကျောင်းသူများအားလုံး ဆုံစည်းနိုင်ရန်အတွက် မပျက်မကွက် ဆက်ဆက်တက်ရောက်ကြရန် ဖိတ်ခေါ်အပ်ပါသည်။ နိုင်ငံခြားရောက် အင်းစိန် AGTI မြို့ပြ ကျောင်းသား/ကျောင်းသူဟောင်းများနှင့် သူငယ်ချင်းများသည် (KBZ Bank Co.,Ltd) ၀၂၁၁၂၂၀၀၈၆၆၈၀ သို့ အလှူငွေများထည့်ဝင် လှူဒါန်းနိုင်ပါသည်။

**ကျင်းပမည့်နေရာ** - ရွှေကျင်သာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး)

**ဆက်သွယ်ရန်** - ဦးမင်းထွန်းစိုး-ဖုန်း-၀၉-၅၀၅၄၃၀၂
ဦးအောင်ကျော်သောင်း-ဖုန်း-၀၉-၅၀၃၆၆၄၄

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ် RA-III/ကွက်ပြင် ၃ရပ်၊ ဦးပိုင်အမှတ် ၁၇၇/၁-က၊ မြေယာအမှတ် 300/A-1၊ ဧရိယာ(၀ဒသမ၀၇၆) ဧကရှိ မြေကွက်အား ဦးပိုင်ခွဲ ဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရေး ဦးသာထွန်း -ဒေါ်ဝင်းဝင်းမြိုင်တို့မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁) ဦးသာထွန်း ၉/မမန(နိုင်) ၀၁၈၀၃၀
(၂) ဒေါ်ဝင်းဝင်းမြိုင် ၉/မရတ(နိုင်) ၀၄၇၂၄၄

**အမှတ် ၇၉၊ ၅လမ်း၊ (၇)ကွက်၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် ၁၅/ညံတောတောင်၊ ဦးပိုင်အမှတ် ၁၄၂၊ မြေယာအမှတ် 200၊ ဧရိယာ(၀ဒသမ၈၉၁)ဧကရှိ မြေကွက်အား (၁)ဦးတင်ညွန့်(ခ)ဦးရဟင်း ၉/ပဥလ(နိုင်)၀၁၆၃၃၅၊ (၂)ဦးခင်မောင်ဝင်း(ခ)ဦးစလင်း ၉/ပဥလ(နိုင်)၀၁၆၃၅၈၊ (၃)ဦးလှမောင်(ခ)ဦးဟလင်း ၉/မမန(နိုင်) ၀၈၆၆၃၃၊ (၄)ဦးတင်ဝင်း(ခ)ဦးခလီ ၉/မမန(နိုင်) ၀၂၀၉၈၆တို့ ညီအစ်ကိုလေးဦးက မြေငှားဂရန်အမှတ်အမှတ် ၁၂၀၉/၁၉၉၃-၁၉၉၄အရ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၁(က)မှတ်ပုံတင်စာရင်းတွင် စာရင်းရေးသွင်းထားခြင်းမရှိပါသဖြင့် ဦးတင်ညွန့်ပါလေးဦးမှ စာရင်းရေးသွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဦးတင်ညွန့်ပါ လေးဦးထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁) ဦးတင်ညွန့်(ခ)ဦးရဟင်း ၉/ပဥလ(နိုင်)၀၁၆၃၃၅
(၂) ဦးခင်မောင်ဝင်း(ခ)ဦးစလင်း ၉/ပဥလ(နိုင်)၀၁၆၃၅၈
(၃) ဦးလှမောင်(ခ)ဦးဟလင်း ၉/မမန(နိုင်) ၀၈၆၆၃၃
(၄) ဦးတင်ဝင်း(ခ)ဦးခလီ ၉/မမန(နိုင်)၀၂၀၉၈၆

**အမှတ် ၃၆၊ ၁၇လမ်း၊ ၁၆/မြမာလာ၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

## ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့၊ အထက မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

ရွှေဘိုခရိုင်၊ကျောက်မြောင်းမြို့ (ယခင် အ.လ.က၊ တွဲဖက် အ.ထ.က၊ အ.ထ.က) တွင် ပညာဆည်းပူးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို (၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်) ၁၄-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျောက်မြောင်းမြို့၊ အထကကျောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကြီး၊ ဆရာမကြီးများ ကန်တော့ခံကြွရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူများကိုယ်တိုင် တက်ရောက်ကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သည့် ပုဂ္ဂိုလ်များ**
**ဦးသိန်းဝင်း** ဖုန်း-၀၉-၂၀၂၉၈၀၃
**ဦးမောင်မောင်စိုး** ဖုန်း-၀၉-၂၂၁၀၅၅၂
**ဦးကျော်ဝင်းဆန်း** ဖုန်း-၀၉-၂၅၆၄၅၈၇၀၁

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ် RA-III/ကွက်ပြင် ၃ရပ်၊ ဦးပိုင်အမှတ် ၁၇၇/၁-ခ၊ မြေယာအမှတ် 300/A-2၊ ဧရိယာ(၀ဒသမ၀၆၄) ဧကရှိ မြေကွက်အား ဦးပိုင်ခွဲ ဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဒေါ်MR မချားဒိုး(ခ) ဒေါ်ခင်ညိုအေးမှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်MR မချားဒိုး (ခ) ဒေါ်ခင်ညိုအေး**
**၉/မမန(နိုင်)၀၃၅၃၃၅**
**အမှတ် ၁၇၇၊ စကားဝါလမ်း၊ ကွက်ပြင်(၃/မြောက်)၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀အိုင်၂၊ မြေကွက်အမှတ်-II၄၆၊ မြေကွက်တည်နေရာအမှတ်-၁၀၀/၁၀၂၊ လမ်း ၅၀၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဒေါ်ခင်ရီ ၁၂/ ပဇတ(နိုင်)၀၁၂၇၁၀၊ ဦးဝင်းငွေ ၁၂/ပဇတ(နိုင်)၀၁၂၇၆၉ အမည်ပေါက်နှစ် ၆၀ဂရန်မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ မိခင် ဒေါ်ခင်ရီသည် ၁၅-၁-၂၀၁၄ရက်တွင်လည်းကောင်း၊ ဖခင်ဦးတင်ဦးသည် ၁၅-၁၁-၂၀၀၉ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် အမွေစားအမွေခံသားသမီးများအဖြစ် ဦးမျိုးဦး၊ ဦးဝင်းမြင့်ဦး၊ ဒေါ်စန်းစန်းဦး၊ ဒေါ်ရင်ရင်ဦး၊ ဒေါ်ရီရီဦး မောင်နှမငါးဦးတို့သာ ကျန်ရှိခဲ့ကြောင်း ၎င်းတို့ငါးဦးမှတစ်ပါး အခြားအမွေစားအမွေခံတစ်ဦး တစ်ယောက်မျှ ကျန်ရှိခဲ့ခြင်းမရှိပါကြောင်း၊ မိခင်ဒေါ်ခင်ရီနှင့် ဦးဝင်းငွေတို့ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်ခဲ့သော မြေကွက်အနက်မှ မိခင်ဒေါ်ခင်ရီပိုင်ဆိုင်သော တောင်ဘက်ခြမ်းတစ်ဝက်တိတိ ပေ(၂၅×၅၈)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်ကို ဗုဒ္ဓဘာသာမြန် မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ သားသမီးများဖြစ်ကြသော ၎င်းတို့မောင်နှမငါးဦးမှ ပိုင်ဆိုင်ကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်စဉ် ၅၇၀၃/၁၇ (၂၂-၅-၂၀၁၇)၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဒေါ်ခင်ရီ၊ ဦးတင်ဦးတို့၏သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)တင်ပြ၍ ဦးမျိုးဦး ၁၂/ပဇတ(နိုင်) ၀၁၃၀၈၅၊ ဦးဝင်းမြင့်ဦး ၁၂/ပဇတ(နိုင်)၀၀၃၅၉၉၊ ဒေါ်စန်းစန်းဦး ၁၂/ပဇတ(နိုင်)၀၀၃၆၁၃၊ ဒေါ်ရင်ရင်ဦး ၁၂/ပဇတ(နိုင်)၀၀၃၆၁၂၊ ဒေါ်ရီရီဦး ၁၂/ပဇတ(နိုင်)၀၁၃၃၁၀တို့မှ ကျန်ပူးတွဲအမည် ပေါက်ဖြစ်သူ ဦးဝင်းငွေ ၁၂/ပဇတ(နိုင်)၀၁၂၇၆၉နှင့်အတူ ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် နှစ်ခန်းတွဲ နှစ်ထပ်တိုက်ဖြစ်ပြီး ဦးဝင်းငွေမှ အပေါ်/အောက်(ယာ)ဘက်ခြမ်းတွင် နေထိုင်ပြီး ဦးဝင်းမြင့်ဦး +၄တို့မှ အပေါ်/အောက်(ဝဲ) ဘက်ခြမ်းတွင် နေထိုင်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1363 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/4476 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/8338 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**







# ဝန်ထမ်းခန့်ထားရန် စိတ်ပါဝင်စားသည့် မိတ်ဖက်လုပ်ငန်းကုမ္ပဏီများအား ဖိတ်ကြားခြင်း

Japan နိုင်ငံ Metro General Business College ၏ ကျောင်းခွဲတစ်ခုဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ထားသော Metro IT & Japanese Language Centre ၌ အချိန် (၂)နှစ်ကြာ IT နှင့် ဂျပန်ဘာသာရပ်ကို သင်ယူလေ့လာခဲ့ကြသော လူငယ်မောင်မယ်များနှင့် မိတ်ဖက်ကုမ္ပဏီများတွေ့ဆုံပြီး အင်တာဗျူးပြုလုပ်နိုင်ရန်နှင့် ကုမ္ပဏီအသီးသီး၏လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားပါမည်။

METRO
METRO MIRAI Co.,Ltd



ကျင်းပမည့် နေ့ရက်/အချိန် ။ ။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ( ၁၄ ) ရက်၊ ကြာသပတေးနေ့ ( 9:00 ~ 12:00 )
ကျင်းပမည့် နေရာ ။ ။ Metro IT & Japanese Language Centre
ပါဝင်တက်ရောက်စရိတ် ။ ။ အခမဲ့

★ ယခုအကြိမ် လုပ်ငန်းကုမ္ပဏီအသီးသီး၏ မိတ်ဆက်ရှင်းလင်းပွဲအတွက် ဝန်ထမ်းခန့်ထားရန် စိတ်ပါဝင်စားသည့် လုပ်ငန်းကုမ္ပဏီပေါင်း(၁၀)ခုအထိ ပါဝင်နိုင်ရန် စီစဉ်ထားရှိပါသည်။
★ လုပ်ငန်းကုမ္ပဏီ(၁)ခုလျှင် တာဝန်ရှိသူ (၂)ဦး ပါဝင်တက်ရောက်နိုင်ပါသည်။
★ ဆွေးနွေးပွဲအတွက် လိုအပ်သည့်စားပွဲ၊ကုလားထိုင်များအား သင်တန်းကျောင်းဖက်မှ ကြိုတင်ပြင်ဆင်ထားရှိပါမည်။
★ Metro IT & Japanese Language Centre ၏ 1st Batch မှ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူစုစုပေါင်း(၂၀)ဦးနှင့် တိုက်ရိုက်တွေ့ဆုံ၍ အင်တာဗျူးပြုလုပ်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါသည်။
★ စီစဉ်ဆောင်ရွက်မှုအခြေအနေအရ ပါဝင်တက်ရောက်မည့် လုပ်ငန်းကုမ္ပဏီများအနေဖြင့် ဒီဇင်ဘာလ(၁၁)ရက်နေ့ နောက်ဆုံးထားပြီး email (သို့မဟုတ်) တယ်လီဖုန်းဖြင့် တာဝန်ရှိသူထံသို့ ဆက်သွယ်အကြောင်းကြား၍ စာရင်းပေးသွင်းနိုင်ပါသည်။

လိပ်စာ - 3rd Floor, Kyaw Business Tower Condo, Pansodan Street ( Middle Block ), Yangon.
တာဝန်ခံ - ဒေါ်ဝေဝေသင်း
Email : wai-wai-thin@metro-myanmar.com
Phone : 09-425949825, 01-372610

## အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင် တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့အား ရှာဖွေ၊ သိမ်းဆည်း အရေးယူမည်ဖြစ်ကြောင်း

# အသိပေးကြေညာခြင်း

* အထူးကုန်စည်များဖြစ်သည့် အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးတို့အား သတ်မှတ်ထားသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပြီးမှ ရောင်းချရန် သတ်မှတ်ထားပါသည်။
* သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသော ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချကြောင်း စိစစ်တွေ့ရှိရပါက တွေ့ရှိသည့် အဆိုပါအထူးကုန်စည်များကို အထူးကုန်စည်ခွန်ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည့်အပြင် အောက်ပါအတိုင်း ဒဏ်ငွေကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်-
  - လက်ဝယ်ထားရှိရောင်းချသူသည် သိမ်းဆည်းခြင်းခံရသည့် အထူးကုန်စည် တန်ဖိုး၏ ၁၀၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်။
  - ဖမ်းဆီးရမိသောအထူးကုန်စည်များသည် ပြည်တွင်း၌ထုတ်လုပ်သော အထူးကုန်စည် ဖြစ်ပါက ယင်းကုန်စည်ကို ထုတ်လုပ်သူကလည်း ယင်းအထူးကုန်စည် တန်ဖိုး၏ ၅၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
* အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင်တင်သွင်းထားသော ပြည်ပနိုင်ငံထုတ် ဘီယာအမျိုးမျိုးတို့ကို ရှာဖွေဖော်ထုတ် သိမ်းဆည်းရန် ဈေးကွက်အတွင်း ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းအား အထူးကုန်စည်ခွန်ဥပဒေတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
* သို့ဖြစ်ပါ၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချခြင်းမပြုလုပ်ကြပါရန် ကြိုတင်အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၂-၂၀၁၇ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၆)ပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၌ တိရစ္ဆာန်သုံး ဆေးဝါး(၁၂)မျိုး (၂၀၄၂)ပါကင်အစား (၁၉၈၆)ပါကင်နှင့် တိရစ္ဆာန်အစာ (၃၁၁)တန်အစား (၁၃၈)တန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်-မန္တလေး
## မန္တလေးမြို့
## (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

သူနာပြုတက္ကသိုလ်-မန္တလေး၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ ယင်းဘွဲ့နှင်းသဘင်အခမ်းအနားသို့ အထူးပြုသူနာပြုဒီပလိုမာ (၉)လ (၁/၂၀၁၇)သင်တန်း၊ စတုတ္ထနှစ် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁/၂၀၁၇) သင်တန်း၊ ဒုတိယနှစ် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) (၁/၂၀၁၇)သင်တန်း နှင့် ဒုတိယနှစ် သူနာပြုမဟာသိပ္ပံဘွဲ့(၁/၂၀၁၇)သင်တန်း ဘွဲ့ရစာမေးပွဲများကို အောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

**ကျင်းပမည့်ရက်** - ၂၇-၁-၂၀၁၈ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးတက္ကသိုလ်
**အစမ်းလေ့ကျင့်မည့်နေ့ရက်** - ၂၆-၁-၂၀၁၈ ရက် (သောကြာနေ့)
**အစမ်းလေ့ကျင့်မည့်အချိန်** - မွန်းလွဲ ၂း၀၀ နာရီ
**ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
**အဝေးရောက် ဘွဲ့နှင်းသဘင်ကြေး** - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ/-)
**လျှောက်လွှာ လက်ခံမည့်ရက်** - ၁-၁၂-၂၀၁၇ ရက်မှ ၅-၁-၂၀၁၈ ရက်ထိ

ဘွဲ့နှင်းသဘင်တက်ရောက်ခွင့် လျှောက်လွှာပုံစံများကို သူနာပြုတက္ကသိုလ်-မန္တလေး ကျောင်းသားရေးရာဌာနစိတ်မှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး (၁½×၂)လက်မ ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် ပူးတွဲလျက် သတ်မှတ်ရက်အတွင်း တင်သွင်းကြရမည်။

**မှတ်ချက်။** ဘွဲ့ဝတ်ရုံငှားရမ်းခွင့် လျှောက်လွှာကို (၁)ပတ်ကြိုတင်၍ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ၎င်းတက္ကသိုလ်ကျောင်းသားရေးရာဌာနစိတ် (ဖုန်း-၀၂-၈၀၄၀၅)(လိုင်းခွဲ-၁၂၀)သို့ ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

**စိုးမိုးအောင်**
**လက်ထောက်မော်ကွန်းထိန်း**
**သူနာပြုတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Server - (1)Lot
Brand: Dell
Country: USA
(Sever Installation လုပ်ငန်းပါဝင်သည်။)

၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၂၂-၁၂-၂၀၁၇ ရက် ညနေ ၁၆း၃၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။
၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။
၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့်ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၃၀၅၊ ဖက်စ်-၀၆၇-၃၄၁၀၄၀၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

